# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၈၈)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

၂၀၁၅ ခုနှစ်၊ မေ ၆ ရက်၊ တနင်္လာနေ့။


**သုဘာသိတာ စ ယာ ဝါစာ မင်္ဂလာ**

မှန်ကန်၍ အကျိုးရှိသော စကားကို ချိုသာစွာ ပြောဆိုခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

# ဇေယျာသီရိမြို့နယ်ရှိ ရှင်သာမဏေလောင်း ၅၇၇ ပါးတို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သာသနာ့ဘောင်အတွင်း သွတ်သွင်း

သတင်း၊ စာမျက်နှာ » ၃

**ယနေ့ မာတိကာ**

အသက် ၁၀၀ ရှိ ဂျပန်အမျိုးသမီး ရေကူးသမား မီတာ ၁၅၀၀ မာစတာရေကူးပြိုင်ပွဲတွင် ပန်းဝင်

စာမျက်နှာ-၄

ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား မှ တာဝန်ရှိသူများက အင်ဒိုနီးရှားတွင် ရေလုပ်သားများအဖြစ် အတင်းအကျပ် ခိုင်းစေခံရသော မြန်မာနိုင်ငံသားများကို ကယ်တင်ရန်လုပ်ဆောင်လျက်ရှိ

စာမျက်နှာ-၅

မဏ္ဍပ်များ၏ နောက်ခြမ်းဆီ

ဆောင်းပါး စာမျက်နှာ-၆

## ဆောင်းမြေပဲလှိုင်လှိုင်ပေါ်ချိန် ဈေးကောင်းရ၍ တောင်သူများအကျိုးအမြတ်ရ



စစ်ကိုင်းမြို့ ပွဲရုံတစ်ရုံ၌ မြေပဲများ လာရောက်ရောင်းချနေမှုကို တွေ့ရစဉ်။

(သတင်း၊ စာမျက်နှာ- ၁၀) မျိုးဝင်း(စစ်ကိုင်း)

## နိုင်ငံတကာ စံချိန်မီလုပ်သားများ ပေါ်ပေါက်လာစေရန် မွေးထုတ်ပေးနိုင်တော့မည့် သီလဝါအထူးစီးပွားရေးဇုန်

တွေ့ဆုံမေးမြန်း-မြတ်သန္တာမောင် ➤ ဓာတ်ပုံ-အငယ်လေး

ရန်ကုန် မေ ၅

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့သည် မြန်မာ-ဂျပန် သီလဝါအထူးစီးပွားရေးစက်မှုဇုန်ကို အကောင်အထည်ဖော်ရန် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေး စက်မှုဇုန်ကို လုပ်ငန်းစတင်အကောင်အထည်ဖော်ခဲ့သည်။ သီလဝါအထူးစီးပွားရေးဇုန်တွင်သာမကဘဲ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် အထူးစီးပွားရေးဇုန်အားလုံး၏ အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖြစ်လာစေရန်ပင်ဖြစ်သည်။

ကောင်းမွန်သည့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်လာမှသာလျှင် ပြည်ပရင်းနှီးမြှုပ်သူများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ၏

စာမျက်နှာ ၁၁ ကော်လံ ၁ ◆



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မင္ဂပါနာစ သံယမော

“မဇ္ဇပါနာစ သံယမော” မူးယစ်သေစာများ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းသည် မင်္ဂလာတရားပင်ဖြစ်၏။ အရက်ဘီယာ၊ မူးယစ်ဆေးဝါးထုံထိုင်းစေသော အရာအားလုံးတို့သည် မူးယစ်သေစာများပင်ဖြစ်၏။ ထိုမူးယစ်သေစာများသုံးစွဲခြင်း၊ သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ဘေးအန္တရာယ်ဖြစ်မည်ကို ရှောင်ကြဉ်ခြင်းဖြစ်၍ မင်္ဂလာပင်ဖြစ်၏။ တစ်နည်းအားဖြင့် အပြစ်ကင်းစွာ နေထိုင်ခြင်းပင်ဖြစ်၏။

မကြာမီ မြန်မာတို့နှစ်သစ်ကူးသင်္ကြန်ကာလသို့ ရောက်ရှိပေတော့မည်။ နှစ်သစ်ကူးနှင့်အတူ လူငယ်တွေလည်းပျော်ကြမည်။ လူကြီးတွေလည်း ပျော်ကြမည်။ ရေပက်ကစား၍ ပျော်မည်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများနှင့် ပျော်မည်။ နှစ်သစ်ကူးတွင် အပျော်နည်းရမည်။ ထိုအထဲတွင် မူးယစ်သောက်စားပျော်ပါးသူများလည်းရှိဦးမည်။ စိတ်ကြွဆေးများသုံး၍ ပျော်တတ်သူများလည်း ရှိနိုင်သည်။ မူးယစ်သောက်စားပျော်ပါးခြင်းသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ တစ်စုံတစ်ခုသော ဘေးအန္တရာယ်ကို ဖြစ်စေနိုင်သည်။

ထို့ကြောင့်လည်း ၁၃၇၆ ခုနှစ် မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူများအနေဖြင့် စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အပါအဝင်နိုင်ငံတစ်ဝန်းလုံး၌ မှူခင်းကြိုတင်ကာကွယ်ခြင်းအဖြစ် ခိုး၊ ဆိုး၊ လု၊ နှိုက်များ ဖမ်းဆီးအရေးယူခြင်းကို စီမံချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးဝါးများသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းများ မရှိစေရေးအတွက် ပညာပေးဆွေးနွေးမှုများကိုလည်း ခရိုင်၊ မြို့နယ်အသီးသီးတို့၌ ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်ဝန်ထမ်းများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများပါဝင်သောအဖွဲ့များနှင့်အတူ နယ်မြေအတွင်းရှိ ဆေးဆိုင်ပိုင်ရှင်များအား တွေ့ဆုံကာ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်(၁၄) မြို့နယ်၌ ၈၂ ကြိမ်၊ အနောက်ပိုင်းခရိုင် ၁၃ မြို့နယ်၌ ၄၃ ကြိမ်၊ မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်၌ ၃၇ ကြိမ်၊ တောင်ပိုင်းခရိုင် နှစ်မြို့နယ်၌ငါးကြိမ် ပညာပေးဟောပြောခြင်းနှင့် ဆေးဆိုင်ပိုင်ရှင်များအား အသိပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်းနှင့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အလားတူဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

ဤသို့ အသိပညာပေးအစီအစဉ်နှင့်အတူ ဥပဒေကြောင်းအရ တွဲဖက်ဆောင်ရွက်ရသည့် သဘောရှိပါသည်။ ပညာပေးအစီအစဉ်နောက်တွင် ဥပဒေအရအရေးယူဆောင်ရွက်မှုများ ရှိလာနိုင်ပါသည်။ သို့ပါ၍ သင်္ကြန်ကာလအတွင်း အရက်သေစာများ အလွန်အကျွံသောက်သုံးခြင်း၊ စိတ်ကြွဆေးများ သုံးစွဲခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများမရှိအောင် မဇ္ဇပါနာစ သံယမော မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

# မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်းပေါ်၌ ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်


**နေပြည်တော် မေ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း ကတ္တရာခင်းပြီးစီးမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၃)မှ တည်ဆောက်နေသော အရှည်ပေ ၄၈၀ ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကမ်းကပ်ခုံ နှစ်ဖက်(A1)နှင့်(A2)ဆောင်ရွက်ပြီးစီးမှု၊ ရေလယ်တိုင် (A4)ပြီးစီးမှုနှင့် (P1)၊ (P2) နှင့် (P3) Bored Pile တူးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း မိုင်တိုင် အမှတ်(၀/၀ မှ ၈/၂)အထိ ဥတ္တရခရိုင်မှ ကတ္တရာလမ်းသစ်ခင်းခြင်း၊ အမာခံလမ်းပခုံးဆောင်ရွက်ခြင်း၊ လမ်းဘေးဝဲ/ယာရေမြောင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၈/၂ မှ ၂၂/၀)အထိ ဒက္ခိဏခရိုင်မှ ပေါင်းလောင်းတံတားချဉ်းကပ်လမ်းလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေပြွန်များဆောင်ရွက်ထားရှိမှု၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ ပေါင်းလောင်းမြစ်ကူးတံတားသည် မွန်းတည့်ခွင်- ကျည်တောင်-ခေါမ- နေပြည်တော်ပတ်လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ ကိုယ်ထည် သံကူကွန်ကရစ်၊ အပေါ်ထည် R.C.C Girder, Plate Girder နှင့် သံကူကွန် ကရစ် ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည်ပေ ၄၈၀၊ ယာဉ် သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ် နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေ ခြောက်လက်မစီပါရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်းသည် ကတ္တရာလမ်း အရှည် ၂၂ မိုင်ရှိပြီး အဆိုပါလမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ပြီးစီးပါက အဆိုပါလမ်းကို အသုံးပြုသွားလာနေသော ကျေးရွာပေါင်း ၄၀ မှ ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးတို့မှာလည်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနှင့် ဂျာမနီနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး



**နေပြည်တော် မေ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံအစိုးရတို့အကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၁၀ နာရီခွဲက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်း၊ ဦးထင်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mr.Christian Ludwig Weber-Lortsch ဦးဆောင်သည့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံအစိုးရတို့အကြား ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဂျာမနီနိုင်ငံအစိုးရ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးတို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့တွင် ပိုမို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး မြန်မာ-ဂျာမနီနှစ်နိုင်ငံအစိုးရတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာစေမည် ဖြစ်သည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ယနေ့အထိ ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံသို့ပေးအပ်သည့် အကူအညီ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆၁၃ မီလီယံ ရှိကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

# မီးဘေးကြိုတင်ကာကွယ်

**နေပြည်တော် မေ ၅**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်းရှိ သရဖီဈေးတွင်မေ ၃ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြပွဲ ကျင်းပသည်။

အခမ်းအနားတွင် သရဖီဈေးတာဝန်ခံ ဦးလွင်မင်းထွန်း၊အမှတ် (၅) မီးသတ်စခန်းမှူး ဦးမောင်မောင်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ဖွံ့ဖြိုးမှုအထောက်အကူပြု အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ပြီး မီးသတ်ကားဖြင့် မီးငြိမ်းသတ်နေမှုတို့ကို နယ်မြေခံ မီးသတ်စခန်းမှူး ဦးမောင်မောင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့သည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၄-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၈-၁၀၈၂ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။

## လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

ပြည်တွင်းသတင်း

# ဇေယျာသီရိမြို့နယ်ရှိ ရှင်သာမဏေလောင်း ၅၇၇ ပါးတို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သာသနာ့ဘောင်အတွင်းသွတ်သွင်း

**နေပြည်တော်  မေ  ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဇနီး ဒေါ်ခင်လေးသက်နှင့် အလှူရှင်တို့က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများ၏ သားလှရတနာ ရှင်သာမဏေလောင်း ၅၇၇ ပါးတို့အား ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်အတွင်း ပဗ္ဗဇ္ဇအမွေရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခြင်း စုပေါင်းရှင်ပြုပွဲကို ဇေယျာသီရိမြို့နယ်အတွင်း မေ ၃ ရက်မှ ၆ ရက်အထိ ၄ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

မေ ၃ ရက် နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အလှူတော်မင်္ဂလာမဏ္ဍပ်၌ ရှင်သာမဏေလောင်း ၁၆၇ ပါးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခဲ့သည်။

အလားတူ မေ ၄ ရက် နံနက်ပိုင်းတွင် ကျောက်ချက်ကျေးရွာ မဇ္ဈိမသုခ လယ်ပြင်ဦးကျောင်းတိုက်၌ ရှင်သာမဏေလောင်း ၉၇ ပါးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခဲ့သည်။

ထို့အတူ မေ ၅ ရက် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာ ရွှေကျောင်း၌ ရှင်သာမဏေလောင်း ၁၉၅ ပါးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခဲ့သည်။

အလှူတော်မင်္ဂလာအဝင်နေ့များတွင် ညနေပိုင်း၌ ရှင်လောင်းလှည့်ခြင်း၊ ရှင်လောင်းများဆံချခြင်း၊ ရှင်သာမဏေများအား သက်န်းတောင်း၊ သက်န်းစည်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီး အလှူတော်မင်္ဂလာနေ့များတွင် နံနက်ပိုင်း၌ မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာနှင့်အညီ ရှင်သာမဏေများအား အာရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပင့်သံဃာများအား လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းခြင်း **(ယာပုံ)**နှင့် ရေစက်ချတရားနာခြင်း၊ ပင့်သံဃာများနှင့် ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အလားတူ မေ ၆ ရက်တွင် ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာ ဝိဇ္ဇာသိပ္ပံကျောင်းတိုက်၌ ရှင်သာမဏေလောင်း ၁၀၈ ပါးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခြင်း အလှူတော်မင်္ဂလာတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။



အဆိုပါ အလှူတော်မင်္ဂလာအခမ်းအနားများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဇနီး ဒေါ်ခင်လေးသက်နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

**(သတင်းစဉ်)**

# ကလောမြို့နယ် ဟိုပုံးမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲဖြေ



**တောင်ကြီး  မေ  ၅**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မေ ၄ ရက် မွန်းလွဲတွင် ကလောမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့ အစိုးရပါဠိ ပထမပြန်စာမေးပွဲ လေးရက်မြောက် ဖြေဆိုနေမှုတို့ကို ကြည့်ရှုဖူးမြော်သည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တ ပညာဝံသနှင့် မြို့နယ်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလတို့အမှူးပြုသော စာမေးပွဲကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

မေ ၅ ရက် မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက်သို့ သွားရောက်၍ အစိုးရပါဠိပထမပြန်စာမေးပွဲ အငယ်တန်းနောက်ဆုံးနေ့ ဖြေဆိုနေမှုကို ကြည့်ရှုဖူးမြော်သည်။

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့၊ဥက္ကဋ္ဌ ဘဒ္ဒန္တအာလောကအမှူးပြုသော ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အစိုးရပါဠိ ပထမပြန်စာမေးပွဲဖြေဆိုနေမှုတို့ကိုကြည့်ရှုဖူးမြော်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒာ ဘိဝံသ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနာယကနှင့် အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ ဂုနဝံသာလင်္ကာရ အမှူးပြုသော ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တောင်ကြီးမြို့ မူလမင်းကွန်းပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသီရိ၊ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဥတ္တရနှင့်အဖွဲ့ဝင်ဆရာတော်များအား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

တစ်နိုင်ငံလုံးအနေဖြင့် စာဖြေဌာန ၂၃၈ ဌာန၌ ပထမကြီးတန်းဖြေဆို သံဃာ၊ သီလရှင် ၁၁၄၉၁ ပါး၊ ပထမလတ်တန်းဖြေဆိုသံဃာ၊ သီလရှင် ၁၁၄၁၅ ပါး၊ ပထမငယ်တန်းဖြေဆိုသံဃာ၊ သီလရှင် ၂၂၂၂၅ ပါး၊ စုစုပေါင်းစာဖြေသံဃာ၊ သီလရှင် ၄၅၁၃၁ ပါး ဖြေဆိုကြသည်။

မေ ၆ ရက်တွင် ပထမပြန်အလတ်တန်းစာမေးပွဲနှင့် ၇ ရက်နေ့တွင် ပထမပြန်အကြီးတန်းစာမေးပွဲများ ဖြေဆိုပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော်  မေ  ၅**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် စာဖြေဌာန ၂၃၈ ဌာနတို့၌ ဖြေဆိုကြသည်။

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စ ာရင်းသွင်း သံဃာ၊ သီလရှင်စုစုပေါင်း ၅၉၂၂၇ ပါး အနက် ၄၅၁၃၁ ပါးဖြေဆိုကြသဖြင့် ၇၆ ဒသမ ၂၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားမြို့နယ်၌ ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော်  မေ  ၅**

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မေ ၁ ရက်မှ မေ ၁၅ ရက်အထိ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၇)အုပ်စုမှ ကျေးရွာ ၄၂ ၌ စာသင်ဝိုင်း ၆၅ ဝိုင်းဖြင့် စာသင်သားဦးရေ ၆၅၇ ဦးကို သင်ကြားပေးလျက်ရှိသည်။ အဆိုပါ ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်သည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွှန့်နှင့်တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်အရှေ့ဘက်ခြမ်း ကျေးရွာများဖြစ်သည့် ဝဲကြီးနှင့် ဇီးရိုင်းကျေးရွာများသို့သွားရောက်၍ စာသင်ပေးမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စာရေးကိရိယာများနှင့် သင်ကြားပို့ချပေးနေကြသည့် မိတ္ထီလာတက္ကသိုလ်မှကျောင်းသားကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍နတ်သူရဲကျေးရွာ၊ သစ်စိမ့်ပင်ကျေးရွာ၊ ကူတို့ဆိပ်ကျေးရွာ၊ ဇီးဖြူပင်ကျေးရွာများသို့သွားရောက်၍ သင်ကြားပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စာရေးကိရိယာများနှင့် စာအုပ်/စာစောင်များကို ပေးအပ်ကာ သင်ကြားပို့ချပေးနေကြသည့် ဆရာ/ဆရာမများအား နေပြည်တော်ကောင်စီမှ အထူးပင်ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၏ ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၆၅ ဦး၊ အုပ်ချုပ်ကြီးကြပ်သူ ခုနစ်ဦး စုစုပေါင်း ၇၂ ဦးတို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မိုးလေဝသ အခြေအနေ

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။**

နိုင်ငံတကာသတင်း

# မြောက်ကိုရီးယား တာတိုဒုံးကျည်လေးစင်း စမ်းသပ်ပစ်လွှတ်



**ပြုံယမ်း ဧပြီ ၅**

မြောက်ကိုရီးယားက ၎င်း၏အနောက်ဘက် ကမ်းရိုးတန်းပင်လယ်အတွင်း တာတိုပစ်ဒုံးကျည်လေးစင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်တာဝန်ရှိသူများက ပြောသည်။

အဆိုပါဒုံးကျည်များသည် အကွာအဝေး ၈၇ မိုင်အထိ ပစ်ခတ်နိုင်ကြောင်း၊ တောင်ကိုရီးယားစစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။ ယင်းဒုံးကျည်များကို သောကြာနေ့မွန်းလွဲပိုင်းတွင် နိုင်ငံမြောက်ပိုင်းမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆန့်ကျင်သောအားဖြင့် ဒုံးကျည်များမကြာခဏ စမ်းသပ်ပစ်ခတ်လေ့ရှိသည်ဟုလည်း ကြေညာချက်တွင် ဖော်ပြသည်။ နှစ်ပတ်လည်စစ်ရေးလေ့ကျင့်မှုများသည် ကာကွယ်ရေးအတွက် လေ့ကျင့်မှုသာဖြစ်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားတို့က ပြောသည်။

သို့သော်လည်း ပြုံယမ်းကမူ ကျူးကျော်တိုက်ခိုက်ရေးအတွက် လေ့ကျင့်နေခြင်းဖြစ်သည်ဟု မှတ်ချက်ပြုပြောကြားသည်။ ထိုသို့သော အကြောင်းများကြောင့် ကိုရီးယား နှစ်နိုင်ငံသည် တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။ **(ဘီဘီစီ)**

# ကင်ညာတက္ကသိုလ် တိုက်ခိုက်ခံရမှု ဝမ်းနည်းဖွယ်နေ့အဖြစ် သုံးရက်ကြာကျင်းပ

**နိုင်ရိုဘီ ဧပြီ ၅**

အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ကျောင်းသား ကျောင်းသူ ၁၄၈ဦး သေဆုံးခဲ့ရခြင်းအတွက် ကင်ညာနိုင်ငံ၌ သုံးရက်ကြာ ဝမ်းနည်းဖွယ်နေ့ အထိမ်းအမှတ်စတင်ကျင်းပခဲ့သည်။

ကြာသပတေးနေ့က ဂါရစ္စတက္ကသိုလ်တိုက်ခိုက်မှုအတွင်း သေဆုံးသွားသူများအား အမှတ်တရနေ့အဖြစ် အီစတာအခမ်းအနားများလည်း ကျင်းပမည်ဖြစ်ကြောင်း၊ အလံတိုင်များကို ထက်ဝက်လျှော့ချလွှင့်ထူမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါတိုက်ခိုက်မှုကို အပြင်းထန်ဆုံး တုံ့ပြန်မှုများဖြင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း သမ္မတ ဉဟူရူကင်ညက်တာက ပြောသည်။ ယခုအထိ သေဆုံးသူ ၅၄ ဦး၏ ရုပ်အလောင်းများကို နိုင်ရိုဘီမြို့ ဗလီတစ်ခု၌ ဆွေမျိုးများက အတည်ပြုစစ်ဆေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကင်ညာကြက်ခြေနီအဖွဲ့က ပြောသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း အသက်ရှင်ကျန်ရှိနေသော ကျောင်းသား ကျောင်းသူ ၆၀၀ နှင့် ဝန်ထမ်းများကို ၎င်းတို့၏ ဇာတိမြို့များသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ကျန်ရစ်သူအများစုသည် ကယ်ဆယ်ရေးစင်တာအဖြစ် ထူထောင်ထားသော နိုင်ရိုဘီမြို့ ညာယိုအမျိုးသားအားကစားရုံ၌ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းနိုင်ခဲ့ကြသည်။ သေဆုံးသူ ၁၄၈ ဦးတွင် အားလုံးနီးပါး ကျောင်းသား ကျောင်းသူများဖြစ်ကြပြီး ၇၉ ဦး ဒဏ်ရာရရှိခဲ့သည်။ **(ဘီဘီစီ)**

# ကျဆုံးခဲ့သော တရုတ်အာဇာနည်များကို တရုတ်ပြည်သူအပေါင်းက ဂုဏ်ပြု

**ပေကျင်း ဧပြီ ၅**

တရုတ်ပြည်သူလူထုသည် တနင်္ဂနွေနေ့တွင် ကျရောက်သော အုတ်ဂူရှင်းလင်းရေးနေ့၌ နိုင်ငံ့တော်လှန်ရေး အာဇာနည်များကို ချီးကျူးဂုဏ်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

တရုတ်အစိုးရက တော်လှန်ရေးအာဇာနည်များကို အောက်မေ့ချီးကျူးဖွယ် အမှတ်တရတစ်ခုအဖြစ် ဖွင့်လှစ်ပေးခဲ့သော အဆိုပါဝက်ဘ်စာမျက်နှာတွင် စုစုပေါင်းပြည်သူ သန်း ၂၀၀ နီးပါး ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

တရုတ်နိုင်ငံသုံး လူမှုကွန်ရက်များဖြစ်ကြသော ဆီနာနှင့်ဝီဘိုစာမျက်နှာများပေါ်တွင် "အာဇာနည်များဂုဏ်ပြုပါ" ဆိုသည့် ခေါင်းစဉ်သည် လူကြိုက်အများဆုံးထဲမှ တစ်ခုဖြစ်ပြီး ဝီဘိုသုံးစွဲသူ ၆၅၇၀၀၀ ကျော်က မှတ်ချက်များရေးသားခဲ့ပြီး ပြည်သူ ၅ ဒသမ ၆ သန်းက လွမ်းသူ့ကွန်ပျူတာဆော့ဖ်ဝဲဖြင့် ဖန်တီးထားသည့် ပန်းခွေများ ပေးပို့ခဲ့ကြောင်း သိရသည်။

အောက်မေ့သတိရဖွယ် အခမ်းအနားကို တရုတ်နိုင်ငံတစ်ဝန်းကျင်းပခဲ့ပြီး တရုတ်ပြည်သူအပေါင်းက အာဇာနည်သူရဲကောင်းများကို ဂုဏ်ပြုခဲ့ကြသည်။

အဆိုပါအုတ်ဂူရှင်းလင်းရေးပွဲ တရုတ်အခေါ်အားဖြင့် ချင်မင်ပွဲတော်သည် ချစ်ခင်မြတ်နိုးလေးစားရသော သွားလေသူများကို အောက်မေ့သတိရသောအားဖြင့် နှစ်စဉ် ဧပြီလ ၄ ရက်မှ ဧပြီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်လေ့ရှိသည်။ ယခု ၂၀၁၅ နှစ်တွင် အဆိုပါနေ့သည် ဧပြီလ ၅ ရက်နေ့တွင် ကျရောက်ခဲ့သည်။ **(ဆင်ဟွာ)**

# တူရကီတွင် ဖီနာဘာချီဘောလုံးအသင်း တိုက်ခိုက်ခံရ

**အစ္စတန်ဘူလ် ဧပြီ ၅**



တူရကီစူပါလိဂ် ထိပ်သီးအသင်း ဖီနာဘာချီက ရိုက်စပေါ်အသင်းကို ငါးဂိုး -တစ်ဂိုးဖြင့် အနိုင်ရပြီးနောက် တရာဇွန်လေဆိပ်သို့ ထွက်ခွာသွားစဉ် ၎င်းတို့၏ ဘတ်စ်ကားကို သေနတ်သမားတစ်ဦးက တိုက်ခိုက်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ကစားသမားများ ဒဏ်ရာရခြင်း မရှိခဲ့သော်လည်း ယာဉ်မောင်းကို ဆေးရုံသို့ပို့လိုက်ရသည်။

ယင်းတိုက်ခိုက်မှုကို အမြန်ဆုံး စုံစမ်းနေကြောင်း ဝန်ကြီးချုပ်အာမက် ဒါဗူတိုဂလူလာက ပြောသည်။

ယင်းတိုက်ခိုက်မှုအပေါ် တူရကီဘောလုံးအဖွဲ့ချုပ်က ရှုတ်ချခဲ့ပြီး မလုပ်သင့်သော လုပ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။ ကျွန်တော်တို့က ဘောလုံးကစားဖို့ ဒီကိုလာခဲ့တာပါ။ သေနတ်သမားရဲ့တိုက်ခိုက်မှုကိုခံယူဖို့ မဟုတ်ပါဘူးဟု ဖီနာဘာချီဘောလုံး အတွင်းရေးမှူးချုပ် မာမက်လူဆလူက ပြောသည်။

"ဘတ်စ်ကားကကျောက်တုံးကို ဝင်တိုက်ခဲ့တာပါ။ ဒါပေမယ့် ဒုတိယဖြစ်စဉ်က ကျည်ဆန်ပါတွေ့ခဲ့တယ်" ဟု တူရကီအရှေ့မြောက်ပိုင်း ထရာဇွန်မြို့ အုပ်ချုပ်ရေးမှူး အဗ္ဗဒူစီလီ အော့ကပြောသည်။

"နောက်ဆုံး သတင်းအရ သေနတ်ကိုပါ တွေ့ဖွယ်ရှိပါတယ်။ မကြာမီ အဖြေအတိအကျပြောနိုင်မှာပါ။ ကျည်ဆန်က ရိုင်ဖယ်သေနတ်ကျည်ဆန် ဖြစ်ပါတယ်" ဟု အဆိုပါအုပ်ချုပ်ရေးမှူးက ပြောခဲ့သည်။ **(ဘီဘီစီ)**

# အသက် ၁၀၀ ရှိ ဂျပန်အမျိုးသမီး ရေကူးသမား မီတာ ၁၅၀၀ မာစတာရေကူးပြိုင်ပွဲတွင် ပန်းဝင်



**တိုကျို ဧပြီ ၅**

အသက် ၁၀၀ နှစ်ရှိ ဂျပန်အမျိုးသမီးရေကူးသမား မီအိကို နာဂါအိုကာသည် စနေနေ့က ဂျပန်နိုင်ငံအနောက်ပိုင်း မက်ဆူရာမမြို့တွင်ကျင်းပသော မီတာ ၁၅၀၀ မာစတာရေကူးပြိုင်ပွဲတွင် တစ်နာရီ ၁၅ မိနစ် ၅၄ ဒသမ ၃၉ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။

၁၉၁၄ ခုနှစ်ဖွား မီအိကိုနာဂါအိုကာသည် ဂျပန်နိုင်ငံတောင်ပိုင်းတွင် တစ်ဦးတည်းနေထိုင်ခဲ့ပြီး ၎င်း၏ ဒူးဒဏ်ရာကို ပြန်လည်ကုစားရန် အသက် ၈၂ နှစ်တွင် ရေစတင်ကူးခဲ့ကြောင်း သိရသည်။ စိတ်ကူးစိတ်သန်း အသစ်တစ်ခုကို စတင်အောင်မြင်အောင် အကောင်အထည်ဖော်လုပ်ဆောင်၍ ဘယ်တော့မှ နောက်ကျခြင်းမရှိကြောင်းကို သူ၏ကြိုးစားမှုက သက်သေပြနေသကဲ့သို့ဖြစ်သည်။

အစပထမတွင် နာဂါအိုကာသည် ရေမည်သို့ကူးရမည်ကို မသိဘဲ ဒူးဒဏ်ရာကို သက်သာစေရန် ရေကူးကန်သို့လာ၍ လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ဖူးသည်။

အသက် ၈၂ နှစ်တွင် ရေကူးခြင်းကို စတင်နိုင်ခဲ့ခြင်းမှာ နော့ဟုခေါ်သော ဂျပန်ရိုးရာအကများကို ကခဲ့ဖူးသူဖြစ်သည်က တစ်ကြောင်း၊ ၎င်းအကသည် ရေကူးတတ်ရန် သူ့ကိုတွန်းအားတစ်ခုဖြစ်စေသည်က တစ်ကြောင်း စသည့်အကြောင်းကြောင်းတို့ကြောင့် သူရေကူးတတ်လာခြင်းဖြစ်သည်။

အသက် ၁၀၀ ရှိပြီဖြစ်သော ၎င်းသည် ဂျပန်နိုင်ငံ၏ အသက်ကြီးဆုံးရေကူးသမားဖြစ်ပြီး ဖီနာမာစတာ ကမ္ဘာ့ရေကူးချန်ပီယံပြိုင်ပွဲကိုပင် ဝင်ပြိုင်နိုင်သူ ဖြစ်သည်။ အသက် ၈၄ နှစ်တွင် ဂျပန်နိုင်ငံရှိ မာစတာရေကူးပြိုင်ပွဲကို စတင်ဝင်ရောက်ခဲ့ရာမှ အသက် ၈၈ နှစ်တွင် နယူးဇီလန်နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့မာစတာ ၂၀၀၂ တွင် မီတာ ၅၀ ပက်လက်ကူးဖြင့် ကြေးတံဆိပ်ရရှိခဲ့ကာ သူ၏အောင်မြင်မှုပုံရိပ်ကို ထင်ဟပ်စေခဲ့သည်။

၂၀၀၄ ခုနှစ်တွင် အီတလီနိုင်ငံ ရစ်စီအိုနီ၌ ကျင်းပသော မီတာ ၅၀၊ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ရေကူးပြိုင်ပွဲများတွင်လည်း ငွေတံဆိပ်သုံးခုကို ဆွတ်ခူးနိုင်ခဲ့သည်။

နာဂါအိုကာသည် အသက် ၉၀ တွင် နိုင်ငံလုံးဆိုင်ရာ အသိအမှတ်ပြုမှုကို မီတာ ၈၀၀ အလွတ်ကူးဖြင့် ဆွတ်ခူးရရှိခဲ့သည်။

၎င်းသည် လက်ရှိတွင် ကမ္ဘာ့အသိအမှတ်ပြုမှု ၂၄ ခုကို ရရှိခဲ့ပြီး တာတို၊ တာဝေး ရေကူးပြိုင်ပွဲများတွင် ဆုတံဆိပ်များ ပိုမိုရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

# မန္တလေးတွင် တန်ဖိုးနည်းအိမ်ရာ ၁၅၂၉ ခန်း တည်ဆောက်ပြီးစီး တည်ဆောက်ဆဲအခန်း ၈၀၀ ရှိ

**နေပြည်တော် မေ ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူများနှင့် ဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာတည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ဝန်ထမ်းအိမ်ရာများမှ အိမ်ခန်းပေါင်း ၇၁၈ခန်း၊ မန္တလေးမြို့(၂၆)လမ်းနှင့် (၂၇)လမ်းကြား၊ (၇၃)လမ်းနှင့် (၇၄)လမ်းကြားတွင် ဆောင်ရွက်လျက်ရှိသည့် စိတ္တရမဟီ အဆင့်မြင့်အိမ်ရာစီမံကိန်းတွင် Apartment များမှ ၁၄၄ ခန်း၊ ကွန်ဒိုအဆောက်အအုံများမှ ၁၃၅ ခန်း၊ Show Room Office and Others များမှအခန်း ၁၀၀၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တည်ဆောက်ပြီး လေးခန်းတွဲ လေးထပ် ၂၇ လုံးမှ အခန်းပေါင်း ၄၃၂ ခန်း၊ ထပ်မံတည်ဆောက်မည့် ရှစ်ခန်းတွဲ ငါးထပ်အလုံး ၂၀ မှအခန်းပေါင်း ၈၀၀ တို့ဖြစ်၍ တည်ဆောက်ပြီး အခန်းပေါင်း Units ၁၅၂၉ ခန်းနှင့် တည်ဆောက်ဆဲ အခန်း ၈၀၀ စုစုပေါင်းအခန်း ၂၃၂၉ အား ဆောင်ရွက်လျက်ရှိသည်။



ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၄ ရက်က အဆိုပါတည်ဆောက်လျက်ရှိသည့် မန္တလေး မြို့ စိတ္တရမဟီအိမ်ရာစီမံကိန်းနှင့် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်များအား ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

## သင်္ကြန်ကာလမှုခင်းကျဆင်းရေး ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

**နေပြည်တော် မေ ၅**

ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ မေ ၃ ရက်က သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။ အဆိုပါဟောပြောပွဲတွင် မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးညိုက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေး၊ စိတ်ကြွဆေးဝါးများ၊ ရက်လွန်ဆေးဝါးများ၊ တားမြစ်ဆေးဝါးများ ရောင်းချခြင်းမပြုရေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## သင်္ကြန်ကာလအတွင်း အများပြည်သူများသွားလာမှု လွယ်ကူအဆင်ပြေစေရေး အထူးရထားနှင့် မော်တော်ယာဉ်များ ပြေးဆွဲပေးမည်

**နေပြည်တော် မေ ၅**

၂၀၁၅ ခုနှစ် မေ ၁၁ ရက်မှ ၂၀ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်များအတွင်း နေပြည်တော်ရှိ ဗဟိုရုံးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ အခြားခရီးသွားပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုရုံးများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ရုံးအဖွဲ့မှူးဦးဝင်းနောင်က ယခင်နှစ်များတွင် သင်္ကြန်ကာလအတွင်း မြန်မာ့မီးရထားမှ ရထားနေရာများ စီစဉ်ပေးခဲ့မှုအခြေအနေများနှင့် ယခုနှစ်တွင် မြန်မာ့မီးရထားအပြင် ကုန်းလမ်းပို့ဆောင်ရေးမှ အထူးကားများနှင့်ပါ စီစဉ်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ဦးက ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် အထူးကားများ စီစဉ်ပေးမည့်အခြေအနေနှင့် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးအောင်မြင့်လှိုင်က နေပြည်တော်-ရန်ကုန် အသွားအပြန်ခရီးစဉ်များအတွက် အထူးရထားနှစ်စင်း၊ ပုံမှန်ရထားနှစ်စင်းတို့အပြင် အများပြည်သူများ သွားလာရေးအတွက် ထပ်မံလိုအပ်ချက်ရှိပါက မန္တလေး- ရန်ကုန် အမြန်ရထားများမှ ထုတ်နုတ်စီစဉ်ပေးမည့်အခြေအနေများ နေပြည်တော်မှ ကျန်လမ်းပိုင်းအသီးသီးသို့ စီစဉ်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ ရှင်းလင်းတင်ပြချက်များ အပေါ် တက်ရောက်လာသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များက သိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် သင်္ကြန်ကာလအတွင်း သွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် အများပြည်သူတို့၏ လိုလားချက်များနှင့်အညီ ဌာနအသီးသီး၏ သွားရောက်မည့် ခရီးစဉ်အတည်ပြုချက်အတိုင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



## မဟာသင်္ကြန်အကြိုကာလ မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မဟာသင်္ကြန်အကြိုကာလတွင် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာဖြင့် ရေကစားနိုင်ရေးအတွက် သင်္ကြန်အကြိုကာလမှစတင်ကာ ထိရောက်သော မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တရားမဝင်လိုင်စင်စိတ်ကြွဆေးဝါးများသုံးစွဲမှုကြောင့် မလိုလားအပ်သည့်ပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် ပညာပေးခြင်း၊ အရေးယူခြင်းတို့ကိုလည်း အရှိန်မြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ခိုး၊ ဆိုး၊ နှိုက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူသွားရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးအတွက် ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်သွားရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက သင်္ကြန်အကြိုကာလ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများနှင့် စီမံချက်ပါအတိုင်း အရှိန်မြှင့်ဆောင်ရွက်သွားမည့်အစီအမံများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

**နိုင်ငံ့တာဝန်ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်**

**ပြည်ထဲရေးဝန်ကြီးဌာန**
**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း**

(၁) ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာ၊ မီးသတ်ယာဉ်နှင့်ယာဉ်စက်ပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့်ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(၂) အဆိုပါပစ္စည်းများတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၂၂-၄-၂၀၁၅ရက်မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၁)တွင် ဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၅ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့်ကုမ္ပဏီ Profile စသည်တို့ကို တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်ပါသည်။

(၃) တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာမည်ဖြစ်ပါသည်။

(၄) အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့** | ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၄၁၂၀၄၅ |
| **(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** | ဖုန်း-၀၆၇-၄၃၁၃၇၃၊ ၄၃၁၃၉၆ |
| **(ဂ) အကျဉ်းဦးစီးဌာန** | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၄၃၁၄၂၀ |
| **(ဃ) မီးသတ်ဦးစီးဌာန** | ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၀၁-၆၆၀၅၄၄ |

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

**နိုင်ငံတကာသတင်း**

## ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှားမှ တာဝန်ရှိသူများက အင်ဒိုနီးရှားတွင်ရေလုပ်သားများအဖြစ် အတင်းအကျပ်ခိုင်းစေခံရသော မြန်မာနိုင်ငံသားများကိုကယ်တင်ရန်လုပ်ဆောင်လျက်ရှိ

**ဝရဇိန်**

ထိုင်းနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားသို့ လူကုန်ကူးခံရပြီး ရေလုပ်သားများအဖြစ် ခိုင်းစေခံနေရသော မြန်မာနိုင်ငံသားများကို အင်ဒိုနီးရှားတာဝန်ရှိသူများက ဘေးကင်းရာသို့ပြောင်းရွှေ့ပေးရန်လုပ်ဆောင်နေကြကြောင်း၊ ယင်းဖြစ်ရပ်ကို အေပီသတင်းဌာနကထုတ်ဖော်ရေးသားလိုက်ပြီးနောက်ပိုင်း အင်ဒိုနီးရှားအာဏာပိုင်များကအရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများမှာ ၂၀ ခန့်ရှိပြီး ၎င်းတို့ထဲတွင် လိုင်မင်းဆိုသည့် လူငယ်တစ်ဦးလည်းပါဝင်ကြောင်း၊ မြန်မာနိုင်ငံသားများမှာ ထိုင်းနိုင်ငံသားအများစုမောင်းနှင်သည့် ထိုင်းစက်လှေများဖြင့် အင်ဒိုနီးရှားသို့ ရောက်ရှိသွားခဲ့ကြောင်း၊ လူမှောင်ခိုများက မြန်မာနိုင်ငံသားများကို ထိုင်းနိုင်ငံရှိ စားသောက်ဆိုင်များ၌အလုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး လိမ်လည်ခေါ်ဆောင်ကာ နောက်ဆုံးတွင် အင်ဒိုနီးရှားနိုင်ငံ၌ ရေလုပ်သားများအဖြစ် အတင်းအကျပ်ခိုင်းစေခံခဲ့ကြကြောင်း၊ ယင်းမြန်မာနိုင်ငံသားများသည် အလုပ်ချိန် ၂၀ နာရီမှ ၂၂ နာရီအထိ အလုပ်လုပ်ခဲ့ရပြီး သန့်ရှင်းမှုမရှိသောသောက်ရေကို သောက်သုံးရကြောင်း၊ လုပ်ငန်းခွင်ထဲတွင် ထိုးကြိတ်ရိုက်နှက်ခြင်းအပါအဝင် ကိုယ်ထိလက်ရောက် နှိပ်စက်ခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါမြန်မာနိုင်ငံသားများကို အင်ဒိုနီးရှားအာဏာပိုင်များက ဘင်ဂျီနာကျေးရွာမှ ကျူရယ်ကျွန်းသို့ပြောင်းရွှေ့ပေးရန်လုပ်ဆောင်နေကြပြီး မြန်မာနိုင်ငံသားများနှင့် အတူပါရှိသော ထိုင်းနိုင်ငံသားများကိုမူ ဘင်ဂျီနာကျေးရွာ၌ ပင်ထားရှိဦးမည်ဖြစ်ကြောင်း၊ တချို့သော ရေလုပ်သားများမှာ ကျွန်းပေါ်တောစပ်များတွင် ပုန်းအောင်နေကြသဖြင့် သက်ဆိုင်ရာမှ ရှာဖွေကယ်ဆယ်နေကြဆဲဖြစ်ကြောင်း ဆိုသည်။

ယင်းဖြစ်ရပ်အပေါ် ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှားနိုင်ငံများမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး အင်ဒိုနီးရှားဆိုင်ရာမြန်မာသံရုံးကလည်း အင်ဒိုနီးရှားရောက် မြန်မာနိုင်ငံသားများစာရင်းကို မေ ၆ ရက်တွင် စတင်ကောက်ခံသွားမည်ဟုသိရသည်။

အင်ဒိုနီးရှားရေလုပ်ငန်းဝန်ကြီးဖြစ်သူ ဆူဆီပူဒီအီရာတူတီက တရားမဝင်ငါးဖမ်းခြင်းသည် လူတွေ၏ အသက်အန္တရာယ်ကို စိုးရိမ်ရကြောင်း၊ ယင်းကိစ္စကို မည်သူကမျှ မသိသလိုမည်သူကမျှလည်း အလေးမထားကြကြောင်း၊ ယခုဖြစ်နေသည့် ရေလုပ်သားများကိစ္စကိုတော့ လျင်မြန်စွာကိုင်တွယ်ဖြေရှင်း အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘင်ဂျီနာကျေးရွာနှင့်အနီးအနားတစ်ဝိုက်တွင် တရားမဝင်ရေလုပ်သား ၄၀၀၀ ခန့်ရှိကြောင်း ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ခန့်မှန်းထားသည်ဟု သိရသည်။ **(အေပီ)**

ဆောင်းပါး

*ဧပြီ ၆ ရက်ထုတ် The Voice Weekly အတွဲ(၁၁) အမှတ်(၁၂)တွင် ဖော်ပြထားသော ဆောင်းပါးအား ဂျာနယ်နှင့် စာရေးသူတို့၏ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။*

# မဏ္ဍပ်များ၏ နောက်ခြမ်းဆီ

ခက်ဇော်

**“ဖြူဖြူပြာပြာနီနီဝါဝါ ဝေဆာမြူးလို့လွင်… ဟောတစ်ရုံ ဟောတစ်ရုံ ပန်းမျိုးစုံတဲ့အပင်”**

မကြာမီမြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီး ကျရောက်တော့မည်။ သင်္ကြန်ပွဲတော်နှင့်အတူ အသားကျနေသော ရေကစားမဏ္ဍပ်များသည်လည်း အပြိုင်အဆိုင် ဆောက်လုပ်နေကြသည်။ သင်္ကြန်ပျော်လူငယ်များကလည်း အတာသင်္ကြန်ပွဲကို မီးကုန်ယမ်းကုန် ဆင်နွှဲရန် စီစဉ်နေကြပြီ။

ရန်ကုန်မြို့တော် သင်္ကြန်ရေကစားမဏ္ဍပ်များကား ဒီဇိုင်းစုံ၊ ကာလာစုံ၊ ဝန်ဆောင်မှုအစုံဖြင့် သင်္ကြန်ပျော်လူငယ်များကို ဆွဲဆောင်နေကြသည်။ နာမည်ကျော်အဆိုတော်များ၊ မော်ဒယ်များ၊ ဒီဂျေများနှင့်အတူ မဏ္ဍပ်များကား သင်္ကြန်၏ပျော်ရွှင်မှုကို ပို၍အရောင်တောက်စေမည်လား။

အဆိုပါ မဏ္ဍပ်များ၏ အနောက်ဘက်မျက်နှာတွင်ရော မည်သို့ရှိသနည်း။ “ကျွန်မကသင်္ကြန်ဆိုတာ ကြားတာနဲ့ကို သင်္ကြန်ပျော်မိန်းကလေးတွေအတွက် စိတ်ပူမိတယ်။ ကျွန်မကိုယ်တိုင်လည်း ကြုံခဲ့ရတော့ ပိုပြီးစိတ်ပူမိပါတယ်”ဟု သင်္ကြန်မဏ္ဍပ်များ၏ နောက်ခြမ်းဆီက အကျိုးဆက်ကို ကိုယ်တွေ့ကြုံတွေ့ခံစားခဲ့ရဖူးသည့် မဒါလီက ရင်ဖွင့်လာသည်။

မဒါလီသည် ယခုစင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည်။ သူမသည် ၂၀၁၂ ခုနှစ် သင်္ကြန်တွင် သင်္ကြန်ပျော်မိန်းကလေးပီပီ ခေတ်လွန်အဝတ်အစားများ ဝတ်လျက် ရေကစားခဲ့သူများထဲမှ တစ်ယောက်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် အလုပ်တစ်ဖက်နှင့် ကျောင်းတက်နေရာမှ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခေတ္တခဏ ပြန်လည်ရောက်ရှိလာခဲ့ပြီး သင်္ကြန်ပွဲတော်တွင် သူငယ်ချင်းများနှင့်အတူ ဝင်ရောက်နွှဲပျော်ဖြစ်ခဲ့သည်ဟု ဆိုသည်။

“အဲဒီနှစ်ကတောင် မဏ္ဍပ်ကြေးက VIP လက်မှတ်ဆိုတော့ တစ်သိန်းနှစ်သောင်းပေးရပါတယ်” ဟု သူမက ဆိုသည်။

ထိုစဉ်က သူမသည်ကန်တော်ကြီးပတ်လမ်းရှိ နာမည်ကျော်မဏ္ဍပ်တစ်ခုတွင် ရေကစားခြင်းဖြစ်သည်။ သူမတို့ ရေကစားသည့် နာမည်ကျော်မဏ္ဍပ်ကြီးတွင် အရက်ဘီယာများနှင့် အခြားမူးယစ်စေသည့် အရာမှန်သမျှကို ငွေပေးကာရယူနိုင်ခဲ့သည့်အပြင် မူးယစ်မှု၏အလွန် ကာမဆန္ဒဖြစ်လိုသည့် ချစ်သူစုံတွဲများအတွက် မဏ္ဍပ်၏ နောက်ကွယ်တွင်လည်း ဗီနိုင်းစ၊ ဝါးထရံစသည်တို့ဖြင့် ကာရံထားသော ငါးပေပတ်လည်အခန်းငယ်များ ပါရှိကြောင်း သူမကြုံခဲ့ရသည့် မဏ္ဍပ်ဖွဲ့စည်းပုံကို ပြောပြလာသည်။

“ပထမတစ်နှစ်ကစားတုန်းက မဏ္ဍပ်ပေါ်မှာ အရက်ဘီယာလောက်နှင့်တင်အဆင်မပြေတော့ဘူး။ အရမ်းကဲလို့ကောင်းတာကိုး . . .။ အဲဒီမှာ မဏ္ဍပ်ပေါ်မှာပဲ ရာဘတွေကလည်း အရောင်းအဝယ်ဖြစ်ကြတော့ ကျွန်မကိုယ်တိုင်ကလည်း သူငယ်ချင်းတွေရဲ့ ဆွဲဆောင်မှုကြောင့် သုံးဖြစ်သွားတယ်။ ကျွန်မတို့ဆေးချတော့လည်း နောက်အခန်းထဲမှာသွားချတာပေါ့။ အဲဒီမှာ တစ်ဖက်က အခန်းတွေကလည်း Sex ပိုင်းဆိုင်ရာတွေ အရှက်မဲ့ပြုမူနေတာကို တွေ့ရတော့လည်း အားလုံးကတစ်မျိုး မဟုတ်တစ်မျိုးမူးနေတော့ မြင်သူရော ယိုသူရော ရှက်ရမှန်းကိုမသိတော့ပါဘူး”ဟုဆိုကာ မဒါလီတစ်ယောက် မဏ္ဍပ်ပေါ်တွင် ကိုယ်တိုင်တွေ့ကြုံမြင်တွေ့ခဲ့ရခြင်းများကို အသေးစိတ် ရှင်းပြနေလေသည်။

ထို ၂၀၁၂ ခုနှစ်သင်္ကြန်မှစ၍ သူမ၏ဘဝသည် မူးယစ်သားကောင်ဘဝအဖြစ် လုံးဝကျရောက်သွားရာ မပြီးပြတ်သေးသည့် ပညာရေးဆက်လက်သင်ကြားရန်အတွက် စင်ကာပူသို့ပင် မပြန်နိုင်တော့။

မဒါလီသည် လူကုံထံအသိုင်းအဝိုင်းမှ မွေးဖွားလာသူပီပီ ငွေကြေးကို အတိုင်းထက်အလွန် သုံးစွဲနိုင်သူလည်း ဖြစ်ရာ သူမ၏မိဘများကလည်း ပြောဆိုဆုံးမ၍မရနိုင်တော့သော သမီးဖြစ်သူကို ရင်ထုမနာဖြစ်ကာ ထိုင်ကြည့်နေရုံမှအပ မည်သို့မျှမတတ်နိုင်ခဲ့ဟု ဆိုသည်။

“အဲဒီတုန်းက ဆေးတွေလည်းသုံး၊ ဘီယာလည်းသောက်၊ အဝတ်အစားဆိုမလုံ့တလုံဆိုတာမျိုးပဲ ရွေးဝတ်၊ မဏ္ဍပ်ပေါ်အပြတ်ကဲ၊ တွေ့သမျှမဏ္ဍပ်ပေါ်က ယောကျ်ားတွေနှင့်တွဲက၊ ကိုယ့်ကိုဘယ်သူကလာဖက်ပြီး ဘယ်သူကနမ်းမှန်းမသိ။ ဒါကိုပဲ အဲဒီချိန်က Feel တစ်မျိုးဖြစ်ခဲ့တာပေါ့”ဟု ၎င်းကဆိုသည်။

ယခုအခါ ဂျင်းပင်ကိုတီရှပ်လက်တိုနှင့် လုံလုံခြုံခြုံတွဲဝတ်ထားပြီး အသားအရေဝင်းမွတ်ကာ ရွှေအိုရောင်ဆံပင်ကို ကျောလယ်အထိချထားသည့် မဒါလီက အချောအလှစာရင်းဝင်တစ်ယောက်ဖြစ်သည်။ ထို့ပြင် မဒါလီသည် ထိုစဉ်က သင်္ကြန်တွင်းနာမည်ကျော်သွားသော နာမည်ကျော်မင်းသမီးတစ်လက်၏ သူငယ်ချင်းတစ်ဦးလည်းဖြစ်သည်။

“ကျွန်မက မိမဆုံးမဖမဆုံးမလိုကို ဖြစ်သွားတာ။ သင်္ကြန်ပြီးတော့ ဆေးစွဲတယ်။ အိမ်ကလည်းသမီးတစ်ယောက်တည်းပါတော့ ချစ်လည်းချစ်၊ အလိုလည်းလိုက် ဘာမှလည်းမပြောနိုင်တော့။ ကျွန်မအလွန်ဆိုးခဲ့တာ အဲဒီနောက်ပိုင်း ခန္ဓာကိုယ်အနှံ့ တက်တူးတွေထိုး၊ ဘီယာအချိန်ပြည့်သောက်၊ ဆေးချ၊ တကယ့်လမ်းဘေးစရိုက်ပဲ” ဟု မဒါလီတစ်ယောက် အတိတ်၏အရိပ်ဆိုးများကို ပြန်လည်တူးဆွလျက် ပြောပြလာသည်။

သူ၏သင်္ကြန်အတွေ့အကြုံက ၂၀၁၂ သင်္ကြန်မှာတင် မရပ်ပါ။

၂၀၁၃ ခုနှစ် သင်္ကြန်တွင်မူ ယခင်နှစ်ကဲ့သို့ ဆေးစွဲသည်ထက်ပိုမိုဆိုးရွားသော အတွေ့အကြုံကို သင်္ကြန်ရေကစားမဏ္ဍပ်များထံမှ မဒါလီလက်ဆောင်ရလိုက်သည်။ သူမဘဝနှင့်ခန္ဓာကို သင်္ကြန်မဏ္ဍပ်၏နောက်ကွယ် ဗီနိုင်းစ ကာထားသော အခန်းလေးများအတွင်း မည်သူမည်ဝါမှန်းမသိသူ၏ အဖျက်အဆီးခံခဲ့ရခြင်းပင်။

သင်္ကြန်ပြီး နှစ်လကြာသည့်အချိန် ဆေးခန်းပြကြည့်ရာမှာ သူမတွင် ကိုယ်ဝန်ရှိမှန်းသိခဲ့ရသည်။ မည်သူမည်ဝါ၏ လက်ချက်ဆိုသည်ကိုပင် ခေါင်းစဉ်မတပ်နိုင်ခဲ့သည့် အခြေအနေ။

ထိုအဖြစ်အပျက်များကြောင့် ချစ်လွန်း၍အလိုလိုက်ခဲ့သည့် မိဘများကပင် အရှက်လွန်ကာ သေကြောင်းကြံရန်ကြိုးစားခဲ့၍ မဒါလီတစ်ယောက် အသိတရားပြန်ဝင်လာခဲ့ခြင်းဖြစ်သည်ဟု မျက်ရည်များ တွင်တွင်စီးကျရင်း ရင်ဖွင့်ဆိုလာသည်။

“အတက်နေ့အပြတ်ကဲမယ်ဆိုပြီး မူးတာမှန်သမျှ အကုန်ချထားတော့ ကိုယ့်ကိုဘယ်သူကဘာလုပ်သွားမှန်းတောင်မသိဘူး၊ နှစ်လလောက်နေမှ ကိုယ်ဒီလိုဖြစ်တယ်ဆိုတာသိရတာ။ တကယ့်ကိုဘဝက ရုပ်ဆိုးလွန်းသွားပါတယ်။ တခြားမိန်းကလေးတွေ ကျွန်မလိုဖြစ်မှာတော့ ကြောက်တာအမှန်ပါ”ဟု ဆိုလာချိန်သည် မဒါလီ၏ အသက်အရွယ်က ၂၇ နှစ်သို့ ရောက်ရှိချိန်ဖြစ်ပြီး တစ်ချိန်ကကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးလှိုင်းဂယက်အားလုံးလည်း တည်ငြိမ်စပြုနေချိန်ဖြစ်သည့်အပြင် စင်ကာပူရှိ ဆော့ဖ်ဝဲကုမ္ပဏီတစ်ခု၌ပင် တာဝန်ထမ်းဆောင်နေပြီ ဖြစ်သည်။



သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုပင်ဖြစ်သော်လည်း ထိုပွဲတော်ကို အရုပ်ဆိုး၊ အကျည်းတန်အောင် ပြုလုပ်ခဲ့သူများက သူမကဲ့သို့ ခေတ်လွန်သင်္ကြန်ပျော်လူငယ်များပင် ဖြစ်သည်ဟု သူမက ထပ်မံဆိုပြန်သည်။

စည်းလွတ်ဝါးလွတ် ခေတ်ပေါ်သင်္ကြန်ယဉ်ကျေးမှုနှင့်အတူ ရေကစားမဏ္ဍပ်များ၏နောက်ကွယ်ရှိ နားနေခန်းဟူသော ဗီနိုင်းကာအခန်းကလေးများတွင် သူမကဲ့သို့ မိန်းကလေးအရေအတွက် မည်မျှအထိ ဘဝပျက်ခဲ့ပြီနည်း။



သင်္ကြန်ကာလ၌ မဏ္ဍပ်များတွင် အမျိုးသမီးငယ်များ၏ ရေကစားနေမှုကို တွေ့ရစဉ်။

မကြာခင်ရက်ပိုင်းတွင် နှစ်သစ်ကူးအတာသင်္ကြန် ကျရောက်တော့မည်ဖြစ်သည့်အတွက် သင်္ကြန်ပွဲတော်တွင် ပါဝင်နွှဲပျော်မည့် မိန်းကလေးများအနေနှင့် လိင်စိတ်လှုံ့ဆော်သည့်ဆေးဝါးများကို သတိပြုသင့်ပေသည်။

ထိုဆေးဝါးများသည် ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူ၍မရဘဲ တစ်ဖက်နိုင်ငံမှ သင်္ကြန်ပွဲတော်နီးကပ်သည့်ရက်များတွင် သီးသန့်တင်သွင်းလေ့ရှိကြောင်းလည်း ပန်းဆိုးတန်းရှိ လိင်ဆိုင်ရာဆေးဝါးများရောင်းချသူ ကိုမန်းနီးက ဆိုသည်။

“ကော်ဖီထုပ်၊ ပီကေရှိတယ်၊ နောက်မဏ္ဍပ်တွေက အရက်စပ်ထားတဲ့ပုံးတွေထဲထည့်ဖို့က အနံ့အရသာမပါတဲ့ တရုတ်ကလာတဲ့ ဆေးရှိတယ်။ အထူးသဖြင့် အမျိုးသမီးတွေစိတ်ကို ဘာမှမသိအောင်ဖြစ်စေတာ။ လိင်စိတ်ကြွစေတာမျိုးတွေ”ဟု ကိုမန်းနီးက ဆိုသည်။

၂၀၁၄ ခုနှစ်မတိုင်မီ အတာသင်္ကြန်ကာလများအတွင်းက လိင်စိတ်ကြွကော်ဖီ၊ ပီကေများသာသုံးစွဲမှုများရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် သင်္ကြန်ကာလမှ စတင်၍ တရုတ်နိုင်ငံထုတ် အနံ့အရသာမရှိသော 1ml အဖြူရောင် လိင်စိတ်ကြွဆေးပုလင်းများသုံးစွဲလာသည်ဟု ရန်ကုန်မြို့တော် သင်္ကြန်မဏ္ဍပ်များတွင် ရေကစားခဲ့သူ အသက် ၂၄ နှစ်အရွယ် ကိုထက်မျိုးထွန်းက ဆိုသည်။

အဆိုပါဆေးရည်မှာ ဝယ်ယူရလွယ်ကူသည့်အပြင် သုံးစွဲရာတွင်လည်း သောက်သုံးမည့် အချိုရည်များတွင် ထည့်သုံးရသည့်အတွက် လွယ်ကူသောကြောင့် သင်္ကြန်မဏ္ဍပ်များတွင် အများအပြားသုံးစွဲခဲ့ကြသည်။ ထိုလိင်စိတ်ကြွဆေးရည်များကို သာမန်အားဖြင့် သုံးစွဲရာတွင် 1ml တစ်ပုလင်းကို နှစ်ကြိမ်သုံးစွဲနိုင်ပြီး မိနစ် ၂၀ အကြာ လိင်စိတ်ပြင်းပြလာကြောင်း အဆိုပါဆေးညွှန်းများတွင် တရုတ်ဘာသာဖြင့် ရေးသားထားသည်။

သို့သော် ထိုဆေးရည်၏ နောက်ဆက်တွဲဆိုးကျိုးမှာ နှလုံးခုန်မြန်ကာ ဝမ်းသွားနိုင်သည့်အတွက် နှလုံးရောဂါအခံရှိသူများအတွက် အသက်အန္တရာယ်ရှိနိုင်ကြောင်း စိတ်ရောဂါ အထူးကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာဇော်မျိုးအောင်က ရှင်းပြလာသည်။

အသက်အန္တရာယ်နှင့် မကြုံတွေ့ရပါကလည်း နောက်ဆက်တွဲလူမှုရေးပြဿနာများဖြစ်သည့် အရွယ်မရောက်သေးမီ အိမ်ထောင်ပြုရခြင်း၊ အတူနေအမျိုးသားမှကူးစက်ရောဂါအခံရှိလျှင် ထိုရောဂါပါကူးစက်ခံရခြင်း၊ ထို့နောက် မည်သူမည်ဝါမှန်း တိကျစွာမဖော်နိုင်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းများ ဖြစ်လာနိုင်သောကြောင့် သင်္ကြန်ပွဲ နွှဲပျော်မည့်မိန်းကလေးများအတွက် အထူးစိုးရိမ်မိကြောင်း ၎င်းကဆိုသည်။

မဒါလီသည် ပိုက်ဆံရှိအသိုင်းအဝိုင်းမှဖြစ်သည့်အတွက် သူမ၏အရှက်သိက္ခာများကိုငွေကြေးဖြင့် ဖြေရှင်းနိုင်ခဲ့သော်လည်း ငွေကြေးမတတ်နိုင်သည့် မိန်းကလေးများ၏ ဘဝသည်ကား ထိုသင်္ကြန်သုံးရက်အပျော်လွန်မှုကြောင့် လမ်းဘေးရောက်သွားနိုင်သည့်အပြင် အသက်သေဆုံးခြင်းများပါ ဖြစ်ပေါ်နိုင်ကြောင်း ဒေါက်တာဇော်မျိုးအောင်က ဆိုလာသည်။

စိတ်ခါတ်မြူးကြွ ပျော်ရွှင်ဖွယ်ကောင်းသော တက္ကနိုမြူးဇစ်အရောင်စုံလူငယ်လူရွယ်များဖြင့် ပျော်ရွှင်ဖွယ်ရာအတိ ဖုံးလွှမ်းနေသော ရေကစားမဏ္ဍပ်များ၏ နောက်တွင် မိန်းကလေးများအတွက် ကြောက်မက်ဖွယ်ရာ ထောင်ချောက်များစွာကား ရှိနေသည်။

အရက်၊ ဘီယာတရားဝင်နည်းပါး သုံးစွဲခွင့်ရနေသော စိတ်ကြွဆေးဝါးများ၊ လိင်စိတ်ကြွစေသည့်ဟု ခေတုဆေးဝါးများ၊ မူးယစ်ထုံထိုင်း၍ အသိစိတ်ပျောက်ရှနေသည့် ဖိုမများမဏ္ဍပ်နောက်ဘက်မှ နားနေခန်းအမည်ခံ ဗီနိုင်းကာအခန်းလွတ်များ။

ယခုအခါ စင်ကာပူနိုင်ငံတွင်နေထိုင်ကာ သင်္ကြန်ပွဲတော်တွင်း မြန်မာနိုင်ငံကို ခေတ္တပြန်လာသော မဒါလီသည် လွန်ခဲ့သောနှစ်များက ခေတ်လွန်သင်္ကြန်၏ မဏ္ဍပ်ထောင်ချောက်များကို ဘဝနှင့်ရင်း၍ သိလိုက်ရသည်။

ယခုတော့ မဒါလီတစ်ယောက် သင်္ကြန်၏ အနှစ်သာရကို တည်ငြိမ်စွာ ရှာဖွေတွေ့ရှိခဲ့လေပြီ။

“ကျွန်မအခု ဆေးလည်းပြတ်ပြီ၊ ဒီနှစ်တရားစခန်းဝင်မယ်၊ ကျွန်မကိုပြီးခဲ့တဲ့သင်္ကြန်တွေက ဘဝသင်ခန်းစာတွေ အများကြီးပေးလိုက်ပါပြီ”ဟူ၍သာ။

*ပုဂ္ဂလိကမီဒီယာနှင့် နိုင်ငံပိုင်မီဒီယာများ၏ သဘောသဘာဝနှင့် ရပ်တည်ချက်မတူညီသော်လည်း အများပြည်သူကျယ်ပြန့်စွာ သိရှိစေရန်အလို့ငှာ ဖော်ပြခွင့်ပြုခြင်းဖြစ်ပါသည်။*

*(အယ်ဒီတာ၊ The Voice Weekly)*

ပြည်တွင်းသတင်း

# သီတဂူစကြ္ဝာဒါန ဆေးရုံတည်ဆောက်ရန် ပန္နက်တော်မင်္ဂလာနှင့် အလှူငွေပေးအပ်

**ရန်ကုန် မေ ၅**

သီတဂူစကြ္ဝာဒါန ဆေးရုံတည်ဆောက်ရန်ပန္နက်တော်တင် မင်္ဂလာနှင့်အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ဦးမင်းဆွေ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့် တက်ရောက်လာသူများက မဒေါက်မြို့ပန်းငွေရုံတောရ ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်နှင့် အလှူရှင် သီရိသုမေ္ဘသိင်္ဂီ ဒေါ်ရွှေသက်တို့က ဆရာတော်သံဃာတော်များထံ ပန္နက်တော်များ၊ ရွှေတူများနှင့် လှူဖွယ်များကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် သီတဂူစကြ္ဝာဒါန ဆေးရုံတည်ဆောက်မည့် မြေနေရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ဦးမင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်



ဦးစိုးပိုင်နှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းတို့က မင်္ဂလာပန္နက်ရိုက်ပေးကြသည်။

ထို့နောက် ပွန်တန်ဆာမြို့ ဇမ္ဗူအေးတောရ(အင်ဝိုင်း) ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယက ငွေကျပ်သိန်း ၅၀၀ နှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၁၅၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀၀ ကို အလှူရှင်များကိုယ်စား သီရိသုမေ္ဘသိင်္ဂီ ဒေါ်ရွှေသက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းပြီး ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တဥေယျမ္မာဘိဝံသမှ ဩဝါဒကထာချီးမြှင့်ကာ ညောင်လေးပင်မြို့နယ် မြို့နယ်သံဃနာယကဥက္ကဋ္ဌ(သုဓမ္မာ) မင်္ဂလာသုခ ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတက ရေစက်ချတရားတော်ချီးမြှင့်သည်။

**(သတင်းစဉ်)**

# လဟယ်မြို့ လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများစစ်ဆေး

**နေပြည်တော် မေ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ ရက် မွန်းလွဲပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့သွားရောက်၍ ကျောင်းအုပ်များ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသူများအားတွေ့ဆုံမှာကြားခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးအောင်ဆောင်ရွက်သွားကြရန်မှာကြားခဲ့ပြီး စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကလေးတက္ကသိုလ်၌ စာနယ်ဇင်းနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်းဖွင့်

**ကလေး မေ ၅**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ကလေးတက္ကသိုလ်တို့ ပူးပေါင်း၍ စာနယ်ဇင်းနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်းဖွင့်ပွဲကို မေ ၅ ရက် နံနက် ၉ နာရီက ကလေးတက္ကသိုလ် ကဘော်ခန်းမ(၃)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင်ကလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းတွင် ကလေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအပါအဝင် သင်တန်းသား သင်တန်းသူ ၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (မွေးမြူရေးဆိုင်ရာဆုများ)အတွက် ကွင်းဆင်းစစ်ဆေး

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် မွေးမြူရေးကဏ္ဍဆိုင်ရာ ရွေးချယ်ရမည့်ဆုများနှင့်ပတ်သက်ပြီး သတ်မှတ်စံနှုန်း အမှတ်ပေးစည်းမျဉ်းများနှင့်အညီ စိစစ်ရွေးချယ်နိုင်ရန် မွေးမြူရေးကဏ္ဍဆိုင်ရာဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မေ ၁ ရက်တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

မွေးမြူရေးကဏ္ဍဆိုင်ရာ ဆုချီးမြှင့်ရေးနှင့်ပတ်သက်၍ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုအတွက် အမှတ်ပေးစည်းမျဉ်း(၁၄)ချက်၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုအတွက် အမှတ်ပေးစည်းမျဉ်း(၁၇)ချက်၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုအတွက် အမှတ်ပေးစည်းမျဉ်း(၁၇)ချက် သတ်မှတ်ထားပြီး ယင်းသတ်မှတ်ချက်များနှင့်အညီ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့က ပဏာမစိစစ်ရွေးချယ်ခဲ့သည်။ ၎င်းရွေးချယ်ထားသူများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစီးသောအဖွဲ့ငယ်ငါးဖွဲ့ဖြင့် တာဝန်ပေးထားသော ပြည်နယ်/ တိုင်းဒေသကြီးများအလိုက် သတ်မှတ်အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကွင်းဆင်းစစ်ဆေးချက်များနှင့် ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများအပေါ် မူတည်၍ ဒုတိယဝန်ကြီးဦးစီးအစည်းအဝေးပြုလုပ် စိစစ်ရွေးချယ်ပါသည်။ ၎င်းရွေးချယ်မှုအရ ဒုတိယဝန်ကြီးကိုယ်တိုင် ထပ်မံကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရွေးချယ်ခြင်း ဖြစ်ပါသည်။

ဒုတိယဝန်ကြီးသည် မေ ၁ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ကျန်ကျေးရွာရှိ ဦးစောဘသိန်း၏ ဥစားကြက်မွေးမြူရေးခြံသို့လည်းကောင်း၊ ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာရှိ ဒေါက်တာအောင်မြင့်၏ ငါးမွေးမြူရေးလုပ်ငန်းအားလည်းကောင်း၊ တောင်သူကုန်းကျေးရွာရှိ ဦးဝင်းနိုင်၏ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့လည်းကောင်း သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

နေ့လယ်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ရှိ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုလုပ်ငန်းရှင် ဦးဝင်းတင်၏ မော်လမြိုင်ဟိုလ်ဒင်း အအေးခန်းစက်ရုံနှင့် ငါးမွေးကန်သို့လည်းကောင်း၊ ပေါင်မြို့နယ်၊ ဖလက်ကျေးရာရှိ ဦးအောင်ကျော်ထက်၏ စိုက်ပျိုးမွေးမြူရေးခြံသို့လည်းကောင်း သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● *ကျောဖုံးမှ*

ထပ်မံသွင်းယူပြီး ၅၆ မိနစ်တွင် ဘင်ဇီမာက ဂိုးသွင်းယူခဲ့သည်။ ဂရန်နာဒါအသင်းသည် ၇၄ မိနစ်တွင် တစ်လုံးတည်းသော သွင်းဂိုးကို အိုင်ဘာနက်ဇ်က သွင်းယူခဲ့သည်။ ၈၃ မိနစ်တွင် ဂရန်နာဒါ နောက်ခံကစားသမား ဒီယေဂိုမိန့်ဇ်၏ ဖျက်ထုတ်ဘောသည် ကိုယ့်ဂိုးကိုယ်သွင်းယူသလိုဖြစ်ခဲ့သည်။

ပွဲချိန် ၈၉ မိနစ်တွင် မိုဒရစ်ဖန်တီးပေးသောဘောလုံးကို စီရော်နယ်ဒိုက ထပ်မံသွင်းယူခဲ့သည်။ ရီးရဲအသင်းသည် ပွဲပြီးချိန်တွင် ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဘေးလ်တစ်ဂိုး၊ ဘင်ဇီမာနှစ်ဂိုး၊ စီရော်နယ်ဒိုငါးဂိုး၊ အိုဂျီတစ်ဂိုးဖြင့် ဂိုးမိုးရွာသွန်းခဲ့သည်။

* *ကျောဖုံးမှ*

ခေတ္တရပ်နားပြီး ထိုမှတစ်ဆင့် မိုင်တိုင်အမှတ်(၁၇၃)ရှိ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဖိုးကျားဆင်စခန်း၌ ညအိပ်ရပ်နားပြီး မေ ၆ ရက်နေ့တွင် နေပြည်တော်သို့ အရောက်ပို့ဆောင်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘန်လေနှင့်စပါး ဂိုးမရှိ သရေကျ

ပရီမီယာလိဂ် ပွဲစဉ်(၃၁) တနင်္ဂနွေပွဲစဉ်အဖြစ် ဘန်လေနှင့် စပါးတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။

ဘန်လေတို့က အိမ်ကွင်း၌ မရှုံးရန် ကြိုးစားသကဲ့သို့ စပါးတို့ကလည်း အနိုင်ရရှိရေး ကြိုးစားသော်လည်း နှစ်ဖက်စလုံး ဂိုးမသွင်းနိုင်ဘဲ သရေဖြစ်ခဲ့သည်။

ယခုပွဲအပြီး စပါးတို့က ၅၄ မှတ်ဖြင့် အဆင့် (၆)၌ ရပ်တည်နေပြီး ဘန်လေတို့က ရမှတ် ၂၆ မှတ်ဖြင့် အဆင့် (၁၈) တန်းဆင်းဇုန်နေရာ၌ ရပ်တည်နေသည်။

ဆန်းဒါးလန်းနှင့် နယူးကာဆယ်တို့ပွဲတွင် ဆန်းဒါးလန်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ဆန်းဒါးလန်းအတွက် အနိုင်ဂိုးကို ၄၅ မိနစ်တွင် တိုက်စစ်မှူး ဂျာမိန်းဒီဖိုးက သွင်းယူပေးသည်။

## ဥရောပဘောလုံး အနိုင်/အရှုံး

| | | |
|---|---|---|
| ဘော်ဒိုး | ၂-၁ | လန်းစ် |
| အော့စဘတ် | ၀-၀ | ရှော်လ်ကေး |
| အယ်လ်ခမာ | ၁-၄ | ဗီယင်န |
| အူးထရက် | ၁-၁ | အိုင်းယက်စ် |

ပြည်တွင်းသတင်း

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပြင်ဦးလွင်တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများအား တွေ့ဆုံအားပေး

နေပြည်တော် မေ ၅

ပြင်ဦးလွင်မြို့တွင်ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ရှိ သူရမချစ်ပို အုတ်ဂူသို့သွားရောက် ဂုဏ်ပြုပန်းခွေချခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်ရှိတပ်မတော်ဆေးရုံတွင် လောက်ကိုင် ဒေသတိုက်ပွဲများ၌ ဒဏ်ရာရရှိခဲ့ကြသဖြင့် ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသော တပ်မတော်သားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို တစ်ဦးချင်းပေးအပ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံခန်းမတွင် ကျင်းပသည့် နိုင်ငံတော်အတွက် အသက်ပေးဆက်သူ တပ်မတော်သားများနှင့် ဒဏ်ရာရတပ်မတော်သားများအား ဂုဏ်ပြုသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတို့ တက်ရောက် ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် အမျိုးသားလွှတ်တော်၏ ယခုခရီးစဉ်သည် နိုင်ငံတော်အတွက် အသက်စွန့် တိုက်ပွဲဝင်နေကြသော ရှေ့တန်းရောက်တပ်မတော်သားများ၊ တပ်မတော်သားများ နည်းတူ တိုက်ပွဲဝင်နေကြသည့် မိသားစုဝင်များ၊ ဆေးတပ်ဖွဲ့ဝင်များ၊ အလားတူ ကြက်ခြေနီ၊ မီဒီယာစသည့် ဆက်နွှယ်နေသူများကို အလေးပြုသည့် ဂုဏ်ပြုခရီးစဉ် ဖြစ်ပါကြောင်း။

တပ်မတော်၊ ကြက်ခြေနီ၊ မီဒီယာတို့နှင့်ပတ်သက်၍ လားရှိုးမြို့တွင် ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်သားများအနေဖြင့် ရှေးယခင်က ရှေ့တန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု အလွန်ချို့တဲ့ခဲ့ပါကြောင်း၊ အရေးပေါ်ကုသနိုင်ရေးအတွက် မော်ဖိန်း၊ အသက်ကယ်ဆေးများနှင့် ကျန်ဆေးဝါးများကို တပ်မတော်သားများကိုယ်တိုင် အရန်သင့်ဆောင်ထားရပါကြောင်း၊ မိမိတို့ခေတ်ကာလတွင် ငှက်ဖျားရောဂါသည် အဓိကရန်သူအဖြစ် ရှိနေခဲ့ပါကြောင်း၊ ရှေ့တန်းတွင် မိုင်းဒဏ်ရာရရှိပါက ရှေးဦးသူနာပြုစုမှုကောင်းမွန်မှုမရှိသည့်အတွက် ခြေဖျားခြေဆစ် မိုင်းထိလူနာများအနေဖြင့် ဒူးအထက်သို့တိုင် ဖြတ်တောက်ကုသမှုကို ခံခဲ့ရသည်များလည်း ရှိပါကြောင်း၊ ယခုအချိန်တွင် ဆရာဝန်များ ကိုယ်တိုင်ပါရှိသည့်အတွက် ရှေးဦးပြုစုမှုကို ကောင်းမွန်စွာလုပ်ဆောင်နိုင်သည့်အပြင် အချိန်မီလည်း ဆေးရုံသို့ ပို့ဆောင်ပေးနိုင်သည့်အတွက် ယနေ့ဆေးရုံတွင် တွေ့ရှိရသည့်အခြေအနေမှာ ကျေနပ်ဖွယ်ဖြစ်ပါကြောင်း၊

ယခင်က ရှေ့တန်းတာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်အတွက် အသက် ပေးဆက်သွားသူများကို ရောက်ရှိနေရာများတွင်သာ သင့်လျော်သလို သင်္ဂြိုဟ်မြေမြှုပ်ခဲ့ရပါကြောင်း၊ လောက်ကိုင်ဒေသဖြစ်စဉ်များတွင် အသက်ပေးဆက်သူများကို မီးသင်္ဂြိုဟ်၍ အရိုးပြာများကို ရအောင်သယ်ယူကာ လားရှိုးမြို့တွင် သူရဲကောင်းစစ်သည်ဗိမာန်တည်ဆောက်၍ ဂုဏ်ပြုပေးနိုင်ခဲ့ပါကြောင်း၊ အချို့သော လူ့အန္တများသည် တပ်မတော်၏ ကျေးဇူးတရားများကို နားလည်သိရှိခြင်းမရှိဘဲ တပ်မတော်မကောင်းကြောင်းပြောလျှင် သဘောကျနေကြကြောင်း၊ တပ်မတော်မရှိလျှင် ဘာဖြစ်သွားမလဲ၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများကို ပြန်လည်ဖတ်ရန်လိုအပ်ကြောင်း၊ တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုတာကို နားမလည်၊ သဘောမပေါက်၊ လက်မခံနိုင်သူများ ရှိနေသေးကြောင်း။

အမျိုးသားလွှတ်တော်ဟူသည်မှာ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးကို ကိုယ်စားပြုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုခရီးစဉ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီနှင့် အမျိုးသားလွှတ်တော်တွင်ရှိသော နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သည့်အတွက် ယခုကဲ့သို့ လာရောက်ဂုဏ်ပြုချီးမြှင့်ခြင်းသည် တစ်နိုင်ငံလုံးကိုယ်စား ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊

အရပ်ထဲတွင် မောင်တစ်ထမ်း မယ်တစ်ရွက်ဟူသည့် စကားရှိသော်လည်း တပ်မတော်တွင် မောင်တစ်ထမ်း မယ်တစ်ထမ်းဟူ၍သာ ပြောရမည်ဖြစ်ပါကြောင်း၊ မိသားစုများသည် စစ်ပညာရပ်များဖြစ်သည့် တပ်စိတ်၊ တပ်စုအဆင့် စစ်နည်းဗျူဟာ ဘာသာရပ်များ၊ လက်နက်ငယ်/ လက်နက်ကြီးကျွမ်းကျင်မှုများ သင်ယူထားပြီးနောက်တန်းလုံခြုံရေးကို တာဝန်ယူကြရကြောင်း၊ ယခုလောက်ကိုင်ဒေသ တပ်ရင်းတပ်ဖွဲ့များမှ ရဲမေများသည် ခင်ပွန်းသည် တပ်မတော်သားများ ရှေ့တန်းတာဝန် ထမ်းဆောင်နေသည့်အတွက် တပ်ရင်းဌာနချုပ်များကို ၎င်းတို့ကိုယ်တိုင် ရှုပ်ရှုပ်ချွံချွံ ကာကွယ်တိုက်ပွဲဝင်ခဲ့သည်ကို သိရှိရပါကြောင်း၊ အကြောင်းတိုက်ဆိုင်၍ မြန်မာနိုင်ငံ၏သမိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်၍ စွမ်းရည်သတ္တိဘွဲ့ရရှိသည့် သူရမချစ်ပိုအကြောင်းကို ပြောကြားလိုပါကြောင်း၊ မချစ်ပိုသည် အမှတ် (၁) ပေါင်းစပ် စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ တပ်ကြပ်လှမောင်၏ ဇနီးဖြစ်ပါကြောင်း။

ရောင်စုံသောင်းကျန်းသူများသည် ပြင်ဦးလွင်မြို့ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် အလစ်အငိုက် စီးနင်းသိမ်းပိုက်ခဲ့သဖြင့် တပ်မတော်က ဆုတ်ခွာခဲ့ပြီး ပြန်လည်တိုက်ခိုက်ရာတွင် ရန်သူ့သတင်းထောက်လှမ်းရေး တာဝန်များကို မည်သူ့တိုက်တွန်းချက်မှုမပါဘဲ မချစ်ပိုကိုယ်တိုင် ဆန္ဒပြုပြီး စွမ်းဆောင်ခဲ့သူဖြစ်ပါကြောင်း၊ ထောက်လှမ်းရေးတာဝန်များ ထမ်းဆောင်ရင်း ရဲရဲတောက် သတ္တိသွေးဖြင့် ရန်သူ့ခံစစ် စခန်းကုန်းများကို ရှေ့တန်းကျကျပါဝင် တိုက်ခိုက်ခဲ့ပါကြောင်း၊ မချစ်ပိုသည် ခမောက်တစ်လုံးဆောင်း၊ တုတ်တစ်ချောင်းကိုင်ကာ နွားကျောင်းသူယောင်ဆောင်၍ ရန်သူ့လက်နက်ကြီးနေရာများကို သိရှိအောင်စုံစမ်းပြီး သတင်းများပေးပို့နိုင်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် ရန်သူများကို ထိထိရောက်ရောက် ပြန်လည်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ မချစ်ပို၏ စွမ်းဆောင်မှုကြောင့် သောင်းကျန်းသူများသည် ယင်းကို လွန်စွာမုန်းတီးကြပါကြောင်း၊ မချစ်ပိုတစ်ယောက်၏ အင်အားသည် စစ်သည်တစ်သိန်းအားနှင့် ညီမျှခဲ့သည်ဟုပင် တင်စားလိုကြောင်း၊ မချစ်ပိုသည် ရန်သူ၏လက်ချက်ကြောင့် တိုက်ပွဲတွင်ဝမ်းဗိုက် ဒဏ်ရာပြင်းထန်စွာရရှိ၍ ပြင်ဦးလွင်ရှိ ဒေါက်တာဘရှင်က ဆေးကုသပေးနေချိန်တွင် သစ္စာဖောက်တစ်ဦး၏ သတင်းပေးလက်ထောက် ချမှုကြောင့် ရန်သူ၏ ဖမ်းဆီးမှုကို ခံခဲ့ရပါကြောင်း၊

ရောင်စုံသောင်းကျန်းသူများသည် တပ်မတော်၏ သတင်းရရှိရေးအတွက် မချစ်ပိုကို ပြင်းထန်စွာ ရက်ရက်စက်စက် နှိပ်စက်စစ်ဆေးခဲ့ကြကြောင်း၊ နှိပ်စက်မှုများကို ကြံ့ကြံ့ခံပြီး လုံးဝမဖော်သည့်အတွက် မေ့မြောနေသော မချစ်ပိုကို ရေတွင်းထဲသို့ ပစ်ချပြီးအုတ်ခဲများဖြင့် ဖို့ထားခဲ့ကြောင်း၊ မချစ်ပိုသည် ၁၉၄၉ ခုနှစ် ဧပြီလ ၈ ရက်နေ့ အသက် ၄၂ နှစ်အရွယ်တွင် နိုင်ငံအတွက် အသက်ပေးလှူခဲ့ကြောင်းကို မှတ်တမ်းမှတ်ရာများအရ သိရှိရပြီး နိုင်ငံတော်ကလည်း သူရဘွဲ့ချီးမြှင့်ခဲ့သဖြင့် အမျိုးသမီးများထဲတွင် ပထမဆုံးနှင့် တစ်ဦးတည်းသူရဘွဲ့ ရရှိခဲ့သူဖြစ်ပါကြောင်း၊ ယနေ့သည် ဧပြီလ ၅ ရက်နေ့ ဖြစ်သည့်အတွက် ၆၆ နှစ် ရှိခဲ့ပြီ ဖြစ်ကြောင်း၊ ထို့အတွက် မချစ်ပိုကို မမေ့ကြရန် မှာကြားချင်ပါကြောင်း ၊ ယနေ့ နံနက်တွင်လည်း မချစ်ပိုအုတ်ဂူသို့ သွားရောက်အလေးပြု၍ လွမ်းသူ့ပန်းခွေ ချခဲ့ပါကြောင်း၊ လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်စဉ်များတွင် ရဲမေများက ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသည်ကို အထူးအလေးထား ဂုဏ်ပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီ စောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ဂုဏ်ပြုရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လောက်ကိုင်ဒေသဖြစ်စဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်အတွက် အသက်ပေးဆက်သူ တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀၀ ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကပေးအပ်ရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်က လက်ခံရယူသည်။

ဆက်လက်၍ ဒဏ်ရာရ တပ်မတော်သားများအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၀၀ ကို အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီ စောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ပေးအပ်ရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မော်ကလည်းကောင်း၊ တိုက်ပွဲဝင်ခဲ့ကြသည့် ရဲမေများအတွက် အမျိုးသားလွှတ်တော်ရုံးမှ ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ ကို အမျိုးသားလွှတ်တော်ရုံး ကိုယ်စား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းကပေးအပ်ရာ ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံ တပ်မှူး ဗိုလ်မှူးကြီး မျိုးသန့်က လည်းကောင်း ဂုဏ်ပြုငွေများကို လက်ခံရယူကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ဦးလွင်မြို့မှ နေပြည်တော်သို့ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

မေ ၄ ရက် ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက် ဒဏ်ရာရ တပ်မတော်သားများအား အနုပညာရှင်များက ဖျော်ဖြေသည့် ဂုဏ်ပြုပွဲကျင်းပခဲ့ရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မော်၊ မန္တလေးတိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ပြင်ဦးလွင်တပ်နယ် တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်သားများ၊ ဒဏ်ရာရ တပ်မတော်သားများ၊ တပ်နယ်မှ မိသားစုများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုဖျော်ဖြေပွဲတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ကျေးရွာဝါဒ သီချင်းဖြင့် သီဆိုဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ ထပ်ဆင့်အကယ်ဒမီ ဦးစင်ရော်မောင်မောင် ဦးဆောင်သည့် အနုပညာရှင်များဖြစ်ကြသော နန်းဆုရတီစိုး၊ သီရိရှင်းသန့်နှင့် ဟန်သီတို့က တေးသံသာများဖြင့်လည်းကောင်း၊ တယောပညာရှင် ဂျူးဂျူးကေ၊ နိုနိုကေနှင့် မစ္စတာကေတို့က တေးသံသာများကို တီးခတ်ဖျော်ဖြေခြင်းဖြင့် လည်းကောင်း၊ အနုပညာရှင်များစုပေါင်း၍ သကြၤန်မိုး သီချင်းဖြင့်လည်းကောင်း၊ အငြိမ့်မင်းသမီး သန္တာလင်းနှင့် နှင်းဆုလှိုင်၊ လူရွှင်တော်ဦးထင်ပေါ်၊ ဦးထင်ကျော်၊ ချစ်ဖူး၊ ထက်လင်းနှင့် အေးချမ်းတို့အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း အသီးသီးဂုဏ်ပြုဖျော်ဖြေခဲ့ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော တပ်မတော်သားများအား တွေ့ဆုံအားပေးစဉ်။** (သတင်းစဉ်)

**တပ်မတော်၏ ကျေးဇူးတရားများကို နားလည်သိရှိခြင်းမရှိဘဲ တပ်မတော်မကောင်းကြောင်းပြောလျှင် သဘောကျနေကြကြောင်း၊ တပ်မတော်မရှိလျှင် ဘာဖြစ်သွားမလဲ၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများကို ပြန်လည်ဖတ်ရန်လိုအပ်။**

**လောက်ကိုင်ဒေသတပ်ရင်းတပ်ဖွဲ့များမှ ရဲမေများသည် ခင်ပွန်းသည် တပ်မတော်သားများ ရှေ့တန်းတာဝန်ထမ်းဆောင်နေသည့်အတွက် တပ်ရင်းဌာနချုပ်များကို ၎င်းတို့ကိုယ်တိုင် ရှုပ်ရှုပ်ချွံချွံကာကွယ်တိုက်ပွဲဝင်ခဲ့။**

ပြည်တွင်းသတင်း





# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး လာအိုပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့ဖျော်ဖြေပွဲ ကြည့်ရှုအားပေး

**နေပြည်တော် မေ ၅**

လာအိုပြည်သူ့တပ်မတော်မှ Colonel Saisamone SALAPSENG ဦးဆောင်သည့် ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲက နေပြည်တော်ဇေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်သည်။ **(အောက်ပုံ)**

ဖျော်ဖြေပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Lyying SAYAXANG နှင့်ဇနီးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် လာအိုပြည်သူ့တပ်မတော်မှ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့က လာအိုယဉ်ကျေးမှုရိုးရာ အဆိုအကများ၊ လာအိုတပ်မတော် တေးသီချင်း၊ အာဆီယံဂုဏ်ပြုတေးသီချင်းများအပြင် မြန်မာတေးသီချင်းအချို့ဖြင့် သီဆိုကပြဖျော်ဖြေကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် လာအိုယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။ အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် မေ ၇ ရက်တွင် နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌လည်းကောင်း၊ မေ ၉ ရက်တွင် မန္တလေးမြို့ နန်းမြို့တွင်းတို့၌လည်းကောင်း ထပ်မံဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မုဒုံမြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုအားထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုပြုလုပ်

**မုဒုံ မေ ၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုကို ထောက်ခံသောအားဖြင့် မေ ၅ ရက် နံနက် ၇ နာရီခွဲတွင် မုဒုံမြို့၌ အင်အား ၁၀၀၀ ခန့်သည် ခွင့်ပြုချက်ရယူ၍ ဆန္ဒဖော် ထုတ်ခဲ့သည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းကို မုဒုံမြို့ မြို့မ(၂) ရပ်ကွက်ရှိ သာသနာ့ဗိမာန်ရှေ့၌ စုရပ်ပြုလုပ်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းအား အပြည့်အဝထောက်ခံသည်၊ ထာဝရငြိမ်းချမ်းရေးအမြန်ရအောင် ဆောင်ရွက်ပေး၊ ရဟန်းရှင်လူ ပြည်သူအားလုံး အပစ်အခတ်ရပ်၍ ငြိမ်းချမ်းမှုကို လိုလားသည်၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အပြီးသတ်စာချုပ် အမြန်ချုပ်ဆိုပေးစသည့် ဆိုင်းဘုတ်များကိုင်ဆောင်ပြီး "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး. . "၊ "အပြီးသတ် စာချုပ်အမြန်ချုပ်ဆိုပေးရေး. . . "၊ "ထာဝရငြိမ်းချမ်းရေး အမြန်ရအောင် ဆောင်ရွက်ပေးရေး. . " စသည့် ကြွေးကြော်သံများဖြင့် မော်လမြိုင်-သံဖြူဇရပ်လမ်းအတိုင်း မြို့မ(၄) ရပ်ကွက် ချမ်းမြကန်သာလမ်းထိပ်မှ ရွှေဟင်္သာဈေးရှေ့၊ ၎င်းမှကျွန်းရွာလမ်းနှင့် ဝိဇယလမ်းဆုံအထိ စီတန်းလှည့်လည်ဆန္ဒ ဖော်ထုတ်ခဲ့ကြပြီး နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။



**(ပြည်နယ် ပြန်/ဆက်)**

# ဝန်ထမ်းများကို ဝတ်စုံပေးအပ်

**မဘိမ်း မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂ ရက်က မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စုစုပေါင်း ဝန်ထမ်း ၄၄ ဦးကို ဝတ်စုံများပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းဦး (iprd)**

**တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ(၃)တွင် ဒေသခံပြည်သူများအား ဓာတ်အားစနစ်တိုးတက်ကောင်းမွန်စေရန်နှင့် ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းတိုးချဲ့တည်ဆောက်ခြင်း၊ ၁၁/ ၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတပ်ဆင်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းတိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မေ ၃ ရက်က တွေ့ရစဉ်။**

(မြန်မာ့အလင်း)



**လျှပ်စစ်သုံးလျှင်သတိယှဉ် ဝန်အားမမျှမသုံးရ**

# ငြိမ်းချမ်းရေးကိုလိုလားသူများ စုပေါင်းကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းအား သဘောတူလက်မှတ်ရေးထိုးနိုင်မှု ထောက်ခံဆန္ဒဖော်ထုတ်

**သထုံ မေ ၅**

တစ်နိုင်ငံလုံး ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုအား ကြိုဆိုထောက်ခံပြီး မေ့ပြီလကုန်ပိုင်းတွင် အပြီးသတ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် မွန်ပြည်နယ် သထုံမြို့နယ်တွင် ငြိမ်းချမ်းရေးလိုလားသူ ဒေသခံတိုင်းရင်းသား ပြည်သူများစုပေါင်းကာ မေ ၅ရက် နံနက် ၇နာရီ ၄၅မိနစ်မှစတင်၍ ခွင့်ပြုချက်ရယူပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

"ဦးလေးတို့က ငြိမ်းချမ်းရေးကို လိုချင်လွန်းအားကြီးလို့ အခုလိုဆန္ဒဖော်ထုတ်တာပါ။ ဦးလေးမွေးတဲ့အချိန်ကစ အခုထက်ထိပေါ့၊ နိုင်ငံကမငြိမ်းချမ်းခဲ့ဘူး။ တိုင်းရင်းသားအချင်းချင်းအကြောင်း အမျိုးမျိုးကြောင့် တိုက်ကြခိုက်ကြနဲ့ နောက်ပြီး ဦးလေးကနယ်စပ်မှာ နေခဲ့တာဖြစ်တဲ့အတွက် ပိုခံစားရတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ တာဝန်ရှိသူတွေ ကြိုးပမ်းနေကြတဲ့စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို လိုလားတယ်၊ ထောက်ခံတယ်၊ ခပ်မြန်မြန်လေးဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သည့် ကရင်တိုင်းရင်းသားများအား ဦးဆောင်သူ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောစံတင်က ပြောသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် ဒေသခံပြည်သူများနှင့် သထုံမြို့နယ်အတွင်းရှိ ကရင်၊ ပအိုဝ်း၊ မွန်၊ တိုင်းရင်းသားများစုစုပေါင်း အင်အား ၁၁၅၀ ကျော်တို့က ခရိုင် အားကစားကွင်းမှ စတင်ထွက်ခွာကာ **ရဟန်းရှင်လူပြည်သူအားလုံး အပစ်အခတ်ရပ်၍ ငြိမ်းချမ်းရေးကို လိုလားသည်၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ပေးပါ** စသည့် ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ကြွေးကြော်သံများဖြင့် မြသပိတ် ဘုရားလမ်းမှတစ်ဆင့် ရန်ကုန်- မော်လမြိုင်လမ်းအတိုင်း ယင်းမှ ရွှေစာရံဘုရားလမ်းအတိုင်း ခရိုင်အားကစားကွင်းသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပအိုဝ်းတိုင်းရင်းသားများကို ဦးဆောင်သူ မြို့နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးခွန်ကျော်သိန်းက "ဒီကနေ့ ပအိုဝ်းတိုင်းရင်းသားတွေကိုယ်စားပြုပြီး ပါဝင်ရတဲ့သဘောကတော့ ကျွန်တော်တို့အားလုံးငြိမ်းချမ်းရေးကို လိုချင်ပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက် အားလုံးကကြိုးပမ်း၍ လက်မှတ်ရေးထိုးခဲ့ကြတာကို ထောက်ခံပြီး လာမယ့်မေ့ပြီလကုန်လောက်မှာ အပြီးသတ်လက်မှတ်ရေးထိုးနိုင်ဖို့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်တာပါ"ဟု ၎င်း၏ဆန္ဒကို ပြောကြားသည်။

ယခုကဲ့သို့ ငြိမ်းချမ်းရေးကို လိုလားသူများ စုပေါင်းကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းအားထောက်ခံသည့် ဆန္ဒဖော်ထုတ်ခြင်းကို မွန်ပြည်နယ် အတွင်း မေ ၅ ရက်တွင် သထုံမြို့၊ ကျိုက်မရောမြို့နှင့် မုဒုံမြို့တို့၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ဆောင်းပါး

# ကျွန်ုပ်တို့၏သင်္ကြန်

ဘငြိမ်းဝေ



မကြာမြင့်မီ ရက်ပိုင်းအတွင်း၌ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်မှ ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းရောက်ရှိပေတော့မည်။ သင်္ကြန်၏အဓိပ္ပာယ်ကို တိုတိုကျဉ်းကျဉ်း ဖွင့်ဆိုရလျှင် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။ နှစ်ဟောင်းတွင် ကြွင်းချန်ရစ်ခဲ့သော အညံ့အဆိုး၊ အမှား၊ အညစ်များကို ဆေးကြောခြင်းသဘောဖြင့် အတာရေစင် ပက်ဖျန်းသွန်းလောင်းကြခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့လူမျိုးသည် ကြာကြာစိတ်ညစ်မခံနိုင်သောလူမျိုးဖြစ်သည်။ ဘဝအမော၊ ဘဝအကျပ်အတည်းများ မည်သို့ရှိစေဦးတော့ ရောက်သည့်နေရာ၊ ဖြတ်သန်းနေရသည့် ဘဝအခြေအနေအမျိုးမျိုးကြားမှ အပန်းပြေပျော်ရွှင်စရာအဖြစ်သို့ ထွက်ပေါက်ရှာတတ်ကြသည့်လူမျိုးဖြစ်သည်။ ထို့ကြောင့်လည်း (၁၂)ရာသီပတ်လုံး ပွဲတော်အမျိုးမျိုးရှိသည့်နိုင်ငံဖြစ်သည်။ အထူးအားဖြင့် နှစ်ဟောင်းမှနှစ်သစ်ကူးပြောင်းသော အတာသင်္ကြန်ပွဲကို ပိုမို၍အလေးအနက်ထားကြသည်။ နိုင်ငံတော်မှ အစိုးရရုံးပိတ်ရက်များကို ၁၀ ရက်တိတိ ခွင့်ပြုထားသည်ကို ထောက်ရှု၍ ကျွန်ုပ်တို့လူမျိုးနှင့် နှစ်ကူးအတာသင်္ကြန်၏ ဆက်စပ်မှုကို ခန့်မှန်းနိုင်သည်။ (၁၂)လရာသီပွဲတော်များအနက် သင်္ကြန်ပွဲတစ်ခုတည်းအား ရှေ့မှ“မဟာ”ဟူသော စကားရပ်ဖြင့် ဝိသေသပြု၍ “မဟာသင်္ကြန်”ဟု သုံးနှုန်းကြသည်။ (မည့်သည့်ခေတ်အခါက မည်သည်ကို အကြောင်းပြု၍ “မဟာ”ဟူသော ဝိသေသနှင့်တွဲဖက်ခဲ့ခြင်းကို ဆက်လက်လေ့လာစေ့ငုသင့်ပါသည်။) သင်္ကြန်ဟူသော နှစ်ဟောင်းမှနှစ်သစ်ကူးပြောင်းသည့် အတာရေပွဲသည် အဘယ်အကြောင်းအရာ၊ အဘယ်ကိုးကွယ်ယုံကြည်မှုကိုအခြေခံ၍ ပေါ်ပေါက်လာသည်ဖြစ်စေ ပုဂံခေတ်မှသည်ယနေ့တိုင် တည်ရှိနေဆဲအစဉ်အလာတစ်ရပ်ဖြစ်သည်ကတော့ အသေအချာပင်။

သည်ဘက်ကာလနှစ်ပိုင်းများတွင် သင်္ကြန်နားနီးသည်နှင့် အစဉ်အလာရှိမြဲဖြစ်သော အလှူဒါန ကုသိုလ်

**မြန်မာ့သင်္ကြန်သည် အင်တာနေရှင်နယ် ပျော်ပွဲရွှင်ပွဲ သင်္ကြန်မဟုတ်ပါ။ ပျော်ရွှင်မှုနှင့်အတူ မြန်မာတို့၏ ရိုးရာဓလေ့ထုံးစံကို တစ်နိုင်တစ်ပိုင် ဖော်ကျူးသည့်ပွဲဖြစ်**

ကောင်းမှုပြုရန်၊ သက်ကြီးဝါကြီး မိကြီးဖကြီးများအား ပူဇော်ကန်တော့ရန်၊ ဘုရားကျောင်းကန် တရားစခန်းများ၌ သီတင်းသီလဆောက်တည်ရန် ကြိုတင်ပြင်ဆင်နေကြသည်ကို ကြားသိရသကဲ့သို့ ရေပက်ခံထွက်ရန်၊ ရေပက်မဏ္ဍပ်၌ ပျော်ပါးရန်၊ သည်းသည်းလှုပ်လှုပ် ကဲကဲရုတ်ရုတ်ပြုရန် အရှိန်ယူနေသည်များကိုလည်း မြင်နေရ ကြားနေရသည်။ ထိုအရာများနှင့် ယှဉ်တွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးများမှ သင်္ကြန်ကာလဆိုင်ရာနှိုးဆော်ချက်များ၊ သတိပေးချက်များ ထုတ်ပြန်လျက်ရှိသည်ကိုလည်း တွေ့ရှိနေရပါသည်။

**“ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်”**တွင် **ရှေးအစဉ်အဆက်ကရှိခဲ့သော သင်္ကြန်၏ ထုံးတမ်းအစဉ်အလာများ၊ ယနေ့မျက်မှောက်ကာလသင်္ကြန်ကာလတွင် မြင်တွေ့နေရသည့် ဆင်ခြင်ဖွယ်ရာ အပြုအမူများကို အသိသတိဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်** နှိုးဆော်ချက်များ ပါဝင်ပါသည်။ ထိုနည်းတူစွာ **“တိုင်းဒေသကြီးများမှ ထုတ်ပြန်သော သတိပေးချက်”**များတွင်လည်း **နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း သီဆိုခြင်းမပြုရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေမည့် လှုပ်ရှားဆောင်ရွက်မှုမျိုးမပြုလုပ်ရန်အပါအဝင် နိုင်ငံတကာအလံအား အလွဲသုံးစွဲမှု၊ ဝတ်စားဆင်ယင်မှု၊ ပတ်ဝန်းကျင်အတွက် အနှောင့်အယှက်ဖြစ်စေသော မူးယစ်သောက်စားမှုမပြုရန်၊ ထို့အပြင် တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ခြင်းမပြုရန်၊ ရေပက်ရာတွင်လည်း ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည် ထည့်ထားသော**



**ယမန်နှစ်သင်္ကြန်က မန္တလေးမြို့၌ ဆင်နွှဲနေသည့် သင်္ကြန်မြင်ကွင်းကို တွေ့ရစဉ်။** ဓာတ်ပုံ-မင်းထက်အောင်

**ဂတ်(စ်)ဘူး၊ ကွန်ပရက်ဆာပန့်များဖြင့် တစ်ဖက်သားနာကျင်မှုမဖြစ်စေရန်တို့** အတွက် အသိပေးမှုများပါဝင်ကြောင်း တွေ့ရှိနေရပါသည်။

နှိုးဆော်ချက်များ၊ သတိပေးချက်များကို ခြုံငုံသုံးသပ်လျှင် အနှစ်ချုပ်အားဖြင့် အချက်(၃)ချက်ကို တွေ့ရှိရပါသည်-

(၁) ရိုးရာယဉ်ကျေးမှု အစဉ်အဆက်ဖြစ်သဖြင့် ဆက်ခံထိန်းသိမ်းဆောင်ရွက်သင့်သော အရာများ (ဥပမာအားဖြင့် ကုသိုလ်ဒါနပြုခြင်း၊ သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံကျင်းပခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းများ ပါဝင်ပါသည်)

(၂) ဥပဒေကြောင်းအရ ငြိစွန်းနိုင်သဖြင့် ထိန်းသိမ်းသင့်သောအရာများ

(၃) မိမိ၏ ပြောဆိုပြုမူနေထိုင်မှုများသည် လူမှုပတ်ဝန်းကျင်အား တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ ထိခိုက်စေနိုင်သောကြောင့် ကျင့်ဝတ်အရ ထိန်းသိမ်းသင့်သောအရာများ ဖြစ်ကြပါသည်။

သင်္ကြန်ကျခါနီးတိုင်း တစ်နှစ်ထက်တစ်နှစ်တိုး၍ တိုး၍ ထုတ်ပြန်နေရသောနှိုးဆော်စာများ၊ သတိပေးချက်များကို ဖတ်ရ၊ မြင်ရ၊ ကြားရသည့်အခါတိုင်းတွင် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဓလေ့ထုံးစံများအတွက် ရင်၌ဝေဒနာတစ်ရပ်ခံစားရပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ဤတိုင်းပြည်၊ ဤမြေ၊ ဤရေ၊ ဤဒေသမှာနေထိုင်၍ ခေတ်စနစ်ပေါင်းများစွာမှ သင်္ကြန်ပေါင်းများစွာကို ကြုံဆုံဖြတ်သန်းခဲ့ရဖူးပြီးသူဖြစ်သည်။ ဟိုးရှေးယခင်အခါများဆီက ယခုကဲ့သို့ နှိုးဆော်စာများ၊ သတိပေးချက်များ မထုတ်ပြန်ခဲ့သော်လည်း အိမ်တွင်းမိသားစု၊ ရပ်ကွက်မိသားစု၊ မြို့နယ်မိသားစုမှအစ တိုင်းခရိုင်မိသားစုအထိ မိမိတို့၏ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် အပြန်အလှန် ထိန်းကျောင်း၍ သင်္ကြန်၏အနှစ်သာရကို လှပစွာထုဆစ်ပုံဖော်နိုင်ခဲ့ကြပါသည်။ လူများစုအသိုင်းအဝိုင်းက လက်မခံသည့်၊ အနည်းငယ်မျှသောလူနည်းစု၏ ပြဿနာသေးသေးမွှားမွှားမှအပ အေးချမ်းပျော်ရွှင်စွာသင်္ကြန်ကို လွန်မြောက်နိုင်ခဲ့ကြပါသည်။

ယခုကား ထိုသို့မဟုတ်ပြီ ဟိုလိုမပြောကြပါနှင့်၊ ဒီလိုမဆိုကြပါနှင့်၊ ဒီလိုမလုပ်ကြပါနှင့်၊ မတင့်မတယ် မလုံမခြုံ ဟိုလိုမဝတ်ကြပါနှင့်၊ ဒီလိုမကဲကြပါနှင့်ဟု အရုပ်ဆိုးသော သင်္ကြန်မဖြစ်စေရန်၊ မြန်မာ့ရနံ့ပျောက်သောသင်္ကြန်မဖြစ်စေရန် နှိုးဆော်တိုက်တွန်းကန့်သတ်နေရသည် မှာကား ကိုယ့်အိမ်မှ ကိုယ့်မိသားစုထမင်းဝိုင်းကို ကိုယ့်ဘာသာတံတွေးဖြင့် ပြန်မထွေးမိစေရန် သတိပေးနေရသကဲ့သို့ ဖြစ်နေပေတော့သည်။ နှစ်ဟောင်းအညစ်အကြေးများကို သန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုသော သင်္ကြန်တွင် ရန်သူနှင့်ရင်ဆိုင်တွေ့ကြုံရဘိသကဲ့သို့ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်မှုများအတွက် တားဆီးရခြင်းများ၊ ရေဖြင့်ပက်ဖျန်းရာတွင်လည်း စိုရုံ ရွှဲရုံမျှမက တစ်ဖက်သားနာကျင်သည်အထိ လွန်လွန်ကဲကဲလုပ်ဆောင်မှုတို့အား ဆင်ခြင်နိုင်ရန် သတိပေးရခြင်းများ၊ မောင်နှင့်နှမ၊ ဖခင်နှင့်သမီး၊ မိခင်နှင့်သား အတူယှဉ်တွဲ ကြည့်၍မျှမသင့်သော ဝတ်စားဆင်ယင်မှုများနှင့် ကော့ကော်ကန်ကား ကုန်းကုန်းကွကွ ပွတ်သပ်ကပြမှုများအတွက် တားဟဲ့ ဆီးဟဲ့ ဆောင်ရွက်နေရခြင်း၊ ခံဝန်ကတိဖြင့် ခွင့်ပြုနေရခြင်းများမှာ ကိုယ့်မြန်မာနိုင်ငံသားချင်း ဖွင့်ပြောမှသိရမည့် အပြုအမူလုပ်ရပ်များ ဟုတ်မဟုတ် စဉ်းစားချင့်ချိန်သင့်ကြပေသည်။ မလျော်ကန်သောကြောင့် တား၍ ဆီး၍၊ CCTV များတပ်၍ စောင့်ကြည့်ခံရခြင်းကို လွတ်လပ်မှုမရှိပါဟု စောဒကတက်လျှင်လည်း၊ ထိုစောဒကရှင်တို့၏ လက်ဦးဆရာ မည်ထိုက်စွာသော ပုဗ္ဗာစရိယ မိနှင့်ဖကိုသာ ယိုးမယ်ဖွဲ့ရပေတော့မည်။

ခေတ်မီခြင်း၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ခြင်းသည် ကောင်း၏။ သို့ရာတွင် အဝတ်အစား ပုံတူကူး၍၊ ဆံပင်ပုံတူကူး၍၊ စည်းကမ်းမဲ့ဓလေ့စရိုက်အရာ၌ ပုံတူကူး၍ ခေတ်မီခြင်း၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းခြင်းများထက် ထိုးထွင်းသိမြင်သော၊ တီထွင်ကြံဆသော၊ မိမိနှင့်တကွ မိမိပတ်ဝန်းကျင်၊ ထိုမှ လောကကြီးတစ်ခုလုံး၏ ကောင်းရာကောင်းကျိုးအတွက် ခေတ်မီခြင်း၊ ခေတ်နှင့်အညီရင်ပေါင်တန်းနိုင်ခြင်းက ပို၍တင့်တယ်ပါသည်။

နိုင်ငံတကာ ဝင်ဆံ့သည်ဟူသောအကြောင်းပြချက်ဖြင့် သင်္ကြန်အခါ၌ မိမိအိမ်ကထမင်းဝိုင်းကို မိမိကိုယ်တိုင် တံတွေးနှင့်ထွေးရုံမျှမက၊ ရွာလွန်ရွက်တိုက်ကာ ပြင်ပမှ ဧည့်သည်များပါဖိတ်ခေါ်၍ ကိုယ့်ယဉ်ကျေးမှု ကိုယ့်ဓလေ့ထုံးစံကို သူများပါးစပ်ဖြင့် တံတွေးထွေးခိုင်းသူများလည်း ရှိပေသေးသည်။ မြန်မာ့သင်္ကြန်သည် အင်တာနေရှင်နယ် ပျော်ပွဲရွှင်ပွဲသင်္ကြန်မဟုတ်ပါ။ ပျော်ရွှင်မှုနှင့်အတူ မြန်မာတို့၏ ရိုးရာဓလေ့ထုံးစံကို တစ်နိုင်တစ်ပိုင် ဖော်ကျူးသည့်ပွဲ ဖြစ်ပါသည်။

အိမ်သားတစ်စု၏ဝင်ငွေ၊ တစ်ဦးချင်း၏ဝင်ငွေကို သတ်မှတ်မျှော်မှန်းနှုန်းထားအတိုင်း ရောက်ရှိအောင် နိုင်ငံတော်အစိုးရက ကြိုးပမ်းရုန်းကန်မှုပြုချိန်တွင် မိမိတို့၏စွမ်းအားများဖြင့်လည်း မိသားစုဝင်ငွေတစ်ခုခုဖြစ်အောင် ကြိုးပမ်းသင့်သည်။ ကြိုးပမ်းမှုလည်း ပြုကြပါသည်။ သို့ရာတွင် သားသမီးသည် မိမိဝင်ငွေအရ အိမ်တွင် မျက်နှာပန်းပွင့်လာသောအခါ သားသမီး၏ ဝင်ငွေကို အားထားလာရသော မိဘသည်၊ ဆရာသည် ရွာဦးကျောင်းဆရာတော်သည် မိမိသား၊ သမီးတပည့်များ၏ လမ်းလွဲယုံကြည်မှုများကို တွေ့ရှိလာပါက မည်သို့ဟန့်တားရန်မှာ တော်ရုံတန်ရုံသတ္တိဖြင့် မလွှမ်းမိုးနိုင်တော့ပါ။

တစ်အိမ်ချင်း၊ တစ်ရွာချင်း၌ ကျင့်ကြံထိန်းသိမ်းနေသော မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့် မြန်မာ့ဘာသာရေးယဉ်ကျေးမှုကို သူစိမ်းဖြစ်စေ၊ တစ်ရွာသားဖြစ်စေ၊ နိုင်ငံ့တာဝန်အရဖြစ်စေ တစ်ဦးဦးက ပြောမည်လားဟု အချိန်စောင့်၍ မဖြစ်သင့်ပေ။ ကြီးသူများကသာ ငယ်သူကို သင်ကြားပေးရန်ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သူက အတွေ့အကြုံနုနယ်သူကို ဖျောင်းဖျနားသွင်းရမည်ဖြစ်ပါသည်။ကျွန်ုပ်တို့၏ တိုင်းရင်းသားအားလုံး အသီးသီးတွင်ရှိသော ယဉ်ကျေးလိမ္မာစွာ ပြုမူပြောဆို ထိန်းသိမ်းကျင့်ကြံခြင်းသည်သာလျှင် မမြင်၊ မထိနိုင်စွမ်းသော ကိုင်တွယ်၍ မရသော “ဒြပ်မဲ့” ယဉ်ကျေးမှု (Intangible Cultural) ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုကို ထိတွေ့ကိုင်တွယ်၍ရသော “ဒြပ်ရှိ” ယဉ်ကျေးမှု Tangible Cultural နှင့် ထိတွေ့ကိုင်တွယ်၍မရသော “ဒြပ်မဲ့”ယဉ်ကျေးမှု Intangible Cultural ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဒြပ်ရှိယဉ်ကျေးမှုဖြစ်သည့် ရှေးဟောင်းစေတီပုထိုးများ၊ နန်းတော်များ၊ မြို့တော်များ၊ ကျောက်၊ ကြေး၊ သံလက်နက်များ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ပြည့်စုံသကဲ့သို့၊ အိပ်ရာဝင်ပုံပြင် အစ (၁၂)လရာသီပွဲတော်များ၊ ဂီတသံစဉ်တေးသီချင်းများ၊ ဘာသာတရားကို ရိုသေစောင့်ထိန်းကျင့်ကြံခြင်းများနှင့် အသက်အရွယ်ဂုဏ်အားဖြင့် ကြီးသူ၊ ရွယ်တူ၊ ငယ်သူများ၏ အပြန်အလှန်ယဉ်ကျေးစွာ ဆက်ဆံပြောဆိုပြုမူ နေထိုင်ခြင်းတည်းဟူသော ဒြပ်မဲ့အနှစ်သာရများနှင့်လည်း ပြည့်စုံလျက်ရှိပါသည်။ ထို့ကြောင့်လည်း ၂၀၁၄ ခုနှစ်တွင် UNESCO ခေါ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့အစည်းကြီး၏ Convention for Safeguarding of Intangible Cultural Heritage အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။

မကြာမီကာလ၌ မြန်မာတို့၏စစ်မှန်သော ရိုးရာသင်္ကြန်ရောက်ပေတော့မည်။ ကမ္ဘာကြီးပူနွေးလာသည်ဖြစ်စေ၊ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းများ မြင့်တက်လာသည်ဖြစ်စေ “ငု”နှင့် “ပိတောက်” ကား ထိုအရာများကို အံတု၍ သစ္စာရှိစွာဖြင့် တစ်နှစ်တစ်ခေါက် ဝါရွှေဝါရောင်ထိန်ထိန်တောက်ပေဦးတော့မည်။ နိဂုံးချုပ်အားဖြင့် လာမည့် ၁၃၇၉ သို့ ကူးပြောင်းမည့် နှစ်သစ်ကူးအတာသင်္ကြန်သည် လှပစေချင်ပါသည်။ သိမ်မွေ့စေချင်ပါသည်။ ကြည်နူးနှစ်သက်ဖွယ်ဖြစ်စေချင်ပါသည်။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ကို ကိုယ်စားပြုအရောင်ခြယ်ခြင်းကင်းသည့် သန့်သန့်ရှင်းရှင်းဖြူစင်သော သင်္ကြန်ဖြစ်စေချင်ပါသည်။ သင်္ကြန်ကြောင့် ကုန်ခန်းသွားသော “ရေ”နှင့် “ငွေ”ကို အချိန်တိုအတွင်း ပြန်လည်ဖြည့်တင်း၍ ရပါသည်။ သို့သော် သင်္ကြန်ကြောင့် ကျဆင်းယုတ်လျော့သွားမည့် နိုင်ငံ၏ဂုဏ်သိက္ခာ၊ ထိပါးပွန်းရှသွားမည့် အမျိုးသားရေးစရိုက်လက္ခဏာများကိုကား အချိန်တိုအတွင်းပြန်လည်ဖြည့်တင်းရန် ခဲယဉ်းပေလိမ့်မည်ဟု ချစ်ကြည်ရင်းနှီးစွာ မေတ္တာစကားဆိုအပ်ပါသည်။

## ဆောင်းမြေပဲလှိုင်လှိုင်ပေါ်ချိန် ဈေးကောင်းရ၍ တောင်သူများအကျိုးအမြတ်ရ

**စစ်ကိုင်း ဧပြီ ၅**

စစ်ကိုင်းမြို့နယ်အတွင်းစိုက်ပျိုးခဲ့သော ဆောင်းမြေပဲများ လှိုင်လှိုင်ပေါ်ထွက်လာချိန်တွင် ဈေးကောင်းရနေသဖြင့် ဆောင်းမြေပဲစိုက်ပျိုးခဲ့သော တောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်းမှ ကျေးရွာများသည် ကုန်းမြေ(ခေါ်)ယာမြေများ၊ နုန်းတင်မြေနုကျွန်းနှင့် အနိမ့်ပိုင်းမြစ်ရေဝင်နုန်းမြေများတွင် ဆောင်းမြေပဲများကို စိုက်ပျိုးကြသည်။ ယခုနှစ်တွင် မြေပဲတောင့် တစ်တင်း ၁၃၀၀၀ အထိရကြောင်း၊ ယခုနှစ်တွင် မြေပဲများကို ပွဲစားများက ကျေးရွာအရောက်ဆင်း၍ လာရောက်ဝယ်ယူကြကြောင်း ကျော်ဇေယျာကျေးရွာမှ ဆောင်းမြေပဲစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

စစ်ကိုင်းမြို့မှ ကုန်အဝယ်ဒိုင်များက ဆောင်းမြေပဲသစ်ကနဦးဈေးအနေဖြင့် မြေပဲဆန်တစ်ပိဿာကို ကျပ်၂၀၀၀ ဈေးနှင့်ဖွင့်ခဲ့ပြီး ယခုမြေပဲလှိုင်လှိုင်ပေါ်ချိန်၌ ဝယ်ဈေးမှာ တစ်ပိဿာ ဈေးကျပ် ၂၁၀၀ အတွင်းရှိကာ မြေပဲသန့်မှုအပေါ် မူတည်၍ ဈေးပိုပေးကြောင်း၊ ယခုနှစ် တောင်သူများ မြေပဲအောင်မြင်သည်နှင့်အမျှ ပွဲရုံပိုင်ရှင်များလည်း လုပ်ငန်းပိုမိုအဆင်ပြေကြောင်း စစ်ကိုင်းမြို့မှ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## တွေ့ဆုံမေးမြန်း

◆ *ရှေ့ဖုံးမှ*

ယုံကြည်မှုကို ရရှိလာနိုင်မည်ဖြစ်သည်။ ယုံကြည်မှုကြောင့် ရင်းနှီးမြှုပ်နှံလိုသူများ ပိုမိုများပြားစွာ ဝင်ရောက်စေခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါများစေမည်ဖြစ်သည်။ အထူးစီးပွားရေးဇုန်ဖြစ်သည့် အားလျော်စွာပေါများလာသည့် အလုပ်အကိုင်



Mr. Yanai Takashi

အခွင့်အလမ်းများသည် သာမန်အလုပ်အကိုင် အခွင့်အလမ်းမျှသာမကဘဲ အရည်အသွေးရှိမည့် အာမခံချက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်လာမည်ဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန်သည် အဆောက်အအုံတည်ဆောက်နေဆဲအဆင့်၌ပင် မြန်မာအလုပ်သမား ၂၀၀၀ ခန့်ကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်ပြီဖြစ်သည်။ လက်ရှိ သီလဝါအထူးစီးပွားရေးစက်မှုဇုန်သို့ လုပ်ငန်းခွင်ဝင်လျက်ရှိသည့် ပြည်တွင်း ပြည်ပ ဝန်ထမ်းနှင့် အလုပ်သမားတို့ မျှော်လင့်ချက်နှင့် လုပ်ငန်းခွင်အခြေအနေများအပေါ် မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သီလဝါ အထူးစီးပွားရေးဇုန်သို့ သွားရောက် မေးမြန်းဖြစ်ခဲ့သည်။

**Mr. Yanai Takashi**
**(President & CEO)**
**(Myanmar Japan Thilawa Development Ltd.)**

သီလဝါ အထူးစီးပွားရေးဇုန်အကြောင်းကို ပြောရမယ်ဆိုရင် နှစ်ပိုင်းရှိပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတည်ဆောက်တာနဲ့ ပတ်သက်ရင် ၈၃ ရာခိုင်နှုန်းက တည်ဆောက်ပြီးစီးနေပြီ။ သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(က)ရဲ့ ပထမဆင့်ကို ဒီနှစ် မေလကုန်လောက်မှာ ပြီးမယ်ခန့်မှန်းထားတယ်။ ပထမအဆင့်အပြီးသတ်နိုင်ဖို့ နှစ်လလောက်ပဲ ကျန်တော့တာပေါ့။ နောက်တစ်ခုကတော့ စက်ရုံတည်ဆောက်ရေးလုပ်ငန်းတွေပေါ့။ ကျွန်တော်တို့ကုမ္ပဏီပေါင်း ၄၀ လောက်နဲ့ စာချုပ်ချုပ်ထားပြီ။ ဒီအထဲမှ ကုမ္ပဏီရှစ်ခုက စက်ရုံတည်ဆောက်ရေးလုပ်ငန်းတွေ စတင်နေပြီ။ နောက်ထပ် တစ်လ၊ နှစ်လလောက်အကြာမှာ ကုမ္ပဏီသုံးခုလောက်က တည်ဆောက်ရေးလုပ်ငန်းတွေ စလုပ်ပါမယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတည်ဆောက်တာ၊ စက်ရုံတည်ဆောက်တာနဲ့ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်တာတွေက အောင်မြင်နေပါတယ်။

**ဦးကျော်မြင့်ထွန်း**
**B.E (Electrical)**
**ရခိုင်ပြည်နယ် စစ်တွေ**

ကျွန်တော်က Electrical အင်ဂျင်နီယာပါ။ ကျွန်တော်က အခြေခံ အဆောက်အအုံတွေ



ဦးကျော်မြင့်ထွန်း

အတွက် လျှပ်စစ်နဲ့ဆိုင်တဲ့အပိုင်းတွေကိုတာဝန်ယူပြီး လုပ်ဆောင်ရပါတယ်။ ကျွန်တော်စစ်တွေ နည်းပညာတက္ကသိုလ်ကနေကျောင်းပြီးပြီးချင်းတော့ Electrical ဆားကစ်ဘရိတ်ကာတွေထုတ်လုပ်တဲ့ စက်ရုံတွေမှာလုပ်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်ရခဲ့တဲ့ပညာတွေကို ဒီမှာလာပြီး အသုံးချတာပေါ့။ ကျွန်တော် ဒီနေရာမှာလုပ်နေရင်း နိုင်ငံတကာပညာရှင်တွေနဲ့ ထိတွေ့ခွင့်ရမယ်။ နိုင်ငံတကာက နည်းပညာတွေရမယ်။ အဲ့ဒီတော့ ကျွန်တော်တို့ကလည်း ကိုယ့်နိုင်ငံအတွက် စွမ်းအားရှိသလောက် လုပ်ကိုင်သွားမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီမှာလုပ်ကိုင်ရတာက ကျွန်တော့်အတွက် တခြားမှာလုပ်ကိုင်နေတာထက်စာရင် ပိုပြီးတော့ စိတ်လှုပ်ရှားဖို့ကောင်းတယ်။ ကျွန်တော့်အတွက်လည်း အခွင့်အလမ်းတွေအများကြီးရမယ်လို့ ယူဆမိလို့ သီလဝါအထူးစီးပွားရေးစက်မှုဇုန်မှာ လာလုပ်တာပါ။ ကျွန်တော် ဒီမှာလုပ်ကိုင်ရတဲ့အတွက် နိုင်ငံတကာစံနှုန်းစံထားတွေပိုပြီးသိလာရပါတယ်။ ဒီမှာက နိုင်ငံအစုံမှ လာလုပ်တာဆိုတော့ သူများတွေရဲ့ နည်းပညာတွေပါလာတယ်။ ပိုမိုတိကျပြီး ကောင်းမွန်တဲ့ နည်းစနစ်တွေ တွေ့လာရပါ တယ်။

**KAYO USHIO (မရုတနာ)**
**Managar (Myanmar Japan Thilawa Development Ltd.)**

ကျွန်မက မြန်မာ-ဂျပန် သီလဝါကုမ္ပဏီ MJTD မှာ အရောင်းတာဝန်ယူထားပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်က မြန်မာအစိုးရနဲ့ ဂျပန်အစိုးရတို့ ပူးပေါင်းလုပ်နေတဲ့ စီမံကိန်းတစ်ခုပါ။ ဒီစီမံကိန်းမှာ တာဝန်ယူ လုပ်ကိုင်ရတဲ့အတွက် ဝမ်းသာတယ်။ မြန်မာလူမျိုးတွေနဲ့ အတူတူပေါင်းပြီး အလုပ်လုပ်ရတာလည်း အဆင်ပြေပါတယ်။ ကျွန်မ ဂျပန် တိုကျိုတက္ကသိုလ်မှာ မြန်မာစကားကို သင်ယူခဲ့ရပါတယ်။ အဲ့ဒီအတွေ့အကြုံရှိလို့လည်း မြန်မာပြည်မှာ အလုပ်လာလုပ်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့။

**မောင်အောင်သူလတ် (စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့်ဒေသခံ)**
**မီးစက်မောင်း (Myanmar Japan Thilawa Development Ltd.)**

သီလဝါ စီမံကိန်းလုပ်မယ့်



KAYO USHIO (မရုတနာ)

နေရာမှာ ကျွန်တော်ငယ်ငယ်က ခနိမိုးကြမ်းခင်း ထရံကာအိမ်နဲ့ နေခဲ့တာပေါ့။ ကျွန်တော့် တစ်သက်



ကိုအောင်သူလတ်

(၁၉ နှစ်) ရှိပြီပေါ့။ သီလဝါမှာနေခဲ့တာ။ အရင်ကတော့ လက်သမားလုပ်တယ်။ ဒီမှာအလုပ်ဝင်ဖြစ်တာက ဆရာမ ဒေါ်သန်းသန်းသွယ်နဲ့ ဆရာမ မခိုင် (စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ပုဂ္ဂိုလ်များ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သည့် စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများ၏ လက်ရှိအခြေအနေနှင့် မူလဝင်ငွေ အခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP) မှ) က ချိတ်ဆက်ပေးလို့ ဒီအလုပ်ထဲကို ရောက်လာတာပေါ့။ ၂၀၁၄ ဒီဇင်ဘာမှာ အလုပ်စဝင်တယ်။ လစာအပြင်ကို သွားလာစရိတ်အဖြစ် ဆိုင်ကယ်ဆီဖိုးပေးတယ်။ အခုတော့ မြိုင်သာယာ (၃)တိုးချဲ့ကွက်သစ်မှာ နေပါတယ်။ အဖေကတော့ အရင်အလုပ်ပွဲစားလုပ်တယ်။ ကျွန်တော်ကတော့ ဒီမှာ ဆက်လုပ်နေတယ်။ ကျွန်တော်တို့ အရင်သီလဝါမှာ အတူနေခဲ့သူတွေထဲက အယောက် ၂၀ ၊ ၃၀ နီးပါး ဒီမှာပြန်ပြီး အလုပ်လုပ်ကြပါတယ်။

**ဒေါ်ကေခိုင်သင်း (အင်ဂျင်နီယာ)**
**Penta-Ocean Construction Co., Ltd.**

ကျွန်မက အဆောက်အအုံပိုင်းနဲ့ပတ်သက်ပြီး တာဝန်ယူထားတာပါ။ ဒီမှာ ၂၀၁၄ နိုဝင်ဘာကတည်းက အလုပ်စဝင်နေတာ။ ခြောက်လနီးပါးရှိပြီ။ အရင်က စက်ရုံဆောက်တဲ့ လုပ်ငန်းအတွေ့အကြုံမရှိဘူး။ ဒါကြောင့် အတွေ့အကြုံရအောင်လို့ ဒီအလုပ်ကို ရွေးချယ်ဖြစ်ခဲ့တာပေါ့။ RC နဲ့ ပတ်သက်တာ၊ Steel Structure နဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေအပြင် ရုံးပိုင်းဆိုင်ရာ ပညာရပ်တွေကိုလည်း အတွေ့အကြုံရတယ်။ ဂျပန်၊



ဒေါ်ကေခိုင်သင်း

ဗီယက်နမ် အင်ဂျင်နီယာတွေနဲ့ ဒီမှာတွဲပြီး လုပ်ရတယ်။ တချို့အလေ့အထတွေက ကွဲပြားတယ်။ ကိုယ့်မှာရှိတဲ့ ပညာတွေ ဖလှယ်နိုင်တယ်။ စက်ရုံနဲ့ ပတ်သက်တာကတော့ ဒါကပထမဦးဆုံး အတွေ့အကြုံပဲလေ။ အရင်က ကိုယ်လုပ်ရတဲ့ လုပ်ငန်းကိုင်ငန်းနဲ့ အခုလုပ်ရတဲ့လုပ်ငန်းကိုင်ငန်း မတူဘူးလေ။ အသစ်အဆန်းတွေကိုလည်း တွေ့ရပါတယ်။ တစ်နေ့ကို အလုပ်သမား ပျမ်းမျှ တစ်ရာလောက် အသုံးပြုရပါတယ်။

**ကိုအောင်သူ (လက်သမား)**
**မင်းကလွန်းကျေးရွာ**
**ကျောက်တန်းမြို့နယ်**

ဒီမှာ အလုပ်လုပ်တာ နှစ်လကျော်ရှိပါပြီ။ လက်သမားလုပ်တယ်။ အလုပ်သမားခေါင်းဆောင်လည်းလုပ်တယ်။ အရင်ကတော့ ရွာမှာ အိမ်လိုက်ဆောက်တယ်။ ဒီလို စီမံကိန်းအကြီးကြီးတွေကို အရင်တုန်းက မဆောက်ခဲ့ဖူးဘူး။ ကျွန်တော်တို့ အရင်ကတော့ မြန်မာနည်းနဲ့ ပေတွေ၊ လက်မတွေနဲ့ တိုင်းတယ်။ အခုတော့ စင်တီမီတာနဲ့ တွက်ရတယ်။ မနက် အလုပ်စရောက်တာနဲ့ ကျွန်တော်တို့အားလုံး လေ့ကျင့်ခန်းလုပ်ရတယ်။ နေ့စဉ်ပေါ့။ ကောင်းနိုးရာရာ အလုပ်ရှာရင်း ဒီအလုပ်ထဲ ရောက်လာတာပေါ့။ လုပ်ခကတော့အပြင်မှာ လုပ်သလောက်ပဲ။ ဒါပေမယ့် ဒီမှာက အချိန်ပိုဆင်းရတဲ့ အခါတွေရှိတယ်။ အဲလိုဆိုတော့ နေ့လုပ်ခ၊ ညလုပ်ခ နှစ်ဆိုင်းပါပေါင်းရင် တစ်ရက်လုပ်ခက နှစ်ရက်စာလောက် ရသလိုပဲပေါ့။ တစ်လကို အချိန်ပိုဆင်းခွင့်က ရက် ၂၀ လောက် ရှိတယ်လေ။ အဖွဲ့တစ်ဖွဲ့ကို လူ ၃၀၊ ၄၀ ပါတယ်။ တစ်ဝက်က ညဆိုင်းဆင်းရတယ်။ တစ်ရက်ခြား တစ်ခါပေါ့။



ဒေါ်သွယ်သွယ်မြင့်အောင်

**ဒေါ်သွယ်သွယ်မြင့်အောင်**
**(လက်ထောက်မန်နေဂျာ)**
**(Myanmar Japan Thilawa Development Ltd.)**

ကျွန်မက မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ကပါ။ ယောမြို့လို့လည်းခေါ်ပါတယ်။ ကျွန်မ အင်္ဂလိပ်စာနဲ့ဘွဲ့ရပြီး စီမံခန့်ခွဲမှုဘွဲ့လွန်ကို (UK)ကနေ ရရှိထားပါတယ်။ အရင်က လုပ်ငန်းအတွေ့အကြုံ ရှိတယ်။ သီလဝါ အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံရဲ့ ပထမဆုံး စီးပွားရေးဇုန်လည်းဖြစ်တယ်။ နိုင်ငံတကာနဲ့ လုပ်ကိုင်ရတဲ့ လုပ်ငန်းအတွေ့အကြုံ လိုချင်တယ်။ အဓိကကတော့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတဲ့နေရာမှာ တစ်နေရာကနေ ပါဝင်လို့ရအောင်လို့ပါ။ အခု နိုင်ငံတကာနဲ့ ယှဉ်လုပ်တဲ့နေရာမှာ လုပ်ပုံကိုင်ပုံလေးတွေ သင်ယူရတယ်။ သူတို့ရဲ့ အတွေ့အကြုံတွေရတယ်။ နိုင်ငံတကာက ဧည့်သည်တွေနဲ့ တွေ့ရတယ်။ ဒီအတွေ့အကြုံတွေကနေ ပြန်ပြီး ကိုယ့်ဘဝတက်လမ်းအတွက် အသုံးချနိုင်မှာပေါ့။

**ဒေါ်နန်းခမ်းခေါင်ယိင်းလင်း**
**လက်ထောက်မန်နေဂျာ**
**(Myanmar Japan Thilawa Development Ltd.)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ကပါ။ ၂၀၁၄ ဇန်နဝါရီကစပြီး အလုပ်စဝင်တာပါ။ ပထမဆုံး တရုတ်နိုင်ငံက ကုမ္ပဏီတစ်ခုမှာ လေးနှစ်လောက် လုပ်ပါတယ်။ နောက် မီဒီယာကုမ္ပဏီတစ်ခုမှာ နှစ်နှစ်လုပ်ပါတယ်။ နောက်ဆုံး ပြင်သစ်ကုမ္ပဏီမှာလုပ်ပြီး ဒီကုမ္ပဏီမှာ လုပ်ကိုင်တာပါ။ မြန်မာပြည်ရဲ့ ပထမဆုံး အထူးစီးပွားရေးဇုန်လည်းဖြစ်တယ်။ ကုမ္ပဏီကလည်း DEVELOPER ကုမ္ပဏီလည်းဖြစ်တယ်။ နိုင်ငံခြားနဲ့ တွဲဖက်လုပ်ကိုင်ရတဲ့



ကိုအောင်သူ

အခါမှာ စီမံခန့်ခွဲပုံနဲ့ လုပ်ပုံကိုင်ပုံတွေကို သူတို့ဆီကနေ ရရှိပါတယ်။ ကျွန်မတို့အတွက်တော့ ပထမဆုံး အတွေ့အကြုံဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

၂၀၁၅ ခုနှစ်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ အလုပ်သမား ၅၀၀၀ ခန့် စတင်၍ အလုပ်အကိုင်ရရှိမည်ဖြစ်ကာ ၂၀၁၆ ခုတွင် အလုပ်သမား ၁၅၀၀၀ ခန့် အလုပ်အကိုင်ရရှိမည်ဖြစ်သည်။ Zone (A) တစ်ခုလုံးပြီးသွားလျှင် အလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းကျော် ခန့်ထားပေးနိုင်မည် ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန်မှ သိရသည်။




## မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နမ့်ဆန် ဧပြီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ရဲမှူးစံရွှေမောင်က ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ စခန်းမှူး ဒုရဲမှူး မိုးညွှန့်ဦးက မှုခင်းကျဆင်းရေးဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးပြီး အစည်းအဝေးသို့တက်ရောက်လာသူ ပြည်သူများက တင်ပြဆွေးနွေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

တွေ့ဆုံမေးမြန်း

# ငြိမ်းချမ်းရေးလမ်းစမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့

သတင်းဆောင်းပါး
မြန်မာ့သတင်းစဉ်အဖွဲ့

ငြိမ်းချမ်းရေးကို ကျေးလက်ဒေသမှ မြို့ပြထိ လူကြီးလူငယ်မရွေး၊ ဘာသာမရွေး၊ ကျားမ မရွေး လိုလားတောင့်တကြသည်။ နိုင်ငံငြိမ်းချမ်းသည်နှင့် အမျှ တောင်ပေါ်မြေပြန့်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုများနည်းပါး၍ မည်သည့်အချိန်ကာလမရွေး စီးပွားရေး၊ လူမှုရေး၊ ကူးလူးဆက်သွယ်သွားလာနိုင်ပေမည်။ ထို့အတွက်လည်း ခေတ်အဆက်ဆက်သော အစိုးရအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများက ငြိမ်းချမ်းရေးအတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် အကြောင်းမတိုက်ဆိုင်၍ နှစ်ပေါင်း ၆၀ ကျော် ဝေးကွာခဲ့ရပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ငြိမ်းချမ်းရေး၏ ပထမခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းကို ညီညွတ်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပဏာမငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ရင်တွင်းပီတိသံကို ကြားသိခဲ့ရသမျှ ဖော်ပြလိုက်ရပါသည်။

**ဗိုလ်မှူးချုပ်ခင်မောင်အေး**
**(အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ်)**

ကျွန်တော်တို့နိုင်ငံ နယ်ချဲ့လက်အောက်မှာ နှစ်ပေါင်းများစွာကျရောက်ခဲ့ပြီး နယ်ချဲ့တို့ရဲ့သွေးခွဲ အုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုလျော့ပါးလာတဲ့အတွက် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ လက်နက်ကိုင်ပဋိပက္ခတွေပေါ်ပေါက်ခဲ့ပြီး နယ်မြေအေးချမ်းတည်ငြိမ်မှု မရှိတဲ့အတွက် ဒေသဖွံ့ဖြိုးရေးကို သက်ဆိုင်ရာအစိုးရက ဆောင်ရွက်မပေးနိုင်ဘူး။ နယ်မြေလုံခြုံမှုမရှိတဲ့အတွက် အခြားဒေသက ဝန်ထမ်းတွေ ကြာရှည်မနေနိုင်ကြဘူး။ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးနဲ့ ပညာရေးမှာ အခြားဒေသတွေထက် နောက်ကျကျန်ခဲ့ရတယ်။ ဒါတွေက နယ်မြေအေးချမ်းတည်ငြိမ်မှု မရှိလို့ဖြစ်ပါတယ်။

တိုင်းပြည်အေးချမ်းတည်ငြိမ်မှုမရှိရင် မတိုးတက်နိုင်ဘူးဆိုတာ ခေတ်အဆက်ဆက်က အစိုးရအဆက်ဆက်တွေက နားလည်သဘောပေါက်တဲ့အတွက် ငြိမ်းချမ်းရေးရဖို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် ခိုင်မာတဲ့ငြိမ်းချမ်းရေးကို မဖော်ဆောင်နိုင်ခဲ့ဘူး။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်မှာ ဆောင်ရွက်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုဟာ မှန်ကန်တဲ့ ချဉ်းကပ်နည်းနဲ့ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဆွေးနွေးမှုအချိန် တစ်နှစ်နဲ့ ငါးလအတွင်း တရားဝင်(၇)ကြိမ်နဲ့ အလွတ်သဘော အကြိမ်(၂၀)ကျော် ဆွေးနွေးခဲ့ကြပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှာ ပြည် ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)တို့ ရန်ကုန်မြို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ကချင်ပြည်နယ် မန်စီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ကချင်ပြည်နယ်က နှစ်ပေါင်း ၆၀ လောက် မငြိမ်းချမ်းမှုရဲ့ဒဏ်ကို ခါးစည်းခံခဲ့ရပါတယ်။ ကျွန်တော့် မြို့နယ်အနေနဲ့လည်း ရွာပေါင်း ၆၄ ရွာရှိပြီး ရှေးတုန်းက အင်ပင်နွယ်ရစ် လယ်တောဖြစ်ဆိုသလို အေးချမ်းစွာအိမ်ကြီးအိမ်ကောင်းတွေနဲ့ နေထိုင်ခဲ့ရတယ်လို့ ရှေ့မီနောက်မီ



ဦးမန်းကံညွန့်
(ဘားအံမြို့နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်)

လူကြီးတွေက ပြောပြခဲ့ပါတယ်။ နောက်ပိုင်း မငြိမ်းချမ်းတဲ့အတွက် ကျောင်းနေအရွယ်တွေလည်း ကျောင်းမနေရဘူး၊ ပညာရေးတွေ တစ်ပိုင်းတစ်စနဲ့ လူငယ်တွေရဲ့ဘဝ မရေရာခဲ့ဘူး။

ဒါကြောင့် ငြိမ်းချမ်းရေးရအောင် ကြိုးပမ်းတဲ့နေရာမှာ တစ်ထောင့်တစ်နေရာကနေ ကေအိုင်အေအဖွဲ့နဲ့ သွားရောက်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော့်အသက် ၆၀ ရှိပါပြီ။ ကိုယ်တိုင်လည်း မငြိမ်းချမ်းတဲ့ကြားမှာ ပညာသင်ကြားခဲ့ရတဲ့အတွက် ပညာရေးတစ်ပိုင်းတစ်စဖြစ်ခဲ့ရတယ်။ အခုအချိန်မှာ ပြည်နယ်အတွက်ရော နိုင်ငံအတွက်ရော ငြိမ်းချမ်းရေးလမ်းပေါ်ကို စတင်လျှောက်လှမ်းနိုင်တဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုနိုင်တော့ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ သမ္မတကြီးပြောသလို ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ဆိုတဲ့အတိုင်း အခုမှစပြီးလှမ်းတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

**ဦးအောင်ကြည်ညွန့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

နှစ်ပေါင်း ၆၀ ကျော်ကြာ ဒီလိုတစ်ယောက်နဲ့တစ်ယောက် ပြောနိုင်၊ ဆိုနိုင်တာမျိုးတွေမရှိတဲ့အတွက် တိုင်းပြည်အများကြီး ထိခိုက်နစ်နာခဲ့ပါတယ်။ အခုလို တစ်ယောက်နဲ့တစ်ယောက် တွေ့ကြမယ်၊ ဆုံကြမယ်၊ ပြောကြမယ်ဆိုတော့ အခက်အခဲရှိနေခဲ့ရင်တောင် ဒီလိုအခြေအနေမျိုးဖြစ်လာတာ မျှော်လင့်ချက်ရောင်ခြည်ရှိပါတယ်။ ဒါတွေကို ပိုပြီးတော့ ခိုင်မာအောင်လုပ်ရပါမယ်။ နောက်ထပ်ရင်ဆိုင်ရမယ့် အခက်အခဲတွေကိုသွားတဲ့အခါမှာ တိုင်းပြည်ရဲ့ အကျိုးကိုမျှော်ကိုးရမယ်။ ဒီလိုအကျိုးကို မျှော်ကိုးပြီးတော့ သဘောထားကြီးမှုတွေ



ဦးခန်ဆွမ်းမုံ
(တီးတိန်မြို့နယ် လွှတ်တော် ကိုယ်စားလှယ်)

သည်းခံမှုတွေနဲ့ စီစဉ်ဆောင်ရွက်သွားဖို့ ရှေ့တစ်လှမ်းတက်နိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

**ဦးမန်းကံညွန့်**
**(ဘားအံမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်းပြောရရင် အခုလို အခြေအနေမျိုးကို ရောက်လာလိမ့်မယ်လို့ မမျှော်လင့်ရဲခဲ့ဘူး။ ဒါပေမယ့် သဘောတူညီမှု မူကြမ်းလက်မှတ်ထိုးတဲ့အဆင့်ကိုရောက်သွားချိန်မှာ ကျွန်တော့်ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာကြည်နူးမှုဖြစ်ရပါတယ်။ ပြောမယ်ဆိုရင် အခုအခြေအနေရောက်သွားတာကို ကျွန်တော်တို့ သိပ်ဝမ်းသာပါတယ်။

ဒါပေမယ့် ဒီအဆင့်နဲ့မပြီးသေးဘူးလို့ ကျွန်တော်ထင်ပါတယ်။ တကယ့်တကယ် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးရင်တောင်မှ နောက်ကနေပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲတွေက လာဦးမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလိုလက်မှတ်ရေးထိုးနိုင်တာကိုပဲ ကျွန်တော်တို့ ကရင်တိုင်းရင်းသားများအနေနဲ့ရော ပြည်နယ်သူ၊ ပြည်နယ်သားများ အနေနဲ့ရော အင်မတန်မှ ဝမ်းသာကြည်နူးမှု ဖြစ်ရပါတယ်။

ဒီလုပ်ငန်းစဉ်တွေ အောင်မြင်ပါစေလို့ ကျွန်တော်တို့ ဆုတောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စစ်ရဲ့အနိဋ္ဌာရုံဟာ မကောင်းဘူးဆိုတာ လူတိုင်းသိပါတယ်။ တိုင်းရင်းသားအားလုံးလည်း သိပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရမယ့် သယံဇာတအရင်းအမြစ်တွေအများကြီးရှိပါတယ်။ သို့သော်ငြားလည်း ငြိမ်းချမ်းမှုမရှိတဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျခဲ့ရပါတယ်။

အခုပဋိပက္ခဖြစ်စဉ်တွေ ပြီးဆုံးသွားတော့မယ့် အနေအထားမျိုးတွေ မြင်နေရတဲ့အခါမှာ တိုင်းပြည်ရဲ့ အနာဂတ်မျှော်လင့်ချက်ရောင်နီတွေသန်းပြီး၊ အလင်းရောင်တွေရပြီး ဖွံ့ဖြိုးတိုးတက်တော့မယ်ဆိုတဲ့ အမြင်မျိုး၊ တိုင်းပြည်သာယာဝပြောတော့မယ်ဆိုတဲ့ အမြင်မျိုး ရင်ထဲမှာခံစားရပါတယ်။

**ဦးခန်ဆွမ်းမုံ(တီးတိန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်သတင်းစာတွေမှာ ဖတ်ခဲ့ရပါတယ်။ တော်တော်များများပြောသလိုပေါ့။ နိုင်ငံအတွက် တကယ့်ငြိမ်းချမ်းရေးရဖို့က တကယ်လမ်းစဖြစ်နေပါတယ်။ ကျွန်တော် အများကြီးကြိုဆိုပါတယ်။ ဝမ်းလည်းသာပါတယ်။ ချင်းပြည်နယ်က လက်နက်ကိုင်အဖွဲ့အစည်း CNF ဆိုတာလည်းပါတယ်။ ချင်းကိုယ်စားလှယ်တွေကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးပြီး လက်မှတ်ထိုးတဲ့အဖွဲ့မှာလည်း ပါတယ်ဆိုတော့ ကျွန်တော် အများကြီးဝမ်းသာပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်အတွက်ရော၊ တစ်နိုင်ငံလုံးအတွက် ဒီငြိမ်းချမ်းရေးရလာမှ နိုင်ငံတိုးတက်မှာဆိုတော့ အများကြီး ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**ဦးစိုင်းကျော်ဇောခမ်း**
**(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

နှစ်ဖက်ဆွေးနွေးကြတဲ့သူတွေကို ကျေးဇူးတင်ရပါမယ်။ နိုင်ငံတော်အစိုးရဘက်က ခင်းပေးတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လာပြီလေ။ ကောင်းသွားမယ်လို့လည်း ထင်တာပဲ။ ဦးနိုင်ဟံသာတို့အဖွဲ့လည်း ငြိမ်းချမ်းရေးတကယ်လိုလားတဲ့ ပုဂ္ဂိုလ်တွေလို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ သမ္မတကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ်ကလည်း ငြိမ်းချမ်းရေး လိုလားနေတာပဲ။ အဲဒီတော့ ဖြစ်သွားမယ်လို့တော့ မျှော်လင့်ပါတယ်။ ယုံလည်း ယုံကြည်နေပါတယ်။

**နှစ်ပေါင်း ၆၀ ကျော် ဝေးကွာခဲ့ရပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ငြိမ်းချမ်းရေး၏ ပထမခြေလှမ်းဖြစ်သည့် တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး စာချုပ်မူကြမ်းကို ညီညွတ်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လှိုက်လှဲစွာ ကြိုဆိုထောက်ခံခြင်း

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား မတ်လ ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် တစ်ဖက်နှင့်တစ်ဖက်အကြား ယုံကြည်ကိုးစားမှု၊ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းသစ်တစ်ခုဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ နှစ် ၆၀ ကျော် ဖြစ်ပွားခဲ့ပြီးနောက် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောတူညီမှုမှာ ခွဲ၊ လုံ့လ၊ စိတ်စေတနာကောင်းကြောင့် ဖြစ်ပါကြောင်း၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ဖွဲ့တို့ နှစ် ၆၀ ကျော် ပဋိပက္ခအပေါ် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် သမိုင်းဝင်ထူးခြားသော အောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းသမိုင်းဝင်ဆောင်ရွက်ချက်ဖြစ်ရပ်ကို ကြိုဆိုထောက်ခံပြီး နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တို့ကို ဂုဏ်ယူလေးစားမိပါကြောင်းနှင့် သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့မှုသည် ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ပါသဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူလူထုအားလုံးက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လှိုက်လှဲစွာ ကြိုဆိုထောက်ခံအပ်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူပြည်သားများ**

ပြည်တွင်းသတင်း

# Apex လေကြောင်းလိုင်းသစ် စတင်ပျံသန်း



**ကော့သောင်း ဧပြီ ၅**

ကော့သောင်းမြို့သို့ Apex လေကြောင်းလိုင်းသစ် စတင်ပျံသန်းခြင်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃ ရက်က ကော့သောင်းလေဆိပ်၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ Apex လေကြောင်းလိုင်းဥက္ကဋ္ဌ ဦးခင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ Apex လေကြောင်းလိုင်းသည် နေပြည်တော်အခြေစိုက် လေကြောင်းလိုင်းတစ်ခုဖြစ်ပြီး ထားဝယ်ဒေသခံများ ပိုင်ဆိုင်ခြင်းဖြစ်ရာ ခရီးသည် ၇၂ ဦးခန့် စီးနင်းလိုက်ပါနိုင်သည့် ဂျာမနီနိုင်ငံလုပ် ATR-72 အမျိုးအစား လေယာဉ်ဖြင့် ပြည်တွင်းခရီးစဉ်များ ဖြစ်သည့် နေပြည်တော်-ရန်ကုန် ခရီးစဉ်အပြင် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့များဖြစ်သည့် ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ တိုက်ရိုက်ပျံသန်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ ထပ်မံ၍ လေယာဉ်အရေအတွက် ဖြည့်ဆည်းပြီးပါက နိုင်ငံခြားခရီးစဉ်များကို တိုးချဲ့ပျံသန်း ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်မြို့၌ ခုံးကျော်တံတားသုံးခု တည်ဆောက်မည်

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်မြို့ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယခုနှစ်အတွင်း လူစည်ကားရာနေရာသုံးခုတွင် လူကူးခုံးကျော်တံတားသုံးခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်း၊ တံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လူကူးခုံးကျော်တံတား တည်ဆောက်မည့်နေရာများမှာ တာမွေလမ်းဆုံအနီးတွင်လည်းကောင်း၊ ရှစ်မိုင်လမ်းဆုံတွင် လည်းကောင်း၊ ကုက္ကိုင်းလမ်းဆုံတွင် လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ လောလောဆယ်တွင် လှည်းတန်းလမ်းဆုံ၌ စက်လှေကားပါ လူကူးခုံးကျော်တံတားအတွက် စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် လူသွားလူလာ များပြားသောနေရာများ၌ စက်လှေကားပါ လူကူးခုံးကျော်တံတားများ တည်ဆောက်ပေးလျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်း ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းအနီးတွင် လည်းကောင်း၊ ကမ္ဘာအေးဘုရားလမ်း ဂမုန်းပွင့် ကုန်တိုက်ရှေ့တွင်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယ လှသောင်းကျောင်းရှေ့တွင် လည်းကောင်း စက်လှေကားပါလူကူးခုံးကျော်တံတားများ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့ လူစည်ကားရာနေရာများတွင် လူကူးခုံးကျော်တံတားများ တည်ဆောက်ပေးခြင်းဖြင့် ယာဉ်အန္တရာယ်မတော်တဆမှုများ ဖြစ်ပွားမှုနှုန်း ကျဆင်းသွားလိမ့်မည်ဟု တာဝန်ရှိသူများက မျှော်လင့်ထားသည်။ လူကူးခုံးကျော်တံတားများတွင် စက်လှေကားတပ်ဆင်ပေးရခြင်း၏အဓိကအကြောင်းအရင်းသည် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ဆူးလေဘုရားလမ်းပေါ်ရှိ စက်လှေကားမပါသည့် ခုံးကျော်တံတားမှာ လူအသုံးပြုမှုနည်းပါးနေပြီး စီးပွားရေးကြော်ငြာများအတွက် နေရာတစ်ခုအဖြစ်သာ တွေ့ရသည်။

**ကြံတိုင်းအောင်**

# Air KBZ လေကြောင်းလိုင်း လေးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၅**

Air KBZ Limited ၏ လေးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဧပြီ ၃ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ Air KBZ Limited နာယက ဦးအောင်ကိုဝင်း၊ Air KBZ Limited မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းနှင့် Air KBZ Limited မှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ Air KBZ Limited ဌာနများအလိုက် အကအလှများဖြင့် ဖျော်ဖြေပြီးဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

Air KBZ လေကြောင်းလိုင်းသည် ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက်မှစ၍ ATR 72-500 လေယာဉ်များဖြင့် ပြည်တွင်းလေကြောင်း ခရီးစဉ်များအား ပျံသန်းခဲ့ပြီး ယခုအခါ ATR 72-500 လေကြောင်း ငါးစင်း၊ ATR 72-600 လေယာဉ်သုံးစင်း စုစုပေါင်း လေယာဉ်ရှစ်စင်းဖြင့် ရန်ကုန်မြို့မှ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး၊ နေပြည်တော်၊ မြစ်ကြီးနား၊ ကလေး၊သံတွဲ၊ စစ်တွေ၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ နေ့စဉ်ပျံသန်းပြေးဆွဲလျက်ရှိသည်။ ၂၀၁၅ ခုနှစ် မေလတွင် ATR 72-600 လေယာဉ်သစ်တစ်စင်း ထပ်မံရောက်ရှိမည်ဖြစ်ပြီး ရန်ကုန်-ချင်းမိုင်- ရန်ကုန် ခရီးစဉ်အား တိုးချဲ့ပျံသန်းရန် စီစဉ်နေကြောင်း သိရသည်။

**ဖိုးသော်ဇင်**




သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ပူးပေါင်းဖွင့်လှစ်သော
Business Management Higher Diploma (အမှတ်စဉ်-၃) သင်တန်းအတွက်
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကိုဇွန်လ(၂၀)ရက်နေ့တွင်စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

1. Business Management Higher Diploma
2. Business Management Advanced Diploma

(၁) Business Management Higher Diploma သင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင်တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်း ခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
(၂) သင်တန်းကာလမှာ(၆)လကြာမြင့်မည်ဖြစ်ပါသည်။သင်တန်းများကို အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည် ဖြစ်ပါသည်။ ဖြေဆိုအောင်မြင်ပြီးပါက သမဝါယမတက္ကသိုလ် (သန်လျင်)နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကိုရရှိမည်ဖြစ်ပြီး Business Management Advanced Diploma သို့ဆက်လက်တက်ရောက်နိုင်ပါသည်။
(၃) ၎င်းDiplomaသင်တန်းများအောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု ABE Diploma စာမေးပွဲများကို ဆက်လက်ဖြေဆိုနိုင်ပါသည်။
(၄) Mangement ဘာသာရပ်အခြေခံမရှိသူများအတွက် Management Foundation Course ကို အခမဲ့တက်ရောက်နိုင်ပါသည်။အဆိုပါ Foundation Course ကို (၄.၅.၂၀၁၅)ရက်နေ့တွင် စတင်ပါမည်။ ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ(၂)စုံ၊ဓါတ်ပုံ(၃)ပုံတို့နှင့်တကွ WISE College တွင် (၂၅.၃.၂၀၁၅) ရက်နေ့မှစ၍စာရင်းပေးသွင်းအပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်
Ph.09-253528521၊ 09-253528520




အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မဏိမေခလာလမ်း၊ အမှတ်-၂၅/၂၇၊ ၄-လွှာ (မြေရှင်းခန်း) တိုက်ခန်းနှင့်/ရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားမှုများကို မြေနှင့်တိုက်ခန်းပိုင်ရှင် ဒေါ်လှဝင်း ၁၂/ကမတ (နိုင်) ဝ၄ဝ၇၉၅ ထံမှ ဒေါ်ရွှေမဝခင် ၁၂/အစန (နိုင်) ၂၂၄၅၁၃ က ရောင်းကြေးငွေအပြေအကြေပေးချေပြီးလက်ရောက်ဝယ်ယူထားပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးမော် B.Sc (Maths.) DL
အထက်တန်းရှေ့နေ
E-mail : myomaw 2007@gmail.com
တိုက်(၆/၁/၃)၊ ဆရာများရိပ်သာ
လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်
ရန်ကုန်မြို့။ 09 51 56683

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Forest Park Co.,Ltd. ၏ ID No.565317 Date 26-3-15 နှင့် Air Way Bill No.59900511980 နှင့် ပူးတွဲပါ စာရွက်စာတမ်းများ အစုံလိုက် လေဆိပ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၈၆၄၀၆၄၀၊ ၀၉-၅၁၆၀၄၄၈

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း (Final Draft) အတည်ပြုလက်မှတ်ရေးထိုးခြင်းအပေါ် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA)အတည်ပြုမူကြမ်းကို ၂၀၁၅ခုနှစ် မတ် ၃၁ရက်က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ရှေ့မှောက်တွင် ပဏာမလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပေါ် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ပါသည်။

၂။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ ၁၆လတိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အတည်ပြုနိုင်ခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ နေပြည်တော်တွင် အမြန်ဆုံးလက်မှတ်ထိုးနိုင်ရန်ကိုလည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ငြိမ်းချမ်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်နေခြင်းကို မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အထူးကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း (Final Draft) အတည်ပြု လက်မှတ်ရေးထိုးခြင်းအပေါ် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏**

## ဂုဏ်ပြုဝမ်းမြောက်ကြောင်း

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) အတည်ပြုမူကြမ်းကို ၂၀၁၅ခုနှစ် မတ် ၃၁ ရက်က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ရှေ့မှောက်တွင် ပဏာမလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပေါ် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ပါသည်။

၂။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ခုနှစ် မတ် ၃၁ ရက်အထိ ၁၆ လတိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အတည်ပြုနိုင်ခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ နေပြည်တော်တွင် အမြန်ဆုံးလက်မှတ်ထိုးနိုင်ရန်ကိုလည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ငြိမ်းချမ်းရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေခြင်းကိုလည်းကောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များကိုယ်စား အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း။

**မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း**

# လျှပ်စစ်အလင်းတန်း မယ်စဲ့မြို့သို့ရောက်ပြီ

ဝေယံ
• • • • • •

မယ်စဲ့မြို့သည် ကယားပြည်နယ်အတွင်းရှိ ထိုင်းနိုင်ငံနှင့် ကပ်လျက်ရှိသော နယ်စပ်မြို့ ဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး မိုးရေချိန် ပျမ်းမျှ ၄၃ ဒသမ ၀၄ လက်မခန့် ရွာသွန်းပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၅၀ ပေတွင် တည်ရှိပါသည်။ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင် လူမျိုးများနေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်ကြပါသည်။

မယ်စဲ့မြို့ကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့ကစ၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ညပိုင်း အချိန်အပိုင်းဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းကိုလည်း ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာတွင် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်လာမည့် မယ်စဲ့မြို့ ဓာတ်အားပြည့်ဝစွာရရှိရေးကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

မယ်စဲ့မြို့ကို နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားရရှိရေးအတွက် ဖားဆောင်း - မယ်စဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၈ မိုင် တည်ဆောက်ပြီး မယ်စဲ့မြို့တွင် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် မတ်လ ၆ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ ဖားဆောင်း-မယ်စဲ့ဓာတ်အားလိုင်း တည်ဆောက်ရာတွင် မြစ်ချောင်း၊ တောင်ကုန်း၊ လျှိုမြောင်တောတန်းတစ်လျှောက် တည်ဆောက်ရသော လုပ်ငန်းဖြစ်၍ ခက်ခဲလှပေသည်။ မြစ်ကူးတာဝါတိုင်များဖြင့် သံလွင်မြစ်ကြီးကိုကျော်ဖြတ်၍ လိုင်းဆွဲခဲ့ရပါသည်။ လူမသယ်နိုင် စက်မသယ်နိုင်သော တောင်ကုန်းလျှိုမြောင်များအတွင်းသို့ ဓာတ်အားလိုင်း ကွန်ကရစ်တိုင်များကို ဆင်များဖြင့် ဆွဲသွင်းစိုက်ထူရပေသည်။ မာကျောသော ကျောက်တောင်ကျောက်သားမြေများပေါ်တွင် တိုင်ကျင်းများထွင်းဖောက်ကာ တိုင်စိုက်ခြင်းများ ပြုလုပ်ခဲ့ရပေသည်။

ဓာတ်အားလိုင်းများ တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းကြီးကြပ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လျှပ်စစ်ဝန်ထမ်းများပါဝင်သောအဖွဲ့ ရှစ်ဖွဲ့၊ ပြင်ပလျှပ်စစ်တည်ဆောက်ရေးအဖွဲ့ ခုနစ်ဖွဲ့၊ လူအင်အား ၃၀၀ ကျော်ဖြင့် နေ့မအား၊ ညမနား တည်ဆောက်ခဲ့ကြသည်။ နေ့အချိန်တွင် ဓာတ်အားလိုင်းတည်ဆောက်ခဲ့ရပြီး ညအချိန်တွင် လိုင်းတည်ဆောက်ရေးပစ္စည်းများကို ကြိုတင်ပြင်ဆင်ခြင်း၊ သံလက်တန်းများ ဖြတ်ဖောက်လုပ်ခြင်းများဖြင့် အချိန်ကိုလု၍ ဆောင်ရွက်ခဲ့ကြရသည်။ အပူချိန် ၄၅ ဒီဂရီ ဖာရင်ဟိုက်အထိ ပူပြင်းသော မယ်စဲ့နွေရာသီ၏ နေအပူရှိန်ကို အံတုကာ ချွေးမြေကျအောင် ဆောင်ရွက်ခဲ့ကြသည်။ နေကပူ တောမီးကပူသည့်ကြားထဲတွင် တောမီးကြောင့် ထွက်လာသော ပတူကောင်များအတုတ်ခံရ၍ ဆေးရုံတက်ရသူ လည်းရှိသည်။



ကွန်ကရစ်ဓာတ်တိုင်အား ဆင်ဖြင့်ဆွဲနေပုံ။

လုပ်ငန်းအဖွဲ့အလိုက် တာဝန်ကိုယ်စီ သတ်မှတ်ထားရာ တာဝန်များ အမြန်ပြီးပြတ်ရေးအတွက် ညအချိန်တွင် ဓာတ်မီးများဖြင့် တိုင်ပေါ်တက်၍ ဆောင်ရွက်ခဲ့ကြရသည်။

လျှပ်စစ်ဝန်ထမ်းများ၏ နေ့မအား၊ ညမနား ဇွဲ၊ လုံ့လ၊ ဝီရိယရှိစွာဖြင့် ပင်ပန်းခံခဲ့ရခြင်း၏ အကျိုးရလဒ်ကို ရရှိခဲ့ကြပေပြီ။

၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မယ်စဲ့မြို့သည် နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် မီးလင်းခဲ့ပြီ။

မြစ်ကိုဖြတ်၊တောင်ကိုကျော် တောကိုနင်း၍ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၈ မိုင်ကို တစ်လအတွင်း အောင်မြင်စွာ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပေပြီ။ ဘုရား၊ ကျောင်း၊ လမ်းနှင့် အိမ်ရာများအား ဓာတ်အားစနစ်ဖြင့် မီးအပြည့်အဝ သုံးစွဲနိုင်ကြပါပြီ။

ဓာတ်အားလွှတ်သောနေ့တွင် "ဆရာ ဘာဖြစ်လို့ ငိုနေတာလဲ"။

"ဟ. . . ငါငိုနေတာမဟုတ်ဘူး၊ ဝမ်းသာလွန်းလို့ မျက်ရည်ကျမိတာကွ"။

ချွေးမြေကျအောင် တည်ဆောက်ခဲ့ရမှုအတွက် မျက်ရည်ကျအောင် ဝမ်းသာခဲ့ကြသော လျှပ်စစ်ဝန်ထမ်းများ၏ ပီတိပင် . . .။

"ကျုပ်တစ်သက် အခုလို ချက်ချင်း လျှပ်စစ်မီးတွေလင်းလာတာကို ယုံတောင် မယုံနိုင်ပါဘူး။အိပ်မက်များလား၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ နိုင်ငံတော်ကို ကျေးဇူးတင်လိုက်တာ"ဟု အဘိုးအိုတစ်ဦး၏ "ရင်တွင်းဖွင့်ဟ စကားသံ"။

မယ်စဲ့မြို့နေ တိုင်းရင်းသားပြည်သူများအားလုံး ပျော်ရွှင်နေကြပေပြီ။ ကလေးများ၏ ပျော်ရွှင်မှုအသံများနှင့် ဘဝင်ညံနေကြပေပြီ။

မယ်စဲ့မြို့ ဓာတ်အားရရှိရေးတွင် ကယားပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၏ ကူညီပံ့ပိုးပေးမှုများသည်လည်း လုပ်ငန်းအောင်မြင်မှုအတွက် အရေးပါလှပေသည်။ ရိက္ခာဆန်၊သောက်ရေသန့်၊ ဆေးပစ္စည်း၊ ဆေးစိမ်ခြင်ထောင် စသည်ဖြင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့မှု လုပ်ငန်းခွင်အခက်အခဲများ ကူညီဖြေရှင်းပေးခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းခွင် ဒဏ်ရာရသူများ၊ ဖျားနာသူများကို မယ်စဲ့ဆေးရုံက ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

မယ်စဲ့မြို့သို့ရောက်ရှိနေပြီဖြစ်သော လျှပ်စစ်ဓာတ်အားကို မယ်စဲ့မြို့မှတစ်ဆင့် အနီးပတ်ဝန်းကျင် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ မယ်စဲ့မြို့နယ်တစ်ခုလုံး လျှပ်စစ်အလင်းရောင်များဝေဖြာ၍ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် မယ်စဲ့မြို့နည်းတူ ဓာတ်အားမရရှိသေးသော မြို့၊ ကျေးရွာများဓာတ်အားရရှိရေးကိုလည်း နိုင်ငံတော်၏ဘဏ္ဍာငွေ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့ချေးငွေများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်

**သီပေါ ဧပြီ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မတ် နောက်ဆုံးပတ်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သီပေါမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် နွေရာသီကာလ၌ သောက်သုံးရေများပြတ်လပ်မှုမရှိအောင် ဖာဖိတ်ဆည်ကြီးမှ ရေကိုတောင်သူလယ်သမားများ နှင့် မြို့နယ်ပြည်သူများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ မြို့သန့်ရှင်းသာယာလှပရေးအတွက်အမှိုက်ကင်းမဲ့ဇုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေးနှင့် မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမှုအခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက်သီပေါမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် မီးငြိမ်းသတ်ရာတွင် လိုအပ်သည့်အသုံးအဆောင်အထောက်အကူပြုပစ္စည်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူးက အစည်းအဝေးတက်ရောက်လာသူများကို လက်တွေ့ရှင်းလင်းပြသကြောင်း သိရသည်။

**စိုင်း(သီပေါ)**

ပြည်တွင်းသတင်း

# စမတောင်မှ ရွှေတိဂုံပုံတူကိုးနဝင်းကြေးစေတီတော်

သတင်းဆောင်းပါး-သိမ့်သိမ့်မိုး
(မြန်မာ့အလင်း)
ဓာတ်ပုံ-ညီညီ

**နေပြည်တော် ဧပြီ ၅**

မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ဘုရားပုထိုးစေတီပေါင်းများစွာရှိသည့်အနက် မြန်မာ့အမြင့်ဆုံးနှင့် ကြေးပိဿာချိန်အများဆုံး ရွှေတိဂုံပုံတူကြေးစေတီတော်မြတ်ကြီးကို နေပြည်တော် သာဝတ္ထိမြို့အနီးရှိ ပရဟိတလူငယ်ဖွံ့ဖြိုးရေးဂေဟာ (စမတောင်)အတွင်းရှိ ကမ္ဘောဇကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စေတီတော်မြတ်ကြီးမှာ ကြေးပိဿာချိန် နှစ်တန်ရှိကာ ကြေးစေတီအမြင့် ၁၈ ပေ၊ စိန်ဖူးတော်ထိ ၂၂ ပေအမြင့်ရှိ စေတီတော်မြတ်ကြီးကို စတင်အကောင်အထည်ဖော်တည်ထားသည့် စမတောင် ပရဟိတကျောင်းတိုက် ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် ဦးရေဝဒထံမှ သိရသည်။

“စတင်တည်ထားတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူပြည်သားများ ကြီးပွားချမ်းသာအောင်၊ နောက်ပြီး ပရဟိတကျောင်းမှာရှိတဲ့ ကလေးသူငယ်များလည်း ဘာသာတရားနဲ့ မကင်းအောင်၊ ဘုရားရိပ်တရားရိပ်မှာ ကြီးပြင်း အောင်၊ နေ့စဉ်နေ့တိုင်း ဘုရားကြီးကို ဖူးမြော်ရအောင် ဆိုပြီး တည်ထားတာပါ။ စေတီတော်ကြီးကို တည်ထားတဲ့ အခါမှာ ကြေးအစုံပါအောင် ကြေး ဖြူ ကြေးနီ၊ ကြေးဝါ၊ ရွှေငွေရတနာများနဲ့ ပြုလုပ်ထားပါတယ်။ စေတီတော်မြတ်ကြီးဟာ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဆိုပြီး လေးမျိုးရှိတဲ့အနက်က စေတီ သုံးမျိုးနဲ့ ထိုက်တန်ပါတယ်။ ဓာတ်တော်မွေတော်ပေါင်း ၁၃၅ ဆူ၊ ရှားပါးဓာတ်တော်တွေ ဌာပနာထားတဲ့အတွက် ဓာတုစေတီ၊ ဘုရားရှင်ကို ရည်မှန်းပြီး ဗုဒ္ဓရုပ်ပွားတော် ဌာပနာထားတဲ့အတွက် ဥဒ္ဒိဿစေတီ၊ စတိန်းလက်စတီးလ်ပိဋကတ်ပြားကြီး ၁၆ ချပ်ပါတဲ့အတွက် ဓမ္မစေတီဆိုပြီး ဘွဲ့သုံးမျိုးနဲ့ ထိုက်တန်သွားပါတယ်။ စေတီတော်ကြီးကို စင်ကာပူနိုင်ငံမှ မစ္စတာကိုလ်းနှင့် ဇနီး ဒေါ်ကြည်ကြည်စန်းမိသားစုက ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းပြီး မြန်မာနိုင်ငံက ဘုရားဒါယကာ၊ ဒါယိကာမ အလှူရှင်များက စုပေါင်းလှူဒါန်းခြင်း ဖြစ်ပါတယ်” ဟု ဆရာတော်က မိန့်ကြားသည်။



စေတီတော်အတွင်းတွင် ထည့်သွင်းထားသည့် ဖရိန်များနှင့်စတီးလ်ပြားထောင့်များမှာ အင်ဒိုနီးရှားနိုင်ငံတွင် ထားရှိမည့် ပိဋကတ်သုံးပုံ စာအုပ် ၄၀ ကို စတိန်းလက်စတီးလ်ပြားများဖြင့်ပြုလုပ်ရာ ၄ ပေ၊ ၈ ပေအပြား အချပ် ၂၄၀ ကျော်ရေးထိုးပြီး စာလုံးမှား၍ပယ်ရသော စတိန်းလက်စတီးလ် အချပ် ၂၀ ထဲမှ ၁၆ ချပ်ယူကာ ဖရိန်ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စတိန်းလက်စတီးလ်များ ပိဋကတ်သုံးပုံပြုလုပ်ခြင်းမှာ ဂျပန်နိုင်ငံမှ နှစ် ၃၀၀၀ ကြာခံကြောင်း အာမခံ၍ သရီးအိုဖိုးအမာစားဖြင့် ပြုလုပ်ထားကြောင်း သိရသည်။

“စေတီတော်ကြီးမှာ သတ္တုငါးမျိုးပါပါတယ်။ စိန်ဖူးတော်မြတ်ကို ရွှေအစစ်၊ ငှက်မြတ်နားတော်ကို ငွေအစစ်၊ ထီးတော်ကိုကြေး၊ ထီးတော်အောက်မှာရှိတဲ့ ကလပ်ကငွေဖြူ၊ ငှက်ပျောဖူးအောက်ကရှိတဲ့ ဘုံအဆင့်က ကြေးနီ၊ အောက်ဆုံးအဆင့်ကကြေးဝါ၊ ဒီစေတီတော်ကြီးကို သံ၊ ရွှေ၊ ငွေ၊ ကြေး၊ သွပ် ငါးမျိုးပါလို့ ပဉ္စလောဟာလို့လည်း ပြောနိုင်ပါတယ်” ဟု ဆရာတော်ကြီးက မိန့်ကြားသည်။ ရွှေတိဂုံပုံတူ ကိုးနဝင်းကြေးစေတီတော်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရထောင်ရပ်ကွက်ရှိ လင်းမြန်မာ မြန်မာ့လက်မှု ငွေထည်ကြေးထည်လုပ်ငန်း မှ ပြုလုပ်သွန်းလောင်းခြင်းဖြစ်ကြောင်း သိရသည်။

“စေတီတော်ကြီးကို ကျွန်တော်တို့ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်ပြီး တစ်နေ့ကို ရှစ်နာရီကြာ လူအင်အား ၁၂ ယောက်နဲ့ ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အခု မတ် ၂၅ ရက်က နေပြည်တော်ကို ရောက်ပါတယ်”ဟု စစ်ကိုင်းမြို့မှ လင်းမြန်မာ မြန်မာ့လက်မှုလုပ်ငန်းမှ ဦးနေလင်းက ပြောပြသည်။

ဆက်လက်၍ ၎င်းက“ကျွန်တော်တို့ လက်မှုလုပ်ငန်းက အရင်က ပန်းအိုးတို့ ရေချမ်းခွက်တို့ ပုံမှန်လက်မှုလုပ်ငန်းကိုပဲ လုပ်ကိုင်ခဲ့တာပါ။ ကျွန်တော်တို့ လက်မှုလုပ်ငန်းက ကြေးစေတီအနေနဲ့ ရန်ကုန်မှော်ဘီမှာတစ်ဆူ၊ အိန္ဒိယနိုင်ငံ သာဝတ္ထိမြို့မှာ သီတဂူဆရာတော် ရှင်ဉာဏိဿရတည်တဲ့ ကြေးစေတီတစ်ဆူ၊ သုံးဆူပြုလုပ်ပြီးဖြစ်ပါတယ်။ အခုလိုမျိုး မြန်မာနိုင်ငံမှာ အမြင့်ဆုံးဖြစ်တဲ့ ကြေးစေတီကို ပြုလုပ်ခဲ့ရတဲ့အတွက် ဝမ်းသာကြည်နူးရပြီး ကုသိုလ်တွေလည်းရရှိပါတယ်”ဟု ပြောကြားသည်။စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့်ထီးတော်ကို ရွှေတိဂုံစေတီ ပြည်ကြီးမျက်ရှင်ဘုရားတွင် ၇ ရက် ရင်ငွေ့လှုံပြီး ကျိုက်ထီးရိုး၊ မန္တလေးမဟာမြတ်မုနိဘုရားများတွင် ရင်ငွေ့လှုံကာ စမတောင်သို့ ပင့်ဆောင်လာခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ ဗုဒ္ဓဂယာသို့ပင့်ဆောင်ကာ ရင်ငွေ့လှုံပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပင့်ဆောင်၍ စိန်ဖူးတင်လှူရန် ရည်ရွယ်ထားကြောင်း ဆရာတော်ကြီးက ဆက်လက်မိန့်ကြားသည်။

ကြေးစေတီတော်မြတ်အား ဖူးမြော်သည့် မည်သူမဆို တဒင်္ဂအတွင်း အေးချမ်းမှု၊ ကြည်နူးမှုများရရမည်ဖြစ်ကာ လိုရာဆန္ဒများလည်း ပြည့်ဝပြီး သတ္တုမျိုးစုံ (ပဉ္စလောဟာ) ဖြင့် တည်ထားသည့်အတွက် ထူးခြား ဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတီတော်မြတ်ကြီး ကို မတ် ၂၅ ရက်က နေပြည်တော် သို့ ပင့်ဆောင်လာပြီး မတ် ၂၆ ရက်မှစ၍ ဌာပနာတော်များ ထည့်သွင်းပူဇော်ကြောင်း၊ ဧပြီ ၁ ရက်တွင် အထက်ဌာပနာတော်ကို ထည့်သွင်းပူဇော်ခဲ့ပြီး ဧပြီ ၇ ရက်တွင် ထီးတော် ဆက်ကပ်တင်လှူပူဇော်သွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



ဧပြီ ၁ ရက်က ရွှေမြို့နှင့် သပြေချောင်းကျေးရွာအုပ်စု အတွင်းရှိ ဆေးဆိုင်များ သင်္ကြန်ကာလအတွင်း တားမြစ်ဆေးဝါးနှင့် စိတ်ကြွဆေးဝါးများ ရောင်းချခြင်းမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် တပ်ကုန်းမြို့နယ် ရွှေမြို့တိုက်နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာ စန်းယုနိုင်၊ စခန်းမှူး ရဲအုပ် တင်လတ်နှင့် အဖွဲ့များ ကွင်းဆင်း စစ်ဆေးဆောင်ရွက်စဉ်။

မောင်လွင်

## ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေး သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဧပြီ ၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများအတွက် သင်တန်းအမှတ်စဉ် (၁/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၃ ရက်က ဒက္ခိဏသီရိမြို့နယ် သုခုမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အသင်းနာယကများနှင့်တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒုဥက္ကဋ္ဌ၊ အမျိုးသမီးနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တာဝန်ရှိသူများ တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌက မွေးကင်းစမှ သုံးနှစ်အရွယ်ကလေးပြုစုသူ၊ သင်တန်းတွင် ဆုရရှိသောသင်တန်းသူများနှင့် သုံးနှစ်မှငါးနှစ်အရွယ် မူကြိုဆရာမသင်တန်းတွင် ဆုရရှိသော သင်တန်းသူများကို ဆုများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။ **(မြန်မာ့အလင်း)**


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်း (National Ceasefire Agreement-NCA) ကို ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအား အထူးအရေးပါသည့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်အလင်းတန်းများပေါ်ထွက်လာအောင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့ကိုလည်း Asia World Foundation မှ ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

ASIA WORLD FOUNDATION

ပြည်တွင်းသတင်း

## သတင်းတိုများ

### ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ်လျှပ်စစ်မီးရရှိ

တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သံပုရာကုန်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည့် ရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ကျေးရွာအထကကျောင်း၌ ဧပြီ ၂ ရက်က ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေ၊ ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် နေပြည်တော် လျှပ်စစ်ဒုအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်တို့က ဖွင့်လှစ်ပေးခဲ့သည်။ အိမ်ခြေ ၄၀၀ ကျော်ရှိ သံပုရာကုန်းကျေးရွာလုံးကျွတ် လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာတပ်ဆင်ခြင်းကို နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၈၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၁၇)**

### လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ(ဆင့်ပွား) သင်တန်းကို မတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့ပြီး ရပ်ရွာအတွင်း သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်စသည်တို့ ကြုံတွေ့ရပါက ဆောင်ရွက်ရမည့် အချက်များနှင့် မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးစသည့် အကြောင်းအရာများကို ပို့ချခဲ့ပြီး လူမှုကူညီရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၄၃၂)**

### စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် နမ့်တုတ်ကျေးရွာအုပ်စု ပန်ဟုန်းကျေးရွာ၌ (အောင်ချမ်းသာ)စာကြည့်တိုက်သစ်ဖွင့်ပွဲကို ဧပြီ ၃ ရက်က ကျင်းပရာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြနှင့် ပန်ဟုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်လွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး လဲချားမြို့နယ် ပြန်/ဆက် ဦးစီးဌာနကလည်း နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ဆက်လက်ပြသခဲ့ကြောင်း သိရသည်။ **ဝင်းမင်းသန်း**(iprd)

# ကျေးရွာများသို့ ရေကားများဖြင့် သောက်သုံးရေဖြန့်ဝေပေး

**အောင်ပန်း ဧပြီ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့အနီးဝန်းကျင်ရှိ ကျေးရွာအုပ်စုများတွင် သောက်သုံးရေအခက်အခဲများ တွေ့ကြုံနေရသဖြင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီက ဂါလန် ၁၂၀၀ ဆံ့ရေကားများဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အောင်ပန်းမြို့နေ ပြည်သူများကိုဖြန့်ဝေ ပေးနေသော မြို့အနီးရှိ ရေကန်များဖြစ်သည့် နန်းအွန် ရေထွက်၊ ငချောင် အိုင်ရေထွက်နှင့် လွယ်မောဆည်တို့မှ ရေများကို ကျေးရွာနယ်မြေများ၏ ရေခက်ခဲမှု အခြေအနေအလိုက် နယ်မြေခွဲခြားစီစဉ်ပြီး ရေကားများဖြင့် နေ့စဉ်ဖြန့်ဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ကလောမြို့နယ်ထဲက ကျေးရွာအတော်များများက တောင်ပေါ်မှာဖြစ်တော့ ရေအခက်အခဲကို နှစ်စဉ်ကြုံရပါတယ်။ အောင်ပန်းမြို့ကတော့ မြို့ဖွံ့ဖြိုးရေးအဖွဲ့တွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ တခြားစေတနာရှင်တွေရဲ့ အကူအညီနဲ့ ရေလှောင်ကန်ကြီးတွေ မြို့ပတ်လည်မှာ တည်ဆောက်ထားတော့ ခုလိုရေအခက်အခဲဖြစ်ချိန်မှာ ကျေးရွာတွေကိုရေဖြန့်ဝေနိုင်တယ်"ဟု အောင်ပန်းမြို့စည်ပင်သာယာရေးကော်မတီ ဦးစီးမှူး ဦးရဲအောင်က ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက ရေဂါလန် ၁၂၀၀ ဆံ့ကားများဖြင့် ကျေးရွာများသို့ ဧပြီ ၂ရက်မှစ၍ ရေဖြန့်ဝေပေးနေခြင်းဖြစ်သည်။ ဧပြီ ၂ ရက်က ပင်မှိကျေးရွာအုပ်စု မွေတော်ကျေးရွာတွင် ရေဖြန့်ဝေပေးခဲ့ပြီး နောက်ရက်များတွင်လည်း အခြားကျေးရွာများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဧပြီ ၂ ရက်တွင် ရေဖြန့်ဝေပေးခဲ့သော ပင်မှိကျေးရွာအုပ်စု မွေတော်ကျေးရွာသည် အောင်ပန်းမြို့တောင်ဘက် ၁၀ မိုင်ခန့်အကွာတွင်တည်ရှိကာ အိမ်ခြေ ၈၀ ခန့်နှင့် လူဦးရေ ၂၅၀ ကျော်ရှိသည်။ မွေတော်လေးကျေးရွာအပါအဝင် အောင်ပန်းမြို့နယ်အတွင်း ကျေးရွာများသည် အိမ်တိုင်း၌ မိုးရေလှောင်ကန်ကြီးများဖြင့် တစ်မိုးတွင်းလုံး မိုးရေများလှောင်ထားပြီး တစ်နှစ်ပတ်လုံး သုံးစွဲကြရသည်။ မိုးရာသီတွင်အဆိုပါရေလှောင်ကန်ကြီးများကုန်ပါက ရွာနှင့် ၂ မိုင်ခန့်အကွာရှိ ဘီလူးချောင်းမှ ရေကို နွားလှည်းများဖြင့် သယ်ယူသုံးစွဲကြရသည်။

ယခုနှစ်တွင် အိမ်တိုင်းရှိ ရေလှောင်ကန်များမှ ရေများ ကုန်သွားသလို ဘီလူးချောင်းမှလည်း ရေသယ်ယူရန်မရှိတော့သဖြင့် တစ်ရွာလုံးမှ လူနှင့်ကျွဲနွားများအတွက် သောက်သုံးရေ အခက်အခဲဖြစ်နေကြောင်း မွေတော်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။ **ဇော်သိန်းရည်**


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေး ညှိနှိုင်းရေးအဖွဲ့များမှ နှစ်ဖက်ကိုယ်စားလှယ်များသည် **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆဲရေး သဘောတူစာချုပ်မူကြမ်း"** ကို ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၃၁ရက်နေ့ ၌ နိုင်ငံတော်သမ္မတကြီး၏ ရှေ့မှောက်တွင်အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် Thoolei Company Limited နှင့် Shwe Kyun Gyi Group of Companies တို့မှ အထူးပင် ဝမ်းမြောက်မိပါသည်။

ဆက်လက်၍လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်များ ရေးဆွဲခြင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခြင်း စသည့် သမိုင်းတွင်ရစ်မည့်အဆင့်များကိုလည်း ခေတ်အဆက်ဆက်မျှော်လင့်တောင့်တခဲ့ကြရသော တိုင်းရင်းသားပြည်သူထုတစ်ရပ်လုံး၏ မျှော်လင့်ချက်များကို ရှေးရှုလျက် စိတ်ရှည်သည်းခံမှု၊ အပြန်အလှန် နားလည်မှုများဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းနိုင်အောင် ကြိုးပမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Thoolei Company Limited

Thoolei Company Limited နှင့် Shwe Kyun Gyi Group of Companies မှ BOD အဖွဲ့ဝင်များ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ


# ဝန်ထမ်းများအား တူညီဝတ်စုံများပေးအပ်

**ဇေယျာသီရိ ဧပြီ ၅**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဧပြီ ၂ ရက် နံနက် ၉ နာရီက ရုံးဝန်ထမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးက မဟာသင်္ကြန်လက်ဆောင်အဖြစ် တူညီဝတ်စုံများပေးအပ်သည်။




အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ရုံးဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်၍ အလုပ်လုပ်ကိုင်ကြရာတွင် မိမိကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ကြစေရန် ဝန်ထမ်းများကိုမှာကြားသည်။ အခမ်းအနားသို့ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကာ ရုံးတွင်လက်ရှိတာဝန်ထမ်းဆောင်နေကြသောဝန်ထမ်း အမျိုးသား၊ အမျိုးသမီး ၄၆ ဦးကို တူညီဝတ်စုံများပေးအပ်၍ ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက္ကံ)**



**ဧပြီ ၂ ရက်က ဝမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းငြိမ်းနှင့် ဝန်ထမ်းများ မိုးပွင့်(အထူး)စီမံချက်ဖြင့် တိုင်ကျိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အတွင်း အသက် ၁၀ နှစ်ပြည့်၊ ၁၈ နှစ်ပြည့်၊ မှတ်ပုံတင်မပြုလုပ်ရသေးသူများနှင့် ပျောက်ဆုံး၊ လဲလှယ်၊ မိတ္တူများအား ကွင်းဆင်းဆောင်ရွက်ပေးစဉ်။**

**(ခရိုင် ပြန်/ဆက်)**


**Square Feet 5000 တည်ဆောက်ရေးလုပ်ငန်းအတွက်**
**Sub Contractor အမြန်အလိုရှိသည်။**
**ဆက်သွယ်ရန် - 081-201686**
**09-421044590, 09-252787662**



## အမည်ပြောင်းလဲခြင်း

ဦးအောင်ဇေယျ ၁၂/သဃက(နိုင်) ၁၆၉၀၇၉ ၏သမီး သဃ်နန်းကျွန်း၊ အမက (၈)မူလွန်၊ ပထမတန်း (A-1)တွင် ပညာသင်ကြားလျက်ရှိသော မငွေအိမ်စည်အား ငွေနှင်းစက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7E/3489 Toyota Probox NCP 51၊ S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်အောင် ၉/မကန(နိုင်)၀၅၆၄၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ပြည်တွင်းသတင်း

# ကျွဲ၊ နွားကောင်ရေ ၂၆၀၀၀ ကျော်ကို ခွာနာ လျှာနာရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပြီး

**မြင်းမူ မေ ၅**

မြင်းမူမြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများ၏ ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းကို မတ် ၂၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်အထိ ကျေးရွာ ၆၉ ရွာမှ ဒေသခံတောင်သူများ၏ ကျွဲ၊ နွား ၁၂၃၄၇ ကောင်ကို Booster Dose အဖြစ် အခမဲ့ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(Oie)တို့ ပူးပေါင်းပြီး ကျွဲ၊ နွား ခွာနာလျှာနာရောဂါကာကွယ်ဆေး ဒုတိယအကြိမ် အခမဲ့ထိုးနှံခြင်းလုပ်ငန်းကို မြင်းမူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်ဌေး၊ တိရစ္ဆာန်ဆေးကုဆရာဝန် ငါးဦးနှင့် ကျေးလက်လူငယ် ၃၀ တို့က အဖွဲ့ငါးဖွဲ့ခွဲ၍ ကွင်းဆင်းပြီး ကာကွယ်ဆေးများ ထိုးပေးနေခြင်းဖြစ်သည်။

"ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါကာကွယ်ဆေးရဲ့ အာနိသင်က ခြောက်လကြာ ကာကွယ်ပေးနိုင်ပါတယ်။ ကျွဲ၊ နွားတွေကို ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးပေးတဲ့ အတွက် တောင်သူများအနေနဲ့ လယ်ယာလုပ်ငန်းခွင်မှာ ကျွဲ၊ နွားများရဲ့ လုပ်အားကို အပြည့်အဝရရှိမှာဖြစ်ပါတယ်။ စိုက်ပျိုးရာသီကို ရောက်ရှိတော့မှာဖြစ်တဲ့အတွက် ရောဂါကင်းပြီးကျန်းမာသန်စွမ်းတဲ့ ကျွဲ၊ နွားများက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အပြည့်အဝ စွမ်းဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်"ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူးက ပြောသည်။

မြင်းမူမြို့နယ်တွင် ပထမအကြိမ် ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ဖေဖော်ဝါရီလအတွင်းကလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ကျေးရွာ ၆၉ ရွာမှ ကျွဲ၊ နွား ၁၄၂၅၅ ကောင်ကို ထိုးနှံပေးနိုင်ခဲ့ သဖြင့် နှစ်ကြိမ်ပေါင်းဆေးထိုးပြီးသည့် ကျွဲ၊ နွား ကောင်ရေ ၂၆၆၀၂ ကောင် ရှိပြီဖြစ်ကြောင်း သိရသည်။

**ဖိုးခါး**(iprd)



## သတင်းတိုများ

### ကျေးလက်စာကြည့်တိုက်များသို့ ဆိုလာမီးပေးအပ်

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အခြေခံပညာကျောင်း ၁၀ ကျောင်းအတွက် ဆိုလာအစုံ ၂၀၊ ကျန်းမာရေးဌာန(ခွဲ) ခြောက်ခုအတွက် ဆိုလာ ခြောက်စုံ၊ ကျေးလက်စာကြည့်တိုက် ၁၄ ခုအတွက် ဆိုလာ ၁၄ စုံ၊ ကျန်းမာရေးဌာန သုံးခုအတွက် မြွေဆိပ်သိုလှောင်အိမ်ပါ ဆိုလာသုံးစုံနှင့် တိုက်နယ်ဆေးရုံ တစ်ရုံအတွက် မြွေဆိပ်သိုလှောင်အိမ်ပါဆိုလာတစ်စုံကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မေ ၃ ရက်တွင် ပေးအပ်ခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

### မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ကို မေ ၃ ရက်က ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းနှင့် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**သန်းဌေးအောင်(ကနီ)**

# သကြင်္န်ကာလအတွင်း မူးယစ်ဆေးများမရောင်းချရန် ဆေးဆိုင်များအားစစ်ဆေး

**တာချီလိတ် မေ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ် ခရိုင်နှင့် မိုင်းဆတ်ခရိုင်များတွင် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအတွက် ဆေးဆိုင်များတွင် မူးယစ်ဆေးဝါးများနှင့် ကာမစိတ်ကြွဆေးများ မရောင်းချရန် စစ်ဆေးခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆေးဝါးများ ရောင်းချမှု မရှိရေးအတွက် မှုခင်းအသိပညာပေးဟောပြောပွဲကို တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ဝမ်ပုံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ခွဲခန်းမ၌ မေ ၃ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် ရဲကြောင်းရဲတပ်ဖွဲ့စု(ဝမ်ပုံ)၊ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးကြီး အောင်ဇော်မြင့်က သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ဝင်းကျော်ကျော်က သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲ၍ မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ မဖြစ်ပေါ်စေရေးနှင့် ဆေးဆိုင်ကြီးများနှင့် လမ်းဘေးဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးများအပါအဝင်တားမြစ်ဆေးဝါးများ ရောင်းချမှုမရှိစေရေးစသည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။ ထို့နောက် ဝမ်ပုံကျေးရွာရှိ ဆေးဆိုင်များ၌ တားမြစ်ဆေးဝါးများ ရောင်းချခြင်း ရှိ မရှိဝင်ရောက်စစ်ဆေးခဲ့ပြီး ဆေးများ ရောင်းချခြင်းမပြုရန် အသိပညာပေး ဟောပြောသည်။

မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့ မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌လည်း မူးယစ်ဆေးဝါးများ မသုံးစွဲစေရေးနှင့် ရောင်းချခြင်းမရှိစေရေးပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**




နိုင်ငံတကာအားကစား

# ပေါ့ဘာကို လုကြမည့်ပွဲ လာမည်

မိုးမြင့်လင်းလက်

လက်ရှိ ဂျူဗင်တပ်စ်အသင်းမှာ ခြေစွမ်းပြနေတဲ့ ပြင်သစ်ကွင်းလယ် ကစားသမား ပေါ့ဘာကို လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလမှာ ခေါ်ယူလိုတဲ့ ထိပ်တန်းအသင်းတွေ များပြားနေတာမို့ အခုအချိန်ကတည်းက ပေါ့ဘာလုပွဲကြီး စတင်နေပြီဖြစ်ပါတယ်။

ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေရော၊ လာလီဂါ ထိပ်တန်းအသင်းတွေရော အရခေါ်ယူဖို့ အခုကတည်းက ချဉ်းကပ်ကြ၊ ဆွေးနွေးကြနဲ့ အလုပ်တွေရှုပ်နေကြတာမို့ ပေါ့ဘာရဲ့ ခြေစွမ်းထက်မြက်မှုကို အကဲဖြတ်ကြည့်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ကျောနံပါတ် (၆) ဂျာစီအင်္ကျီကိုဝတ်ဆင်ပြီး ဂျူဗင်တပ်စ်ကွင်းလယ်မှာ ကစားနေတဲ့ ပေါ့ဘာဟာ တကယ်တော့ မန်ယူကနေ ၂၀၁၂ ခုနှစ်က ထွက်ခွာခဲ့တဲ့ ကစားသမားဖြစ်ပြီး မန်ယူမှာ သုံးပွဲသာ ကစားခဲ့ရတဲ့သူဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်က စတင်ပြီး ဂျူဗင်တပ်စ် အသင်းမှာ ကစားတဲ့အခါ ၈၆ ပွဲမှာ ၁၉ ဂိုး သွင်းယူထားနိုင်တဲ့သူတစ်ဦးအဖြစ် ခြေစွမ်းပြကစားနေတဲ့ ကွင်းလယ်ကစားသမား ဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်အသင်းနဲ့အတူ ယူ ၁၆ မှာ ၁၇ ပွဲ ကစားပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သလို ပြင်သစ် ယူ ၁၇၊ ယူ ၁၈၊ ယူ ၁၉နဲ့ ပြင်သစ်ယူ ၂၀ ပွဲစဉ်တွေအပြင် အခုဆိုရင် ပြင်သစ်လက်ရွေးစင်အသင်းမှာလည်း ပါဝင်ခြေစွမ်းပြနေသူဖြစ်ပါတယ်။ ပြင်သစ်အသင်းအတွက် ၂၂ ပွဲ ကစားပေးထားပြီး ငါးဂိုးသွင်းယူပေးထားတာမို့ အသက် ၂၂ နှစ်အရွယ် ပေါ့ဘာကို လာလီဂါ ထိပ်သီးကလပ်တွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့က ခေါ်ယူဖို့ ကြိုးစားနေကြပြီဖြစ်ပါတယ်။

မန်ယူက လာမယ့်နွေရာသီမှာ ပေါ့ဘာကို ခေါ်ယူဖို့ ပေါင်သန်း ၄၀ အသုံးပြုမယ်လို့ နည်းပြဗန်ဟားလ်က ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ မန်ယူရဲ့ အထာကို သိရှိပြီးဖြစ်တဲ့ ပေါ့ဘာလို လူငယ်ကွင်းလယ်တိုက်စစ်မှူး တစ်ဦးကို ပြန်လည်ခေါ်ယူတာဟာ မန်ယူအတွက် အဓိပ္ပာယ်ရှိတဲ့ လုပ်ရပ်လို့လည်း နည်းပြဗန်ဟားလ်က ပြောကြားနေပါတယ်။

ဒါ့အပြင် ဘာစီလိုနာကလည်း ပေါ့ဘာကို ခေါ်ယူစာချုပ်နိုင်ရေး ကြိုးစားနေပေမယ့် ၂၀၁၆ နှစ်ကုန်အထိ ဘောလုံးသမားဝယ်ယူခွင့်မပြုထားတဲ့အတွက် အခက်တွေ့နေပါတယ်။ ဒါပေမယ့် အခုကတည်းက ကြိုတင်စာချုပ်ချုပ်ဆိုထားလိုတဲ့ ဆန္ဒရှိနေတယ်လို့ဆိုပါတယ်။ ဘာစီလိုနာ ကွင်းလယ်အားကို လူငယ်ခြေတက်တွေနဲ့ အစားထိုးဖို့ ကြိုတင်ပြင်ဆင်မှု တစ်ရပ်လည်းဖြစ်ပါတယ်။

မန်စီးတီးကလည်း ပေါ့ဘာကို ခေါ်ယူရေး ကြိုးစားနေပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ ပေးဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးကလည်း အသင်းမှာ ခြေစွမ်းကျဆင်းနေတဲ့ အော်စကာနဲ့ ရာမီးရက်စ်တို့ကို လာမယ့်နွေရာသီမှာထုတ်ရောင်းပြီး ရတဲ့ငွေကြေးနဲ့ပေါ့ဘာကို ဝယ်ယူဖို့စီစဉ်နေပါတယ်။

ပီအက်စ်ဂျီအသင်းကလည်း ကွင်းလယ်ကစားအားကို လူငယ်ကစားသမားနဲ့ အစားထိုးဖို့ စီစဉ်တဲ့နေရာမှာ ပေါ့ဘာကို ပစ်မှတ်ထားနေတာမို့ ဂျူဗင်တပ်စ်က အခုဆိုရင် ဈေးကိုင်နေပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့က ပေါ့ဘာကို ၂၀၁၈ ခုနှစ် ဇွန်လအထိ စာချုပ်ချုပ်ဆိုထားတာမို့ အခုအချိန်မှာ ထုတ်ရောင်းမှာ မဟုတ်ဘူးလို့ ဆိုနေပါတယ်။

၂၀၁၃ ခုနှစ် ဖီဖာယူ - ၂၀ မှာ ရွှေဖိနပ်ဆု၊ အကောင်းဆုံး လူငယ်ကစားသမားဆု၊ ၂၀၁၄ ခုနှစ် အကောင်းဆုံး လူငယ်ကစားသမားဆုနဲ့ ဘရာဗို ၂၀၁၄ ဆုတွေ ရရှိထားတာမို့ ပေါ့ဘာရဲ့ စွမ်းရည်ကလည်း အကောင်းဆုံး ဖော်ထုတ်ပြသနေတာကြောင့် လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလမှာ ပေါ့ဘာဘယ်အသင်းကို ရောက်ရှိသွားမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

## ဒုတိယနေရာရဖို့ မျှော်လင့်နေတဲ့ မန်ယူ

မန်ယူအနေနဲ့ မြို့ခံပြိုင်ဘက် မန်စီးတီးကို အနိုင်ယူပြီး ဒုတိယနေရာရဖို့ မျှော်လင့်ထားတယ်လို့ မန်ယူကွင်းလယ်ကစားသမား မာတာက ထုတ်ဖော် ပြောဆိုလိုက်ပါတယ်။ စပါးနဲ့ လီဗာပူးကို နှစ်ပွဲဆက်တိုက် အနိုင်ရပြီး မန်ယူတို့ စတုတ္ထနေရာ တက်ရောက်နိုင်ခဲ့ပါတယ်။ မန်ယူတို့ ဒုတိယနေရာမှ မန်စီးတီးနောက် နှစ်မှတ်အကွာနဲ့ လိုက်နေပါတယ်။ "ကျွန်တော်တို့အနေနဲ့ မန်စီးတီးနဲ့ အာဆင်နယ်တို့ထံမှ တစ်မှတ်၊ နှစ်မှတ် ရမယ်ဆိုရင် ဒုတိယနေရာရဖို့ သေချာပါတယ်လို့ မာတာက ဆိုပါတယ်။ ကျွန်တော်တို့ သူတို့နှစ်သင်းနဲ့ တိုက်ရိုက်ကစားမယ့်ပွဲတွေ အနိုင်ရမယ်ဆိုရင်တော့ ဒုတိယနေရာရဖို့ သေချာနေပါတယ်လို့" မာတာက ဆိုပါတယ်။ မန်ယူအသင်းအနေဖြင့် နည်းပြ ဗန်ဟားလ်ရဲ့ ကစားကွက်အတွင်း အပြောင်းအလဲများကြောင့် ရာသီအစမှာ ရုန်းကန်ကြိုးစားခဲ့ရသော်လည်းယခုအခါမှာတော့ လီဗာပူးလို မာကျောတဲ့အသင်းကို တောင် အနိုင်ကစားလာနိုင်တဲ့အတွက် အလားအလာ ကောင်းနေပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မန်ယူရဲ့ နာမည်ကြီး ကစားသမားအများစုဟာလည်း ခြေစွမ်းပြ ကစားလာတာတွေ့ရပါတယ်။





## ဖယ်လိုင်နီရဲ့ ခြေစွမ်း မကျနိုင်ဘူးလို့ ဗန်ဟားလ်ဆို

မန်ယူကွင်းလယ်ကစားသမား ဖယ်လိုင်နီရဲ့ ခြေစွမ်းဟာ ကောင်းနေတုန်းပါပဲ။ ခြေစွမ်းမကျနိုင်သေးပါဘူးလို့ နည်းပြဗန်ဟားလ်က ချီးကျူးပြောဆိုလိုက်ပါတယ်။ ၂၀၁၃ ခုနှစ် အဲဗာတန်မှ ပေါင် ၂၇ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့လာတဲ့ အသက် ၂၇ နှစ်အရွယ်ရှိ ဖယ်လိုင်နီရဲ့ ခြေစွမ်းအပေါ် မန်ယူ ပရိသတ်အချို့က ရာသီအကြိုကာလမှာ လှောင်ပြောင်ခဲ့ကြပါတယ်။ သူဟာ ပြီးခဲ့တဲ့ လေးပွဲမှာ စတင်ပါဝင်ကစားလာပြီး ဘယ်လ်ဂျီယံအသင်းရဲ့ နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲမှာ သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ သူက အခု ကောင်းကောင်းကစားနိုင်ပါတယ်။ ခြေစွမ်းကောင်းနေဆဲပါပဲလို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ ဖယ်လိုင်နီဟာ အိုးထရက်ဖို့ဒ်ကို ရောက်လာတဲ့ ပထမရာသီမှာ ဒဏ်ရာရမှုတွေကြောင့် ၂၁ ပွဲ ပါဝင်ကစားခဲ့ပေမယ့် ဂိုး မသွင်းနိုင်ခဲ့ပါဘူး။ သူဟာ ဒေးဗစ်မိုယက်စ် လက်ထက်မှာလည်း ရုန်းကန်ကြိုးစားနေခဲ့ရတယ်။ ဗန်ဟားလ်ကိုင်တွယ်ပြီးတဲ့နောက် မန်ယူအတွက် ၂၃ ပွဲမှာ ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာ ပထမ ရာသီမှာ ဒဏ်ရာတွေနဲ့ မကျန်းမာတဲ့အချိန်တွေများနေတဲ့အတွက် ဂိုးသွင်းအားကျဆင်းခဲ့ရတာလို့ဆိုပါတယ်။ ယခုအခါမှာတော့ ဖယ်လိုင်နီရဲ့ ပုံမှန်ခြေစွမ်းကို ဗန်ဟားလ် သိခွင့်ရရှိသွားပြီဖြစ်တဲ့အတွက် သူကစားကွက်နဲ့အန်ဝင်ခွင်ကျဖြစ်တာမို့ နည်းပြဗန်ဟားလ်က မျှော်လင့်နေပါတယ်။

## မန်ချက်စတာဒါဘီပွဲ လွဲဦးမယ့် ဗန်ပါစီ

ဒဏ်ရာရ ဗန်ပါစီဟာ ယခုလ မန်ချက်စတာဒါဘီပွဲ အမီ ပြန်ကောင်းဖို့ အလားအလာ မရှိဘူးလို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗန်ပါစီဟာ ဖေဖော်ဝါရီလက ဆွမ်ဆီးနဲ့ ကစားတဲ့ပွဲနေ့က ခြေမျက်စိဒဏ်ရာရသွားတဲ့အတွက် လွန်ခဲ့တဲ့ ငါးပွဲမှာ ပြိုင်ပွဲတွေနဲ့ လွဲချော်ခဲ့ရပါတယ်။ ဧပြီ ၁၂ ရက်မှာ မန်စီးတီးနဲ့ ကစားမယ့်ပွဲအတွက် အသင့်ဖြစ်မလားဟု မေးခွန်းထုတ်ခဲ့ခြင်းအပေါ် အချိန်မီ ပြန်ကောင်းနိုင်ဖွယ်မရှိကြောင်း နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ တိုက်စစ်မှူး ဗန်ပါစီ ပြန်ကောင်းလာသည့် တိုင်အောင် ကစားဖို့ အသင့်ဖြစ်မှာ မဟုတ်ဘူးလို့ ဗန်ဟားလ်က ဆိုပါတယ်။ မန်ယူအနေနဲ့ မန်စီးတီးကို အနိုင်ကစားပြီး ဒုတိယနေရာအရောက် တက်ရောက်နိုင်ဖို့ မျှော်လင့်နေတာပါ။ ဒီပွဲမှာ မန်ယူတို့ အနိုင်ကစားနိုင်မယ်ဆိုရင်တော့ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်လာလိမ့်မယ်လို့ မန်ယူအသင်း တာဝန်ရှိသူတွေက ယုံကြည်ထားပါတယ်။

● ကောင်းမြတ်သူ - စုစည်းသည်


## "ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော်ဓာတ်မြေသြဇာ)မှ ဝန်ထမ်းများအမြန်ခေါ်ယူခြင်း"

နေပြည်တော်အခြေစိုက် ရာဇတံခွန်(ကမ္ဘာကျော်ဓာတ်မြေသြဇာ)မှ နယ်လှည့်အရောင်းစာရေး ကျား(၂၀၀၀)ဦး (နှစ်ထောင်ဦး) အမြန်ခေါ်ယူ ခန့်ထားမည် ဖြစ်ပါသည်။

၁။ ၁၈-နှစ်မှ ၃၀-နှစ်အတွင်းဖြစ်ရမည်။

၂။ အခြေခံလစာအဖြစ် (ကိုးတန်းအောင်) ကျပ်တစ်သိန်း+အချိန်ပိုကြေး ကျပ်နှစ်သောင်း စုစုပေါင်း ကျပ်တစ်သိန်းနှစ်သောင်း၊ (ဆယ်တန်းအောင်) အခြေခံလစာ ကျပ်တစ်သိန်းတစ်သောင်း+အချိန်ပိုကြေး ကျပ်သုံးသောင်း စုစုပေါင်း တစ်သိန်းလေးသောင်း၊(ဘွဲ့ရ) အခြေခံလစာ ကျပ်တစ်သိန်းသုံးသောင်း+အချိန်ပိုကြေး ကျပ်သုံးသောင်း စုစုပေါင်း ကျပ်တစ်သိန်းခြောက်သောင်းမှ စတင်ရရှိမည်။

၃။ အလုပ်ကြိုးစားရိုးသား၍ အရည်အချင်းရှိလျှင်ရှိသလို လစာများ၊ ရာထူးများတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ဆေးဟောပြောပွဲများပြောတတ်ပြီး လုပ်ငန်းကျွမ်းကျင်လျှင် လစာအပြင် မြေသြဇာတစ်အိတ်ချင်းအလိုက် အုပ်စုကြီးကြပ်ခများ၊ မိမိဆေးဟောပြောပွဲများ ပြုလုပ်ရောင်းချခဲ့သည့် အိတ်တစ်အိတ်ချင်းစီအတွက် ကော်မရှင်၊ ဘောက်ဆူးများ ခံစားခွင့်ပြုခြင်း၊ နယ်ထွက်လျှင် လစာအပြင် စားစရိတ်အဖြစ် တစ်နေ့ နှစ်ထောင့်ငါးရာကျပ် ခံစားခွင့်ပြုခြင်း။

၄။ ကျောင်းဆက်တက်မည့်သူများ၊ ကျန်းမာရေးမကောင်းသူများ၊ အပင်ပန်းမခံနိုင်သူများ၊ အချိန်ပိုမလုပ်နိုင်သူများ အလုပ်ခန့်ထားမည်မဟုတ်ပါ။ နယ်ထွက်လျှင် ထမင်းစရိတ်၊ ခရီးစရိတ်များရရှိမည်ဖြစ်ပြီး နေထိုင်ရန်အဆောင်ပေးမည်။ အလုပ်လျှောက်ထားရာတွင် ကုမ္ပဏီမှ လျှောက်လွှာဝယ်ယူလျှောက်ထားရမည်ဖြစ်ပြီး ကိုးတန်း (သို့မဟုတ်) ဆယ်တန်းအောင်ကြောင်း ထောက်ခံစာ(သို့) ဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ ရဲစခန်းထောက်ခံစာ (မူရင်း/မိတ္တူ)၊ အိမ်ထောင်စုဇယားပုံစံ (၆၆) (မူရင်း/မိတ္တူ)၊ တစ်ပတ်အတွင်းရိုက်ထားသော ကာလာလိုင်စင်ဓာတ်ပုံ (၅)ပုံ၊ မှတ်ပုံတင်(မူရင်း/မိတ္တူ)၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းတို့ဖြင့် (၂၀-၃-၂၀၁၅)ရက်မှ (၂၀-၁၂-၂၀၁၅)ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

✻ ရာဇတံခွန်ကုမ္ပဏီလီမိတက်(ကမ္ဘာကျော်ဓာတ်မြေသြဇာ) (၁၆) လမ်းနှင့် ခေတ္တာလမ်းထောင့်၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်။

ဖုန်း ၀၆၇-၂၂၉၂၉၊ ၂၅၀၅၃၊ ၂၅၃၀၃၊ ၂၅၅၁၈၊ ၂၅၉၅၅



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ် (၆၀၁)၊ မြေကွက်တည်နေရာအမှတ် (၆၀၁)၊ အောင်ရတနာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်အောင်(AE-၂၀၉၁၁၁) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်မွေးစား ဖခင် ဦးတင်အောင်နှင့် မိခင် ဒေါ်အေးအေးမြင့်တို့ကွယ်လွန်သဖြင့် မစန်းစန်းဝင်း ၁၂/မဂတ(နိုင်)၀၂၈၈၅၃က တစ်ဦးတည်းသောမွေးစားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/မွေးစားစာချုပ်အမှတ် ၈၀၃၈/ ၁၂-၁၀-၂၀၀၅နှင့် မွေးစားမိခင်တို့၏ သေစာရင်းများတင်ပြ၍ ဒေါ်စန်းစန်းဝင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၈၁၇/၁၅-၁-၂၀၁၅ဖြင့် လွှဲအပ်ခံရသူ ဒေါ်တင်တင်မေ(ခ) ဒေါ်တင်တင်ဦး ၁၂/ဥကတ(နိုင်)၀၉၆၇၄၄ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## မောင်သီဟကျော်သူ ၁၂/ဒပန(နိုင်)၀၅၉၃၅၄နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ အမှတ် ၁၇၂၊ ဇော်ဂျီလမ်းနေ ဦးဝေဇင်သောင်း ၁၂/ဒပန(နိုင်)၀၀၀၈၄၁ နှင့် ဒေါ်နိုင်နိုင်ဝင်း ၁၂/ဒပန(နိုင်)၀၄၃၄၈၄ တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဝေဇင်သောင်းနှင့် ဒေါ်နိုင်နိုင်ဝင်းတို့၏သား မောင်သီဟကျော်သူ ၁၂/ဒပန(နိုင်) ၀၅၉၃၅၄ သည် မိဘညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးများအပေါ် ခွင့်မလွှတ်နိုင်သော အမှားများနှင့် သဘောမတူနိုင်သောကိစ္စများကို ၄င်း၏ဆန္ဒတစ်ခုတည်းဖြင့် ပြုလုပ်ကာ နေအိမ်ပေါ်မှ ၂၉-၃-၂၀၁၅ရက်တွင် ဆင်းသွားခဲ့ပါသည်။ ၂၉-၃-၂၀၁၅ရက်မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းနှင့်အတူ နောက်နောင် ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းကို B.A(Law),LL.B**

**အထက်တန်းရှေ့နေ(စဉ်-၄၁၈၈၀)**

**တိုက် ၄၉၊ သုံးလွှာ၊ ၈လမ်း၊ ၂ရပ်ကွက်၊**

**လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၅၅၀၂၈၄၆၊ ၀၉-၃၁၁၂၃၃၈၉**

ကြော်ငြာ

# တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်းနေထိုင်ကြသော ပြည်သူလူထုအသီးသီးတို့သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး အေးချမ်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လိုလားတောင့်တလျက်ရှိကြပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း (National Ceasefire Agreement-NCA) ကို ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် သမ္မတကြီးရှေ့မှောက်၌ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းအတွက် ကမ္ဘောဇဘဏ်လီမိတက်အနေနှင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါ တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းပြုစုရေးဆွဲနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT) တို့အား အထူးလှိုက်လှဲစွာ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၄.၄.၂၀၁၅ ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၃–၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား၌ ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်အတွင်း **"တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ပထမ အများဆုံး"** ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) **"ကမ္ဘောဇဘဏ်လီမိတက်"** အား နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအတွက် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

Shwe Taung Development Co., Ltd.




# Vacancy Announcement - ADB Myanmar Resident Mission - Nay Pyi Taw.

## Associate Safeguards Officer

The ADB-Myanmar Resident Mission was established to assist its Headquarters in the implementation of projects and programs, in project processing, country programming, and economic and sector work. It also coordinates ADB's activities with other resident diplomatic and donor missions, NGOs, academic institutions, local think tanks, private sector and other members of the civil society.

မောင်ကောင်းမြတ်မိုးမှာ တစ်နေ့တာခေတ္တခဏ ငှားရမ်းမောင်းနှင်သွားသည့် မော်တော်ယာဉ်နှင့်ကားသော့ကို ဒေါ်မူမူချိုထံသို့ ၈-၃-၂၀၁၅ ရက် ထိုနေ့ ညနေပိုင်းအချိန်တွင် ပြန်လည်အပ်နှံခြင်းမရှိ၍ ကျွန်ုပ်မိတ်ဆွေမှ မောင်ကောင်းမြတ်မိုးကို ဖုန်းဆက်မေးမြန်းသောအခါ ဖုန်းမကိုင်ဘဲ မော်တော်ယာဉ်အား လိမ်လည်၍ ထွက်ပြေးယူဆောင်သွားခဲ့ပါသည်။ကျွန်ုပ်မိတ်ဆွေပိုင်မော်တော်ယာဉ်အား လိမ်လည်ထွက်ပြေးယူဆောင်သွားသည့် မောင်ကောင်းမြတ်မိုးအနေဖြင့် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့် မော်တော်ယာဉ်အမှတ် 5I/5227 ကားအားအခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ရန် တားမြစ်ပါသည်။ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သည့် မော်တော်ယာဉ်အမှတ် 5I/5227 ကားအား ယခုကြော်ငြာစာပါသည့် ခုနစ်ရက်အတွင်း မော်တော်ယာဉ်၊ ကားသော့နှင့် ဗီးတက်တို့အား သတ်မှတ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ ပြန်လည်အပ်နှံရန်နှင့် သတ်မှတ်ရက်အတွင်း ပြန်လည်အပ်နှံပေးခြင်းမရှိပါက မော်တော်ယာဉ်အား လိမ်လည်ထွက်ပြေးမောင်းနှင်သွားသည့် မောင်ကောင်းမြတ်မိုးနှင့် မော်တော်ယာဉ်အား လက်ခံထားသူကို ကျွန်ုပ်မိတ်ဆွေမှ ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်ကောင်းမြတ်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဒေါ်မူမူချို | ဒေါ်ဥမ္မာအောင် | ဒေါ်စန္ဒီအေး |
| ၇/ဖမန(နိုင်)၀၆၉၅၆၁ | (စဉ်-၈၂၅၁) | (စဉ်-၄၀၉၄၈) |
| | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | အမှတ် (၈၄/က)၊ တကောင်း ၅လမ်း၊ | ဒေါ်သန္တာဦး |
| | (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ | (စဉ်-၃၁၈၆၂၁) |
| | ဖုန်း-၀၉-၇၃၁၇၅၆၁၅၊ ၀၉-၂၅၆၂၉၆၉၅၉၊ ၀၁-၈၅၀၀၂၉၅ | အထက်တန်းရှေ့နေ |

## အမည်မှန်

ဦးဒါယေ၏သား ကျိုင်းတုံမြို့၊ အထက(၃)၊ နဝမတန်း(င)မှ မောင်အာဘေလှ၏ အမည်မှန်မှာ မောင်အာဗေလှ ၁၃/ကတန(နိုင်)၁၇၄၁၄၁ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းချမ်းသာ ၁၀/ခဆန (နိုင်) ၁၃၁၄၆၇၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၀၀၂၉၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းကျော်ထင် ၁၀/ခဆန (နိုင်)၁၁၂၅၆၅ Psno (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၀၀၂၉၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ မချယ်ရီထွေး ၁၃/တကန (နိုင်)၁၆၄၈၄၄၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၄၆၁၁၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ဃ/၁၇၈၁၁၊ KENBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းညွန့် ၈/မလန(နိုင်)၀၅၁၃၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ဃ/၂၄၄၇၆၊ Honda 125M နှင့် ယာဉ်အမှတ် (၁၀ဃ/၇၃၁၉၇) Honda Wave - 100 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၈/ပဖန(နိုင်)၀၆၂၆၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၇၄၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၈၆၉၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

ကြော်ငြာ

## ရွှေတိဂုံစေတီတော်
## ၁၃၇၇ ခုနှစ် နှစ်သစ်မင်္ဂလာအခမ်းအနား
## (၂၃)ကြိမ်မြောက် ဒါနဥပပါရမီ
## စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပမည်

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်မင်္ဂလာအခမ်းအနား၊ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲနှင့် (၂၃) ကြိမ်မြောက်ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားများကို (၁၃၇၇ခုနှစ် မြန်မာနှစ်ဆန်း ၁ရက်) ၁၇-၄-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၅ နာရီမှစတင်၍ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရင်ပြင်တော်တောင်ဘက်ဧည့်ခံတန်ဆောင်း၌ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များကပ်လှူပူဇော်ခြင်း၊ နံနက် ၅:၃၀နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာကြားခြင်း၊ ရေစက်သွန်းချအမျှဝေခြင်း၊ နံနက် ၆:၁၅ နာရီတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်အတူ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများမှ ပရိတ္တပါဠိတော်များအား စုပေါင်းရွတ်ဆိုပူဇော်ခြင်း၊ နံနက် ၇:၀၀ နာရီတွင် ရှင်ဥပဂုတ္တမင်္ဂလာကန်အတွင်း ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲ အခမ်းအနားကို ကျင်းပခြင်း၊ နံနက် ၈:၀၀ နာရီတွင် (၂၃)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## စစ်တက္ကသိုလ် အမှတ်စဉ်(၄၁)၊ ဗိုလ်လောင်းသင်တန်း
## (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၊ အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ
## ဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်လေးမိုး ပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန် အသီးသီးကိုထမ်းဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီလ ၇ ရက်တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းဆင်းသူငယ်ချင်းများမှ တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော သူငယ်ချင်းများအတွက်ရည်စူး၍ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံညစာစားပွဲ ပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းအားလုံးနှင့် မိသားစုများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာအစီအစဉ်**

| | | |
|---|---|---|
| **မင်္ဂလာနေ့ရက်** | - | ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ရက်<br>၂၀၁၅ ခုနှစ် ဧပြီ ၇ ရက် |
| **မင်္ဂလာအချိန်** | - | နံနက် ၁၀:၀၀ မှ ၁၂:၀၀ နာရီအထိ |
| **မင်္ဂလာနေရာ** | - | ဗိုလ်တထောင်စေတီတော်ဓမ္မာရုံ |

**ညစာစားပွဲအစီအစဉ်**

၇-၄-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)ည ၇:၀၀ နာရီမှ ည ၁၀:၀၀ အထိ မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

## ဝိသုဒ္ဓါရာမ အေးစေတီကျောင်းတိုက် သင်္ကြန်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၅ရပ်ကွက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၅၆၀)၊ ဝိသုဒ္ဓါရာမအေးစေတီကျောင်းတိုက်၌ အကြိမ်(၂၀)မြောက် (လူကြီး)တရားစခန်းပွဲကို ၁၁-၄-၂၀၁၅ရက်မှ ၁၇-၄-၂၀၁၅ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏မူအတိုင်း ဒေါက်တာအရှင်ဝိသုဒ္ဓ အေးစေတီဆရာတော်နှင့် ဆရာဦးရဲမြင့်တို့မှ ဟောကြားပြသပါမည်။ တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၁၀ ရက် ညနေ ၅:၀၀နာရီအရောက် လာရောက်ကြရမည်။

ယဉ်ကျေးလိမ္မာ(လူငယ်)တရားစခန်းပွဲကို ၁၉-၄-၂၀၁၅ ရက်မှ ၂၁-၄-၂၀၁၅ ရက်အထိ ဖွင့်လှစ်ပါမည်။ ၅တန်းမှ ၁၀တန်းအထိ လက်ခံပါမည်။ ကျောင်းသားများ ဧပြီ ၁၈ရက် ညနေ ၅:၀၀နာရီအရောက် လာရောက်ကြရမည်။

**ဖုန်း-၀၉-၅၅၀၀၇၆၉၊ ၀၉-၇၉၉၄၅၁၄၃၃၊ ၀၉-၂၅၀၁၇၃၉၄၂**

ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ) ရေးသားပြုစုသည့် တရားမအဆိုလွှာ ၁၀၀ ၏ နောက်ဆက်တွဲ,

## တရားမချေလွှာ ၁၀၀

ချေလွှာများနှင့် အထွေထွေလျှောက်လွှာအပေါ် ကန့်ကွက်လွှာ နမူနာပုံစံ ၁၀၀ ခန့် ပါဝင်သည့် တရားခွင်လက်တွေ့အထောက်အကူပြု စာအုပ် ၂၀၁၅/မေလ ထွက်ပါမည်။

လွင် စာ ပေ (ရန်ကုန်)။ ၀၉ ၇၃၀၈၂၃၁၊ ၀၉ ၃၂၂၁၀၇၃

## တောင်ပေါ်ရှုခင်းသာဟိုတယ်(ကလော)၏ နှစ်သစ်မင်္ဂလာဆုတောင်း

- ၂၀၁၅ခုနှစ် မြန်မာမင်္ဂလာနှစ်သစ်တွင် ပြည်သူအားလုံးကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေရန်နှင့် ပူပြင်းတဲ့နွေရာသီမှာ ချမ်းအေးသာယာလှပတဲ့ ရှမ်းတောင်တန်းပေါ်က တောင်ပေါ်ရှုခင်းသာဟိုတယ်(ကလော)သို့ ကြွရောက်အပန်းဖြေကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

  ဟိုတယ်(Booking)လုပ်ရန်-
- ရန်ကုန်(ဖုန်း) ၀၁-၂၄၂၆၇၁၊ ၀၁-၂၅၀၆၀၂၊ ၀၉-၄၃၁၀၄၁၉၉၊ ၀၉-၄၂၁၁၄၈၆၉၆
- ကလော(ဖုန်း) ၀၈၁-၅၀၃၄၆၊ ၀၈၁-၅၀၃၄၇၊ ၀၉-၄၂၈၃၁၂၁၀၈၊ ၀၉-၄၂၈၃၂၇၂၉
- Online:< www.hilltopvillakalaw.com
- E.mail:hilltopvillayangon@gmail.com
  hilltopvillakalaw@gmail.com

## ပျောက်ဆုံးခြင်း

ကျွန်တော်တို့၏ CROWN VENEER AND TIMBER MANUFACTURING CO.,LTD. ၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်း ၁၉၅၅/ ၀၉-၁၀ (၂၆-၃-၂၀၁၀) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပို့ပါရန်။

**ဖုန်း-၀၉-၅၁၂၆၂၀၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ အောင်ဇေယျာရပ်နေ ဦးခင်မောင်မြင့် ၅/စကန(နိုင်)၀၈၃၄၇၃-ဒေါ်မြင့်မြင့်ဦး ၅/စကန(နိုင်)၀၈၂၆၁၇ (စိတ်ကြိုက်စားသောက်ဆိုင်) တို့၏သား မောင်ရဲမြင့်မောင် ၅/မမတ(နိုင်)၀၄၉၁၆၀ သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ငွေနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးခင်မောင်မြင့်-ဒေါ်မြင့်မြင့်ဦး**




## အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးမြင့်ဆွေ ၁၂/မဂဒ(နိုင်)၀၉၆၉၃၇၏ သမီး မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ အလက(၇)ပျဉ်းမပင်ကျောင်းနေ မသဇင်(ခ)မသဇင်မိုးဦးဟု ဖြည့်စွက်ခေါ်ပါရန်။

**မသဇင်(ခ)မသဇင်မိုးဦး**

**ကန့်ကွက်နိုင်ပါကြောင်း** ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ်(၃)၊ ဧရိယာ ၂ ဒသမ ၄၄၆ ဧကကို အမည်ပေါက် ဦးမြင့်ဆွေ ၁၂/ကမတ(နိုင်)၀၅၂၂၇၅ထံမှ ဦးဇော်ဝင်း(ခ)ဦးခင်ဇော် ၁၂/လမတ(နိုင်)၀၂၉၅၅၆က ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးဇော်ဝင်း(ခ)ဦးခင်ဇော် အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နေ
ဦးစံရီ(မှူး/အုပ်-ငြိမ်း)-ဒေါ်လှကြည်တို့၏သား

### မောင်အောင်ဇော်ဦး

**Institute Of Marine Technology CD-28**
**Chief Mate (F.G)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီးနေ
ဦးကျော်စိုးဝင်း-ဒေါ်ခိုင်သူဇာဝင်းတို့၏သမီး

### မသိမ့်ကျော်စိုးဝင်း

**B.A (Act) Yangon Institute Of Economics,**
**Diploma In Management Accounting**

တို့၏ ၅-၄-၂၀၁၅ရက် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဦးသော်က (ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ၊ အောက်မြန်မာပြည်)နှင့်ဇနီး ဒေါက်တာမြတ်သင်းနွယ် တွဲဖက်ပါမောက္ခ၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ် (၂)၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ကပ္ပတိန်တင်ရွှေ(ဌာနမှူး၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်)နှင့် ဇနီးဒေါ်ဥမ္မာဝင်း၊ မင်္ဂလာသတို့သားအရံနှင့်မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော ညီငယ် မောင်ဝေလုမင်းနှင့် ညီမငယ် မအိဖြူဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်တို့ကို သယ်ဆောင်ပေးပါသော ညီမငယ်များ၊ မင်္ဂလာဘိသိက်သွင်းပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင် စိုးစန္ဒာထွန်း၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးပါသော ရောင်စဉ်လှိုင်းအဖွဲ့သားများနှင့် တေးသံရှင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။

**မင်္ဂလာသတို့သားနှင့်မင်္ဂလာသတို့သမီး**
**မောင်အောင်ဇော်ဦး-မသိမ့်ကျော်စိုးဝင်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/9332 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ကြော်ငြာ

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့ **မော်ကွန်းသစ်** ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းမှ မောင်မျိုးသူရအောင်နှင့် မဆွေဇင်မြင့်တို့သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းဘက်စုံပညာထူးချွန်ဆု(လူရည်ချွန်ဆု)ရွေးချယ်ခံရပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။ နိုင်ငံ၏အားကိုးအားထားပြုအပ်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုပါသည်။

**ထင်လင်းဦး**
**(ကြီးကြပ်အုပ်ချုပ်သူ)**
**မော်ကွန်းသစ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ ရေဦးမြို့**

## ဆော (အထက) မြတ်ဆရာပူဇော်ပွဲ (၂၀၁၅)

၁။ ကျောင်းသားဟောင်းများတွေ့ဆုံခြင်း - ၁၈-၄-၂၀၁၅
၂။ ဆရာကြီး/ဆရာမကြီးများကန်တော့ခြင်း - ၁၉-၄-၂၀၁၅

**ကျောင်းသား/သူ ဟောင်းများ ဆက်သွယ်ကြပါရန်**

ဖုန်း-၀၉-၄၀၁၅၆၆၁၉၅ ဖုန်း-၀၉-၄၀၁၆၃၀၀၇၂ ဖုန်း-၀၉-၄၄၀၂၂၇၀၅၉
ဖုန်း-၀၉-၄၀၁၅၆၆၀၅၆ ဖုန်း-၀၉-၄၀၁၆၃၀၀၉၉ ဖုန်း-၀၉-၄၉၃၂၀၇၆၅

## အောင်ပင်လယ်ကျောင်းတိုက်တရားစခန်းပွဲ

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ဝိုင်း၊ အောင်ပင်လယ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒသီရိ "ကမ္မဋ္ဌာနာစရိယ"သည် ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း သစ္စာတရားတော်များကို (၁၂-၄-၂၀၁၅ ရက်မှ ၁၇-၄-၂၀၁၅ရက်အထိ) ဟောကြားပြသမည်ဖြစ်ပါ၍ ယောဂီများကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း အစီအစဉ်ကို ၁၂-၄-၂၀၁၅ ရက် တနင်္ဂနွေနေ့ ည ၇ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းပွဲဝင်မဟုတ်သော ပုဂ္ဂိုလ်များလည်း ဝင်ရောက်ကန်တော့နိုင်ကြောင်းလည်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**တရားစခန်းပွဲဖြစ်မြောက်ရေးအဖွဲ့**
**ဖုန်း-၀၉-၄၂၁၁၂၈၀၀၃၊ ၀၉-၇၃၀၂၃၁၀၈**

## သင်္ကြန် ၁၀ ရက် အထူးတရားစခန်းနှင့် ရက် (၆၀) တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ မောင်းထောင်မြေဇင်းတောရတိုက်ခွဲဆရာတော် အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း သင်္ကြန် ၁၀ ရက်အထူးတရားစခန်းကို ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ၁၁-၄-၂၀၁၅ (စနေနေ့) တွင်လည်းကောင်း၊ ရက် (၆၀) တရားစခန်းပွဲကို ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၉ ရက် ၂၆-၄-၂၀၁၅ ရက် နံနက် ၈ နာရီတွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများသည် ကြိုတင်စာရင်းပေး ဝင်ရောက်နိုင်ပါသည်။

**ဆက်သွယ်ရန် -**
**အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ**
**မောင်းထောင်မြေဇင်းတောရတိုက်ခွဲ**
**မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ ရုံးဟောင်းလမ်း**
**ဖုန်း - ၀၁ ၆၂၉၁၅၃၊ ၂၀၃၃၃၄၄**

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ၊ စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ (၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါနပါဝင် လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ | အခန်းတံခါး | ၂ သိန်း |
| ၃။ | ရေချိုးခန်း | ၃ သိန်း |
| ၄။ | ကုဋီတစ်ခန်း | ၅ သိန်း |
| ၅။ | အဝင်တံခါးမကြီးတစ်စုံ | ၇ သိန်း |
| ၆။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၀။ | မုခ်ဦး | ၃၀ သိန်း |
| ၁၁။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ | စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၃။ | ဆွမ်းစားဆောင် | ၃၅၀ သိန်း |
| ၁၄။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ | စာချဆရာတော်များနေတစ်ခန်း | ၂၅ သိန်း |
| ၁၇။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |

**အလှူရှင်များကမွှည်းထိုးပေးပါမည်။**
**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**

**ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုစည်လမ်းမတော်**
**Account No.061-301-06100921001**
**ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်**
**(Account No.021-31-501798-9) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

## မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလရုံးပိတ်ရက်များအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ပေးမည့်အခြေအနေ

သင်္ကြန်ကာလ အစိုးရရုံးပိတ်ရက်များအတွင်း သွင်းကုန်/ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနမှ အောက်ပါအတိုင်း သတင်းထုတ်ပြန်လိုက်သည်-

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန် / ပို့ကုန် လုပ်ငန်းများကို ရုံးချုပ်၊ ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံ၊ စက်လှေဆိပ်ကမ်းများတွင် ၂၀၁၅ ခုနှစ် ဧပြီလ ၁၁ ရက်၊ ၁၂ ရက်၊ ၂၀ ရက်၊ ၂၁ ရက်များ၌ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၃ နာရီအထိ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လေကြောင်း Export လုပ်ငန်းအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ ငွေပေးသွင်းမှုအနေဖြင့် Payment Order ကိုသာ လက်ခံမည်ဖြစ်၍ Deposit ကို လုံလုံလောက်လောက် ပေးသွင်းထားရမည် ဖြစ်သည်။

၄။ သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည့် သတ်မှတ်ရက်များနှင့် အခြားရက်များတွင် အရေးကြီး တင်သွင်း/တင်ပို့လိုပါက အကောက်ခွန်ဦးစီးဌာနသို့ ၁၀-၄-၂၀၁၅ရက် နောက်ဆုံးထား၍ ဌာနဆိုင်ရာ/ကုမ္ပဏီ၏ Letter Head နှင့်အတူ အချိန်ပို လျှောက်ထားရမည် ဖြစ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဗိုလ်တေဇရပ်ကွက်နေ
ဗိုလ်ကြီးသန်းထွန်း(ဆေးလက်ထောက်-ငြိမ်း)-ဒေါ်စန်းစန်းဝင်းတို့၏သား၊
မသိမ့်သိမ့်ထွန်း (B.C.Sc)၏ အစ်ကို

**မောင်ချမ်းငြိမ်းထွန်း**

**B.E(Mechanical), B.Sc(Physic)**

**MEGA FIVE (Heavy Machinery Spare Part Sales And Service)**

**ဖားကန့်မြို့၊ ကချင်ပြည်နယ်**

**နှင့်**

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့၊ အမှတ်(၅)ရပ်ကွက်နေ
ဦးစိုးမောင်-ဒေါ်ညွန့်ညွန့်ဝေ(တွင်ခုံနှင့် ကမ္ဘာသစ်ဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး)
တို့၏ သမီး

**ဒေါက်တာသိမ့်သိမ့်အေး**

**Ph.D(IT), UCSM**

**လက်ထောက်ကထိက၊ သုတေသနနှင့် တီထွင်ဖွံ့ဖြိုးရေးဌာန**
**ကွန်ပျူတာတက္ကသိုလ်(မကွေး)**

တို့၏ ၃-၄-၂၀၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးခြင်းနှင့် မင်္ဂလာဩဝါဒဆုံးမစကားပြောကြားပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ၅-၄-၂၀၁၅ ရက်တွင် လယ်ပြင်တိုက်သစ်ကျောင်း၌ ကျင်းပပြုလုပ်သည့်မင်္ဂလာဦးဆွမ်းကပ်လှူခြင်း၊ ဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသူများအားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်ပြီးစီးအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ချမ်းငြိမ်းထွန်း-ဒေါက်တာသိမ့်သိမ့်အေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၂၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးသီဟငြိမ်းထိုက် ၈/တတက(နိုင်)၁၁၂၁၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၃၂၇ Yamaha Spark 135 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထိုက်ယဉ်ယဉ်အောင် ၁၀/မဒန(နိုင်)၁၆၅၆၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်း ညီအစ်ကိုများ၏ (၃၂)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ပြိုင်ပွဲမကစားသူများပါတက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၄-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ၀၆း၀၀ နာရီ
**နေရာ** - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ငြိမ်းချမ်းရေးဘောဂဗေဒ စီးပွားရေးဆိုင်ရာဟောပြောပွဲကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းကျောင်း၏ Business Talk အစီအစဉ်အရ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ၂၀၁၅ ခုနှစ် ဧပြီ ၈ ရက် (ဗုဒ္ဓဟူးနေ့) ၉း၃၀နာရီမှ ၁၁း၃၀ နာရီအထိ နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က ငြိမ်းချမ်းရေးဘောဂဗေဒ (Peace Economics) ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး၊ ပဉ္စမထပ်ရှိ ညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဖုန်း-၀၁-၂၅၀၈၇၁၊ ၃၇၁၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၈၆၈)၊ ဧရိယာ (၀ဒသမ၁၁၀)ဧက၊ ဦးခင်မောင်ကြည် အမည်ပေါက် နှစ် (၃၀)အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၈၉/၂၀၁၄ (၈-၄-၂၀၁၄)ဖြင့် ဦးခင်မောင်ကြည်၏အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်တင်မြတ်မူ ၈/ခမန(နိုင်)၀၂၅၅၄၃ (ဘ) ဦးလှကြီးမောင်မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၃၀၈)၊ ဧရိယာ (၀ဒသမ၁၁၀)ဧက၊ ဦးသူရကျော် အမည်ပေါက် နှစ် (၃၀)အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၄၅/၂၀၁၄ (၂၅-၆-၂၀၁၄)ဖြင့် ဦးသူရကျော်၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဦးဟန်စိုး ၁၃/လရန(နိုင်)၀၂၈၄၀၈(ဘ) ဦးစောမောင်မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လူပျောက်ကြော်ငြာ

မောက်ဆက်ကောင်းစံ အသက် (၁၅) နှစ်၊ (ဘ) ဦးမြစိုး၏သားသည် ၃၀-၃-၂၀၁၅ ရက် ညနေ ၃း၀၀ နာရီခန့်တွင် အမှတ် (၁၈/၁၂)၊ သစ္စာ (၂) လိုင်း၊ ဗိုလ်တထောင်၊ သံလျက်စွန်းရေတပ်ဝင်းမှ ထွက်သွားပြီး ပြန်မလာဘဲပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန် - ဦးမြစိုး (တပ်ခွဲတပ်ကြပ်ကြီး)
အမှတ် (၁၈/၁၂)၊ သစ္စာ (၂) လိုင်း၊ ဗိုလ်တထောင်၊
သံလျက်စွန်းရေတပ်ဝင်း၊
ဖုန်း - ၀၉ ၇၃၀၇၁၃၅၉၊ ၀၉ ၇၉၅၃၃၀၀၁၃ ၁၀ ၉၅၀၅၆၇၀၉။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၅၄၆၃ Yunxiong Click 125 MC ယာဉ် လက်ဝယ်ရှိသူ ဒေါ်မေမိုးစံ ၁၃/ကခန(နိုင်)၀၈၇၃၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၇၆၆၃ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇေယျာအောင် ၅/ငဇန(နိုင်)၀၆၈၇၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကျော်ငြာ

## ဒုတိယဗိုလ်မှူးကြီးသိန်းနိုင် (ငြိမ်း)
ကြည်း-၁၈၂၄၈၊ DSA- 25
အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ အမှတ် ၇/၇၃နေ (အရာခံဗိုလ် ချစ်သောင်း - ဒေါ်ခင်မှီ)တို့၏သား၊ (အရာခံဗိုလ် သန်းတင်)-ဒေါ်စိန်မြိုင်တို့၏သားသမက်၊ ဒေါ်တင်တင်နွယ်၏ခင်ပွန်း၊ မောင်ရဲနိုင်-မချစ်ငြိမ်းစု၊ မချစ်ပိုးဦ၊ မောင်ရဲဘုန်းအောင်တို့၏ဖခင်သည် ၄-၄-၂၀၁၅ရက် နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၅ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ဇရပ်ကွင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးခင်ဇော်(ခ)ဦးဇော်ကြီး အသက်(၅၇)နှစ် မန်နေဂျင်းဒါရိုက်တာ ကောင်းကင်စံကုမ္ပဏီလီမိတက်၊ ဒါရိုက်တာ အမရပူရဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ၄-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MD ဒါရိုက်တာနှင့်ကုမ္ပဏီဝန်ထမ်းများ**
**အာကာမြင့်မိုရ်ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်စံ
**Managing Director**
အသက်(၄၈)နှစ်

New Ever Light Co., Ltd. မှ Managing Director ဦးကျော်စံသည် ၄-၄-၂၀၁၅ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ**
**နယူးအဲဗားလိုက်ကုမ္ပဏီလီမိတက်**

## အပူဒဏ်ကြောင့် ငါးသေဆုံးမှု နှိုးဆော်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေ့လျှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်၊
ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊
ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်၊
ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်၊
အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊
ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅ -၄၀) စင်တီမီတာအတွင်း ရှိနေစေရန်၊ (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည် ဖြစ်ပါသည်။)
ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးမွေးရန်၊
အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊
မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရံကန်များ ထားရှိရန်၊
ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီးရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊
ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်ပိုင်း (၆ နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊
ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး
## ဒေါ်ခင်မြမြ (ဂန္ဓမာလာမိသားစု)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ် ၁၁/ဘီ၊ ပထမထပ်(ဝဲ)နေ (သမာဓိမြို့ဝန်မင်း ဦးဖိုးလှိုင်-ဒေါ်မွေးအုံး)တို့၏သမီး၊ ဒေါ်ခင်အေး၏ညီမ၊ ဦးခင်လတ်၏အစ်မသည် ၄-၄-၂၀၁၅ရက် (စနေနေ့) ည ၈း၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းကြည်
(ဒါးက/ပုဂံစု)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်ဝင်း၊ ပဲခူးဆောင်နေ (ဦးအောင်မြ)၏ဇနီး၊ ဒေါက်တာအောင်ကျော်မင်း(တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာစန္ဒာလှိုင် (ပါမောက္ခ၊ ရက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)တို့၏မိခင်၊ မောင်သူရအောင်၊ မောင်ဟိဏ်းထွဋ်စိုး၊ မောင်စည်ဇာအောင်တို့၏အဘွားသည် ၄-၄-၂၀၁၅ရက်(စနေနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၅ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်တက္ကသိုလ်၊ ပဲခူးဆောင်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၅ရက်(သောကြာနေ့)တွင် ရန်ကုန်တက္ကသိုလ်၊ ပဲခူးဆောင်အဆောင်မှူးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်အေး (ကဝမြို့)
အသက်(၈၁)နှစ်

သူငယ်ချင်း 87 EP အင်းစိန် G.T.I ကျောင်းသားဟောင်း ကိုညွန့်လွင် (Euro Parts ဘုရင့်နောင်)၏ချစ်လှစွာသောမိခင် ဒေါ်တင်အေးသည် ၃-၄-၂၀၁၅ရက်တွင် ကဝမြို့နယ် ကံပေါ်ကျေးရွာ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်းစိန် G.T.I လူမှုကူညီရေးအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းလေး (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒ၊ ငြိမ်း)
အသက်(၇၉)နှစ်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်နေ(ဦးထွန်းရွှေ-ဒေါ်တင်တင်)တို့၏သမီး၊ ဆရာကြီး ဦးမြင့်စိန်(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒ၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်စံ၊ (ဦးညွန့်လွင်-ဒေါ်ခင်တီ)တို့၏ညီမ၊ ဦးထွန်းမြတ်မောင်-ဒေါ်နွယ်နီဦးတို့၏မိခင်၊ မနွေမြတ်နွယ်၊ မခိုင်ဖူးငုံတို့၏အဘွားသည် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မော်လမြိုင်တက္ကသိုလ်(အငြိမ်းစား)၊ အနားယူဆရာများအဖွဲ့**

## ဗိုလ်မှူးကြီးစိုးအောင်
အသက်(၅၀)
## မောင်ဝေဖြိုးအောင်
အသက်(၁၆)နှစ်

တပ်ကုန်းမြို့နေ (ဦးအောင်သိန်း-ဒေါ်သောင်းတင်)တို့၏သား၊ ပဲခူးမြို့၊ မော်ကန် ၃လမ်း၊ အမှတ် ၆၄၀နေ ဦးသန်းထွန်း-ဒေါ်ကြည်ကြည်လွင်တို့၏သားသမက်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ ဦးကျော်မြင့်-ဒေါ်သန်းငွေ၊ အရာခံဗိုလ်ကျော်ဝင်း-ဒေါ်အေးမိစံ၊ ဒေါ်ကြည်သန်း၊ ဦးစိုးတင့်-ဒေါ်ခင်ဝင်းကြည်၊ ဦးမြင့်ခိုင်-ဒေါ်သီတာအေး(အထက-၁၊ တပ်ကုန်း)၊ ပဲခူးမြို့၊ မော်ကန်ရပ်ကွက်နေ ဦးရဲမြင့်လွင်(အထက-၃၊ ပဲခူး)-ဒေါ်ငွေငွေကြွယ်၊ ဦးတိုးလွင်-ဒေါ်အေးအေးကြွယ်(အထက-၃၊ ပဲခူး)၊ ဦးအောင်အောင်မိုး-ဒေါ်ခင်မာလာ၊ ဦးအောင်အောင်မျိုး-ဒေါ်တင်တင်ဦးတို့၏အစ်ကို/ညီ/မောင်/တူ၊ ဒေါ်ဥမ္မာထွဋ်၏ချစ်လှစွာသော ခင်ပွန်း/သား၊ မောင်သုတစိုး-မသက်ထားစိုးတို့၏ဖခင်/အစ်ကိုတို့သည် ၂-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၅ရက်တွင် ထားဝယ်မြို့ ဇယာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ပဲခူးမြို့၊ မော်ကန် ၃လမ်း၊ အမှတ် ၆၄၀ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစုတစ်စု

## ဒေါ်လှလှဝေ (မြိတ်မြို့)
အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ်(၄၁/စီ)နေ(ဦးမောင်ညွန့်-ဒေါ်ကြင်လုံ)တို့၏သမီး၊ (ဦးမြခင်)၏ဇနီး၊ ကိုစိုးရခင်၊ ကိုဘိုမဲ-မသီရိခင်၊ ကိုမိုးမျိုးသူ-မရီရီခင်၊ မချယ်ရီခင်၊ မဆုဆုခင်တို့၏မိခင်သည် ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အလုံမြို့နယ် နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်ကျင်ငွေး
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ် ၄၂၄နေ ဦးသိန်းဟံ၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးသက်ဇော် - ဒေါ်အိမွန်မွန်ရှိန်၊ ဦးထက်ဇော်၊ ဗိုလ်မှူးသောင်းထိုက်စိုး-ဗိုလ်ကြီးလဲ့လဲ့ဝင်း၊ ဦးကျော်ကျော်သက်-ဒေါ်အိအိခိုင်တို့၏ မိခင်သည် ၄-၄-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၅တွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း
(ချောက်မြို့)
အသက်(၈၁)နှစ်

ချောက်မြို့လမ်းမတော်နေ(ဦးရှိန်-ဆရာမကြီး ဒေါ်မုန်း)တို့၏ သမီးကြီး၊ (ဦးမြင့်လှ-ဒေါ်ခင်သန်းဆွေ)၊ (ဦးအေးကို)-ဒေါ်သန်းသန်းဝင်း၊ဦးဝင်းမောင်-(ဒေါ်ခင်သန်းဝင်း)၊ (ဦးဝင်းမောင်)-ဒေါ်သန်းသန်းနွယ်၊ ဦးသန်းစိန်-ဒေါ်တင်တင်ထွေး၊ ဦးအုံးသိန်း-ဒေါ်ချိုချိုမြင့်၊ ဦးသန်းအေး-ဒေါ်အေးသီတာရှိန်တို့၏အစ်မကြီး၊ တူ၊ တူမ ၂၂ယောက်တို့၏အဒေါ်ကြီးသည် ၄-၄-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ပြင်ဦးလွင်မြို့ စမိုင်သုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ပြင်ဦးလွင်မြို့၊ မြို့ပတ်လမ်း၊ အော်တိုအိတ်ချိန်းရုံး၊ တူမ ဒေါ်ဝါဝါဝင်းရှိန်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်ထွေး (ရမည်းသင်း)
အောင်သပြေ(ရုပ်ရှင်ရုံနှင့်စတိုး)
အသက်(၇၈)နှစ်

ရမည်းသင်းမြို့၊ ဝါတိုးအနောက်ရပ်နေ(ဦးမောင်ငယ်)၏ဇနီး၊ ဦးကိုကို-ဒေါ်နီနီ၊ ဦးမောင်မောင်လတ်-ဒေါ်ဝါဝါ၊ ဦးမောင်မောင်-ဒေါ်မြမြသန်း၊ ဦးစိုးမြင့်-ဒေါ်နီနီဝင်း၊ ဒေါ်စန္ဒာအေး၊ (ဒေါ်ခင်ချိုသက်)၊ ဦးညီညီ-ဒေါ်ထက်ထက်ဝင်းတို့၏မိခင်၊မြေး ၁၆ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၅-၄-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရမည်းသင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
## ဒေါ်မြင့်မြင့်ကြည်
သဒ္ဓမ္မရံသီရိပ်သာယောဂီ
M.P.F(B.P.I) ဌာနမှူး(ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၃၆၊ အောင်မင်္ဂလာ ၁လမ်းနေ (ဦးထွန်းခ-ဒေါ်စိန်နု)တို့၏သမီး၊ ဦးတင်ညွန့်-(ဒေါ်ခင်ကြူ)၊ (ဦးကိုဦး) - ဒေါ်သိန်းလှတို့၏ ညီမ၊ (ဦးမောင်ထွဋ်) - ဒေါ်ခင်ဇော်ဝင်းတို့၏ အစ်မ၊ တူ၊ တူမ ၁၁ယောက်တို့၏ အဒေါ်သည် ၄-၄-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၂၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (၄/၁၂၅၊ အောင်မင်္ဂလာ ၃လမ်း နေအိမ်မှကားများမွန်းလွဲ၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာညွန့်ညွန့်သီ
(ရေးမြို့)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၁၀ (မြေညီထပ်)နေ ဦးအောင်သက်၏ဇနီး၊ မမြတ်သက်မွန်(Pharmacist,ဝယ်ယူရေးဌာနစိတ်၊ ဗဟိုဆေးသိုလှောင်ရေးဌာန၊ ရန်ကုန်မြို့)၏မိခင်၊ ဦးတင်မောင်စိန်-ဒေါ်ခင်မြတ်လင်း၊ ဦးယဉ်မောင်စိန်-ဒေါ်မြင့်မြင့်အေး၊ဒေါ်ညွန့်ညွန့်စိန်၊ဒေါ်ခင်ခင်စိန်၊ ဦးခမောင်စိန်-ဒေါက်တာစန်းစန်းကြူတို့၏ညီမ၊ ဒေါ်ခင်ခင်စု-ဦးဇော်ဝင်း၊ ဒေါ်ယဉ်ယဉ်စိန်၊ ဦးတင်မောင်အေး - (ဒေါက်တာမာလာနေဝင်း)၊ ဒေါ်ချိုချိုမာ-ဦးအောင်ကျော်ထူးတို့၏အစ်မသည် ၄-၄-၂၀၁၅ရက် (စနေနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တခေမိန္ဒသာမိ (ကန့်ဘလူ)
နိုင်ငံတော်သံဃာ့မဟာနာယက အကျိုးတော်ဆောင်၊
ခြောက်ထပ်ကြီးဘုရားကြီးတိုက်
နာယကအဖွဲ့ဝင်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမိက နိကာယဂဏဝါစက၊
ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ဩဝါဒါစရိယ၊
ဝေနေယျာသုခရေချမ်းစင်အသင်းကြီး၏ဩဝါဒါစရိယ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
သာသနဓဇသိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ
သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် နာယကအဖွဲ့ဝင် သဒ္ဓမ္မဇောတိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ ဆရာတော်ကြီးသည် (၁၃၇၆ခုနှစ် တန်းခူးလဆန်း ၁၃ရက်) ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) ၇-၄-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီး အာရုံခံတန်ဆောင်းအတွင်း၌ ပင့်သံဃာအရှင်သူမြတ်အပါး ၁၅၀ အား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေခြင်းနှင့် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန အခမ်းအနားဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ဈာပနကျင်းပရေးကော်မတီ

## ဦးအောင်ချိန်
**B.A., BL., LL.B**
**(University of London)**
ညွှန်ကြားရေးမှူး(ငြိမ်း)၊ (အလုပ်သမားဥပဒေဌာန)
အလုပ်သမားဦးစီးဌာန
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ Rose Garden၊ အမှတ် ၂၅နေ (ဦးတင်ကြူ-ဒေါ်စုံလင်)တို့၏သားကြီး၊ ဦးကျော်ညွန့်(ဗဟိုတရားရုံးချုပ်ရှေ့နေ)-ဒေါက်တာဒေါ်လှမြင့်(မြင်းခြံ)၊ ဦးကျော်မြင့်(ညွှန်မှူး၊ သစ်တော၊ ငြိမ်း)-ဒေါ်ခင်ရှုယဉ်တို့၏အစ်ကိုကြီး၊ ဦးထင်လင်း(လေယာဉ်မှူးကြီး၊ မြန်မာ့အမျိုးသားလေကြောင်း)-ဒေါ်ကြူကြူ၊ ဒေါက်တာဇော်ဝင့်-ဒေါက်တာဝေဝေ(ခေတ္တ-ဘရူနိုင်း)၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော-ဒေါ်စမ်းစမ်းအေး၊ ဦးအောင်သန်း-ဒေါက်တာစိမ်းလဲ့ညွန့်(မြင်းခြံ)၊ ဦးမင်းကြည်(ဦးစီးအရာရှိ၊အထူးစုံစမ်းစစ်ဆေးရေး)-ဒေါ်အိကေခိုင်တို့၏ဦးကြီးသည် ၄-၄-၂၀၁၅ရက်(စနေနေ့)နံနက် ၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၅ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးအောင်သိုက်(ငြိမ်း) (ကြည်း-၁၃၅၄၂)
မော်ကွန်းဝင် ဒုတိယဆင့်
အသက်(၈၇)နှစ်

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ အမှတ် ၁၈၃၁၊ ၄/၅လမ်းနေ (ဒေါ်တင်တင်မြင့်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသိန်းဟန်-(ဒေါ်မြင့်မြင့်မာ)၊ မကွေးမြို့နေ (ဗိုလ်မှူးမြင့်ဦး)-ဒေါ်ညွန့်ညွန့်သိုက်၊ ပခုက္ကူမြို့နေ ဦးဝင်းနိုင်-ဒေါ်ကြည်ကြည်သိုက်(အလပြ၊ အထက-၅၊ ပခုက္ကူ)၊ ဦးဝင်းကို-(ဒေါ်စန်းစန်းမူ)၊ ရန်ကုန်မြို့နေ ဦးအောင်ထူးမြိုင်-ဒေါ်မြတ်မြတ်မော်၊ ဒေါ်နုနုအောင်(အထပြ၊ အထက-၅၊ ပြည်)၊ ဒေါ်ခိုင်မာလာအောင်(လ/ထ ကထိက၊ သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ဦးမျိုးဇေယျာအောင် (သမိုင်းဌာန၊ မကွေးတက္ကသိုလ်)-ဒေါ်မွန်ရည်ထွေးတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၄-၄-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၄-၂၀၁၅ ရက်တွင် အေးငြိမ်းရာသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်စံ
(မန်နေဂျင်းဒါရိုက်တာ)
အသက်(၄၈)နှစ်

နယူးအဲဗားလိုက်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စံသည် ၄-၄-၂၀၁၅ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်မန်နေဂျာ**
**နယူးအဲဗားလိုက်ကုမ္ပဏီဝန်ထမ်းများ**

## ဦးတင့်လွင် B.Sc (Math)
ဦးစီးအရာရှိ(စုံစမ်းရေး)
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ဒုရဲအုပ်လောင်းအပတ်စဉ်(၁၇)
အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သုမနလမ်း၊ အမှတ် ၂၁၄နေ (ဦးကျော်ရှိန် - ဒေါ်တင်ရီ)တို့၏သား၊ (ဦးသန်းငွေ-ဒေါ်တင်ငွေ)တို့၏သားသမက်၊ ဒေါ်ခင်ပြုံး၊ ဦးစိုးမြင့်သောင်း-ဒေါ်ခင်ခင်လှဲ့တို့၏မောင်၊ ဒေါ်ကြည်ကြည်လွင်၊ ဦးကျော်ဆန်း-ဒေါ်အေးအေးမြင့်၊ ဦးကျော်မင်း-ဒေါ်ဇင်မာသန်းတို့၏အစ်ကို၊ ပုဇွန်တောင်မြို့နယ်၊ (၆) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၃၁နေ ဒေါ်သန်းသန်းဦး(ဘရေငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမြတ်ဖုန်း (တတိယနှစ်၊ YTU)၊ မထူးတင့်နန္ဒာ (Grade-XI၊ အထက-၄၊ပုဇွန်တောင်)တို့၏ဖခင်၊ တူ၊ တူမ လေးယောက်တို့၏ဘကြီးသည် ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(သာကေတမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ
အထက်တန်းပြဆရာမ(ငြိမ်း)
အထက(၄)တာမွေ
အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၆၅ (ငါးလွှာ)နေ (ဦးသိန်းအောင် - ဒေါ်တင်တင်)တို့၏သမီး၊ (ဦးထိန်ဝင်း၊ လက်ပံတန်းမြို့)၏ဇနီး၊ ဦးအောင်သူရ-ဒေါ်နော်ထူးဖော၊ ဒေါ်စန်းသီတာ(ဓာတု)၊ ဦးသက်ထူး-ဒေါ်ဝင့်ရည်မွန်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါက်တာနေလင်းထွေး-ဒေါက်တာသီရိအောင်၊ မသဲအိစံ၊ မောင်အောင်ပြည့်တို့၏ ဘွားဘွားကြီး၊ (ဦးဝင်းမောင်) - ဒေါ်ထားထားတို့၏ညီမ၊ (ဦးဟန်တင်) - ဒေါ်အေးတင့်၊ ဦးတင်သိန်း-ဒေါ်လေးချို၊ (ဦးညွန့်မောင်)-ဒေါ်ဝင်းဝင်းတင်၊ ဦးကြည်လင်-ဒေါ်တင်တင်ထွေးတို့၏ အစ်မကြီးသည် ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကန်တော်ကလေး နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဆင်ဖြူတော်ရတနာ ရန်ကုန်မြို့ လှော်ကားဥယျာဉ်မှတစ်ဆင့် နေပြည်တော်သို့ဆက်လက်သယ်ဆောင်

သတင်း-ဇော်မင်းလတ်
ဓာတ်ပုံ-ထင်ကျော်အောင်




**ရန်ကုန် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကြီးဝိုင်း အကွက်အမှတ်(၈) သစ်ပုတ်ချောင်းဖျားမှ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ထပ်မံပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော်ရတနာကို ရရှိခဲ့သည့်နေ့မှစ၍ ရေသိုးမှိန်းသင်ဆင်စခန်း၌ ပုခက်သွင်းလေ့ကျင့်ခဲ့ရာ အချိန်တိုအတွင်း လိမ္မာယဉ်ကျေးလာခဲ့သည်။

ဆင်ဖြူတော်ရတနာကို ရေသိုးမှိန်းသင်ဆင်စခန်းမှ မေ ၃ ရက်တွင် မော်တော်ယာဉ်များဖြင့်သယ်ဆောင်လာခဲ့ရာ မေ ၄ ရက်ညနေပိုင်းက ရန်ကုန်မြို့ လှော်ကားဥယျာဉ်သို့ ရောက်ခဲ့ပြီး မေ ၅ ရက် နံနက် ၅ နာရီတွင် လှော်ကားဥယျာဉ်မှ ဖိုးကျားဆင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်သယ်ဆောင်သည်။

ဆင်ဖြူတော်ရတနာကို နေပြည်တော်သို့ ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီးမှ သယ်ဆောင်သွားမည်ဖြစ်ရာ မိုင်တိုင်အမှတ်(၈၃)ရှိ မြို့ချောင်း၌ *စာမျက်နှာ ၇ ကော်လံ ၆* ✻

---

**ယနေ့ မာတိကာ**


တူရကီတွင် ပီနာဘာချီဘောလုံးအသင်း တိုက်ခိုက်ခံရ — စာမျက်နှာ-၄

မူဒုံမြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုအား ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုပြုလုပ် — စာမျက်နှာ-၉

ကျွန်ုပ်တို့၏ သကြံန် — စာမျက်နှာ-၁၀

ရန်ကုန်မြို့၌ ခုံးကျော်တံတားသုံးခု တည်ဆောက်မည် — စာမျက်နှာ-၁၄


---

# ရီးရဲတို့ အိမ်ကွင်း၌ ဂရန်နာဒါကို ဂိုးမိုးရွာ

သီဟ-ရေးသည်



**မက်ဒရစ် မေ ၅**

စပိန်လာလီဂါပွဲစဉ်(၂၉)တနင်္ဂနွေနေ့အစောဆုံးပွဲစဉ်ဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် ဂရန်နာဒါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ရီးရဲအသင်းက ကိုးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူခဲ့သည်။

စပိန်ကလပ်ထိပ်သီးအသင်း ရီးရဲမက်ဒရစ်သည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိပြီး ပွဲချိန် ၂၅ မိနစ်တွင် တိုနီခရူးစ်ဖန်တီးမှုဖြင့် ဂါရက်ဘေးလ် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပွဲချိန် ၃၀၊ ၃၆၊ ၃၈ မိနစ်တွင် စီရော်နယ်ဒိုက သွင်းယူပေးခဲ့ပြီး ပထမပိုင်းပြီးချိန်တွင် ရီးရဲအသင်း လေးဂိုးပြတ်ဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်းပွဲချိန် ၅၂ မိနစ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၏ ဖန်တီးမှုမှတစ်ဆင့် ဘင်ဇီမာက ရီးရဲအတွက် ငါးဂိုးမြောက်သွင်းယူခဲ့သည်။ ၅၄ မိနစ်တွင် စီရော်နယ်ဒိုက ရီးရဲအတွက် *စာမျက်နှာ ၇ ကော်လံ ၄* ●







မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS